# ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော ပြည်သူလူထုများအတွက် ငြိမ်းချမ်းမျှတ၍ သာယာဝပြောသော အနာဂတ် ပေါ်ထွန်းလာနိုင်ရေးကို ဦးတည်လျက်

## ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ

ADVISORY COMMISSION ON
**RAKHINE STATE**

၂၀၁၇ ခုနှစ်၊ ဩဂုတ်လ

အင်္ဂလိပ်ဘာသာဖြင့် ရေးသားဖော်ပြထားသော အစီရင်ခံစာကိုသာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ တင်သွင်းသော အပြီးသတ်အစီရင်ခံစာ၏ မူရင်းအဖြစ် သတ်မှတ်ပါသည်။

# မာတိကာ


ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဥက္ကဋ္ဌ၏ အမှာစာ ၇

နိဒါန်း ၁၂

၁။ အကြံပေး ကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ကော်မရှင်အနေဖြင့် ဆက်စပ်စဉ်းစားရသည့် အခြေအနေ ၁၈

(က) ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ လုပ်ပိုင်ခွင့်၊ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်များအား ပေါင်းစပ်ဖွဲ့စည်းထားသည့်ပုံစံ ၁၈

(ခ) အမည်နာမ ခေါ်ဝေါ်သုံးစွဲမှု ၁၉

(ဂ) အစီရင်ခံစာ၏ နယ်ပယ် ၁၉

(ဃ) ကော်မရှင်၏ လုပ်ငန်းများ စီမံဆောင်ရွက်မှု။ ။ ညှိနှိုင်း ဆွေးနွေးမှုဆိုင်ရာ လုပ်ငန်းစဉ် အကျဉ်းချုပ် ၂၁

(င) လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါ ကော်မရှင်အနေဖြင့် ဆက်စပ်စဉ်းစားရသည့် အခြေအနေ ၂၂

(စ) ကျေးဇူးတင်လွှာ ၂၈

၂။ နောက်ခံသမိုင်းကြောင်း ၃၀

၃။ အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များ ၃၄

ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု ၃၄

နိုင်ငံသားဖြစ်မှု ၄၇

၁။ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် ၄၈

၂။ ၁၉၈၂ နိုင်ငံသားဥပဒေ ၅၂

လွတ်လပ်စွာသွားလာခွင့် ၅၉

IDP ကိစ္စရပ်များ ၆၃

| | |
|---|---|
| လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးနိုင်မှု | ၆၈ |
| သတင်းယူခွင့် | ၇၀ |
| ပညာရေး | ၇၂ |
| ကျန်းမာရေး | ၇၆ |
| မူးယစ်ဆေးဝါးများ | ၈၁ |
| နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု | ၈၃ |
| လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး | ၉၀ |
| လုံခြုံရေးကဏ္ဍ | ၉၅ |
| တရားမျှတမှုရရှိရေး | ၁၀၀ |
| ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးမှု | ၁၀၃ |
| နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး | ၁၀၄ |
| ဒေသအတွင်းရှိ နိုင်ငံများနှင့် ဆက်ဆံရေး | ၁၀၈ |
| ကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု | ၁၀၉ |

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ဥက္ကဋ္ဌ၏ အမှာစာ

မြန်မာနိုင်ငံ၏ အနောက်ဘက်ပိုင်းတွင် တည်ရှိသည့် ရခိုင်ပြည်နယ်သည် ရှည်လျား၍ ဂုဏ်ယူထိုက်သည့် သမိုင်းကြောင်းနှင့် ကြီးကျယ်ခမ်းနားသည့် ယဉ်ကျေးမှုအစဉ်အလာများရှိသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။ ရခိုင်ပြည်နယ်သည် ရှေးယခင်က ကြီးပွားချမ်းသာသော ကုန်သွယ်ရေးအရ အချက်အချာကျသည့် အာရှတိုက်၏ အဓိကစပါးစိုက်ပျိုးထုတ်လုပ်ရာ ဒေသဖြစ်ခဲ့သော်လည်း ယခုအချိန်အခါတွင် မြန်မာနိုင်ငံအတွင်း အဆင်းရဲဆုံးပြည်နယ်များအနက် တစ်ခုဖြစ်နေပါသည်။ ထို့ပြင် ရခိုင်ပြည်နယ်သည် လူမျိုးရေးတင်းမာမှုနှင့် ပဋိပက္ခများကြီးစိုးရာဒေသ ဖြစ်နေရုံသာမက မြန်မာနိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတကာအသိုင်းအဝိုင်းတွင် ပြင်းထန်သည့် ငြင်းခုန်မှုများအရှိဆုံးနှင့် ဝေဖန်စောင့်ကြည့်အခံရဆုံး ဒေသတစ်ခုဖြစ်ပါသည်။

ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုနိုင်မည့် အလားအလာကောင်းများကို ပြည်နယ်အတွင်း နေထိုင်ကြသော ပြည်သူများ၏အကျိုးနှင့် လူမှုဖူလုံရေးတို့အတွက် ထိရောက်စွာ အသုံးပြုနိုင်ခြင်းမရှိသေးသည်ကို တွေ့ရပါသည်။

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပန်ကြားချက်အရ ကိုဖီအာနန် ဖောင်ဒေးရှင်းနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးတို့မှ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်သည် မြန်မာနိုင်ငံ၏ အရေးအတွက် မြန်မာနိုင်ငံသားများကို အဓိကအခြေခံ၍ဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ကော်မရှင်၏ အဓိကလုပ်ပိုင်ခွင့်နှင့် တာဝန်သည် ရခိုင်ပြည်နယ်အတွင်း ကြုံတွေ့နေရသော ရှုပ်ထွေးပွေလီသည့် စိန်ခေါ်မှုကြီးများကိုစိစစ်၍ ထိုစိန်ခေါ်မှုကြီးများကို စီမံခန့်ခွဲ၊ ဖြေရှင်းနိုင်မည့် အရေးယူဆောင်ရွက်သင့်သည့် အချက်များနှင့်ပတ်သက်၍ အကြံပြုချက်များကို ပေးရန်ဖြစ်ပါသည်။

လွန်ခဲ့သည့် (၁၂) လ ကာလအတွင်း ကျွန်တော်အပါအဝင် ကော်မရှင်အဖွဲ့ဝင်များ အားလုံးသည် နိုင်ငံအတွင်း နေရာအနှံ့အပြားသို့ သွားရောက်ကာ တွေ့ဆုံသင့်၊ တွေ့ဆုံထိုက်သူများနှင့်တွေ့ဆုံ

မေးမြန်းမှုများကို ကျယ်ပြန့်စွာပြုလုပ်ခဲ့ပါသည်။ ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံရေးခေါင်းဆောင်များ၊ အစိုးရအဖွဲ့ဝင်များ၊ နေပြည်တော်အခြေစိုက် အစိုးရဝန်ကြီးများနှင့် အရာရှိကြီးများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတကာနှင့် ဒေသအတွင်းမှ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့် အစိုးရများ၊ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ကော်မရှင်၏ အပြီးသတ် အစီရင်ခံစာတွင်ပါဝင်သည့် တင်ပြချက်များ၊ သဘောထားအမြင်များ၊ အလေးထားဆွေးနွေးရမည့် ကိစ္စရပ်များနှင့် အကြံပြုချက်များသည် အထက်တွင်ဖော်ပြခဲ့သည့် တွေ့ဆုံဆွေးနွေးမှုများမှရရှိသည့် အချက်အလက်များကို အခြေခံ၍ရေးသားထားခြင်း ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် တိုက်ခိုက်မှုသည် ကျွန်တော်တို့ တာဝန်ယူလုပ်ဆောင်ရသည့် လုပ်ငန်း၏ အရေးကြီးမှုကို ညွှန်ပြနေသကဲ့သို့ ကျွန်တော်တို့ လုပ်ငန်းစဉ်ကိုလည်း ပို၍ရှုပ်ထွေးလာစေခဲ့ပါသည်။ ထိုတိုက်ခိုက်မှုများနှင့် နောက်ဆက်တွဲ နယ်မြေရှင်းလင်းရေး လုပ်ဆောင်မှုများသည် တင်းမာမှု များကို ပို၍ကြီးထွားလာစေခဲ့သော်လည်း ထိုအခြေအနေများသည် ရခိုင်ပြည်နယ်၏ အနာဂတ် အလားအလာများကို အန္တရာယ်ပြု ပျက်စီးစေနိုင်သည့် မတည်မငြိမ်ဖြစ်မှုနှင့် လုံခြုံမှုမရှိခြင်းတို့ အတွက် ရေရှည်တည်တံ့ခိုင်မြဲသည့်အဖြေများကို ရှာသွားမည်ဆိုသည့် ကျွန်တော်တို့ကော်မရှင်မှ ချမှတ်ထားသည့် သန္နိဋ္ဌာန်ကို ပို၍ခိုင်မာစေခဲ့ပါသည်။

၂၀၁၇ ခုနှစ်၊ မတ်လတွင် ကော်မရှင်မှ ကြားဖြတ်အကြံပြုချက်များကို ထုတ်ပြန်ခဲ့ပါသည်။ ထိုအကြံပြု ချက်များအား အစိုးရမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကျွန်တော့်အနေဖြင့် ကြိုဆိုပါသည်။ သို့ရာတွင် ကော်မရှင်၏ ဤအပြီးသတ်အစီရင်ခံစာတွင် ရှင်းလင်းစွာ တင်ပြထား သည့်အတိုင်း ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ အမှန်တကယ် ရှိလာစေရန်အတွက် အချိန်ယူ၍ကြိုးစားလုပ်ဆောင်သွားရမည့် လုပ်ငန်းအကြောင်းကိစ္စများစွာ ကျန်ရှိနေပါသေးသည်။

ကော်မရှင် စတင်ဖွဲ့စည်းကြောင်း ကြေညာသည့်အခမ်းအနားတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ကျွန်တော်တို့ ကော်မရှင်အဖွဲ့ဝင်များအား အကြံပြုချက်များကို ရဲဝံ့စွာပေးကြရန် တိုက်တွန်း ခဲ့ပါသည်။ ထိုအကြံပြုတိုက်တွန်းချက်ကို ကျွန်တော်တို့ လေးနက်စွာ ခံယူခဲ့ပါသည်။ ကျွန်တော်တို့ သိရှိနားလည်ရန် လိုအပ်မည့်ကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောပြချက်များကို နားထောင်ခြင်းနှင့် သင်ယူခြင်း၊ ကျွန်တော်တို့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များကို ဘက်လိုက်မှုမရှိပဲ ဆောင်ရွက်ခြင်းနှင့် ကောင်းမွန်သော အနာဂတ်တစ်ခု ပေါ်ထွက်လာရေးကို အာရုံထား၍ လုပ်ဆောင်ခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

ဤအပြီးသတ်အစီရင်ခံစာနှင့် ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်များကို ရေရှည်တည်တံ့သည့် အဖြေများရှာဖွေရန် လိုအပ်သည်ဟူသည့် အခြေခံသဘောထားဖြင့် ချမှတ်အကောင်အထည်ဖော်သွားနိုင်လျှင် ဤအကြံပြုချက်များသည် ရခိုင်ပြည်နယ်အား ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကိုဦးတည်သည့် လမ်းကြောင်းပေါ်သို့ ပို့ဆောင်ပေးမည်ဟု ကျွန်တော့်အနေဖြင့် အလေးအနက်ယုံကြည်ပါသည်။ ဤအကြံပြုချက်များကို လိုအပ်သည့် စိစစ်ရေးကတ်များမရှိခြင်းနှင့် လွတ်လပ်စွာ ခရီးမသွားလာနိုင်ခြင်းတို့ကြောင့် မိမိကိုယ်ကို ကာကွယ်နိုင်စွမ်းမရှိဟု ခံစားနေရသူများအပါအဝင် ရခိုင်ပြည်နယ်အတွင်းနေထိုင်သော ပြည်သူများအားလုံး ကြုံတွေ့နေရသည့် အတိဒုက္ခများနှင့် မကျေနပ်မှုများကို ထည့်သွင်းစဉ်းစား၍ ရေးသားထားခြင်း ဖြစ်ပါသည်။ ကျွန်တော့်တို့အနေဖြင့် ဤအကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် အတားအဆီးများ ကြုံတွေ့ရမည်ကို လေးနက်စွာ နားလည်သဘောပေါက်ပါသည်။ အတိတ်သမိုင်းတွင် ဖြစ်ပွားခဲ့သည့် ပြဿနာများ၏ အရိပ်လွှမ်းမိုးမှုများ ဆက်၍ရှိနေပါသေးသည်။ သို့သော် ရခိုင်ပြည်နယ်ရှိ ပြည်သူများအနေဖြင့် မိမိတို့အတွက် ကောင်းမွန်သော အနာဂတ်ပေါ် ထွက်လာစေရန် လုပ်ဆောင်နိုင်မည့် အခွင့်အရေးများကို ထိရောက်စွာရယူသွားနိုင်ကြမည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။

ဤအပြီးသတ် အစီရင်ခံစာကို အစိုးရထံသို့ တင်သွင်းပြီးသည်နှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ တာဝန်ဝတ္တရားများ ပြီးဆုံးသွားပြီ ဖြစ်ပါသည်။ အစီရင်ခံစာများပါ အကြံပြုချက်များကို အကောင်အထည်ဖော်ဆောင်သွားရန်မှာ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ခေါင်းဆောင်များနှင့် အဖွဲ့အစည်းအသီးသီးတို့၏ တာဝန်ဖြစ်ပါသည်။ အထူးသဖြင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများ၊ ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်ရှိ လွှတ်တော်များ၊ ဘာသာရေးနှင့် လူ့အဖွဲ့အစည်းခေါင်းဆောင်များနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ၏ တာဝန်ဖြစ်ပါသည်။

ကျွန်တော်တို့အနေဖြင့် အစိုးရအား အကောင်အထည်ဖော်ဆောင်သည့် လုပ်ငန်းများကို လွယ်ကူချောမွေ့စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးနှင့် လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေကို စောင့်ကြည့်နိုင်ရန်အတွက် လိုအပ်သည့် နည်းလမ်းယန္တရားကို ဖော်ဆောင်သွားရန် အကြံပြုထားပါသည်။ ပြည်ထောင်စုအဆင့်မှ လမ်းညွှန်ချက်များနှင့် ပြည်နယ်အဆင့်ရှိ အစိုးရတာဝန်ရှိသူများနှင့် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုတို့သည်လည်း ကိုက်ညီမှုရှိရန် လိုအပ်ပါသည်။ ပြည်နယ်အဆင့်ရှိ အစိုးရတာဝန်ရှိသူများကို လုပ်ပိုင်ခွင့်များ လက်ဝယ်အပ်ခြင်းသည် အပြုသဘောဆောင်သည့် ပြောင်းလဲမှုရှိအောင် လုပ်ဆောင်ရမည့်တာဝန်နှင့် စွမ်းရည်များကို ၎င်းတို့အပေါ် အပ်နှင်းလိုက်ခြင်းပင်ဖြစ်ပါသည်။

ကော်မရှင်၏လုပ်ငန်းတာဝန်များ ပြီးဆုံးလာပြီဖြစ်၍ ကျွန်တော့်အနေဖြင့် ကော်မရှင်အဖွဲ့ဝင်များမှ ၎င်းတို့၏လုပ်ငန်းတာဝန်များကို တာဝန်သိစွာဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု

များအပေါ် အသိအမှတ်ပြုလိုပါသည်။ ကော်မရှင်အဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်အများစုသည် ရခိုင်ပြည်နယ်အတွင်း သက်ဆိုင်သူများနှင့် တွေ့ဆုံမှုများပြုလုပ်ခြင်း အပါအဝင် မြေပြင်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို လက်တွေ့ဝင်ရောက်လေ့လာပြီး နားလည်အောင် ဆောင်ရွက်ခြင်းများ ဖြစ်ပါသည်။ ကော်မရှင်၏ အကြံပြုချက်များကို စေတနာမှန်ဖြင့် လက်တွေ့ အကောင်အထည်ဖော်ကြရမည့် ခေါင်းဆောင်များ၊ အစိုးရအရာရှိများနှင့် လူ့အဖွဲ့အစည်းများသည် မိမိတို့၏တာဝန်များကို ကော်မရှင်အဖွဲ့ဝင်များ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့်ထပ်တူ အချိန်ပေး၍ ကြိုးစားမည်ဟု ကျွန်တော့်အနေဖြင့် ရိုးသားစွာမျှော်လင့်ပါသည်။

ကျွန်တော့်အနေဖြင့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ကော်မရှင်အား ဦးဆောင်၍ ဖွဲ့စည်းပေးခဲ့ခြင်းနှင့် လိုအပ်သည့်အချိန်တိုင်း တွေ့ဆုံဆွေးနွေးခွင့်ရရှိခဲ့ခြင်းအပေါ် အထူးပင်ကျေးဇူးတင် ကျေနပ်ရပါကြောင်း ပြောကြားလိုပါသည်။ ကော်မရှင်၏ အစီရင်ခံစာနှင့် အကြံပြုချက်များသည် အစိုးရအတွက် ရခိုင်ပြည်နယ်ရှိ ပြဿနာများ၏ အဖြေကိုရှာရန် အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။

ကျွန်တော့်အနေဖြင့် နိုင်ငံတော်အတိုင်ပင်ခံရုံးမှ ဝန်ကြီးဦးကျော်တင့်ဆွေနှင့် ဝန်ထမ်းများအား ကော်မရှင်၏အစီရင်ခံစာ အချိန်မီပြီးစီးရေးအတွက် ကော်မရှင်အဖွဲ့ဝင်များမှ လုပ်ဆောင်ရသည့် လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်စေရန် ပံ့ပိုးကူညီကြသည့်အတွက်လည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

ကျွန်တော် မြန်မာနိုင်ငံသို့လာရောက်သည့် ခရီးစဉ်တိုင်းတွင် သမ္မတကြီး ဦးထင်ကျော်မှ ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ ကော်မရှင်အတွက် တန်ဖိုးရှိသော အကြံဉာဏ်များကို ပေးခဲ့ပါသည်။ ထိုတန်ဖိုးရှိသော အကြံဉာဏ်များအတွက် သမ္မတကြီးအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

တပ်မတော်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များသည် ရခိုင်ပြည်နယ်အတွက် ကောင်းမွန်သော အနာဂတ်ကို တည်ဆောက်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ရမည်ဖြစ်ပါသည်။ ထို့အတွက်ကြောင့် ကျွန်တော့်အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တပ်မတော်မှ အခြားသောအရာရှိကြီးများနှင့် အကြိမ်ကြိမ်ဆွေးနွေးတိုင်ပင်မှု ပြုလုပ်ခဲ့ပါသည်။ ကျွန်တော့်အနေဖြင့် တွေ့ဆုံဆွေးနွေး တိုင်ပင်ခွင့်ပြုပေးခဲ့သော တပ်မတော် အရာရှိကြီးများကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ ထိုတပ်မတော်အရာရှိကြီးများ အားလည်း ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော ပြည်သူများအားလုံး ကောင်းကျိုးချမ်းသာမှု ရရှိစေရန်အတွက် သက်ဆိုင်ရာအစိုးရဌာနများနှင့် အပြုသဘောဆောင်၍ သဟဇာတဖြစ်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် တိုက်တွန်းအပ်ပါသည်။

ကျွန်တော်တို့အနေဖြင့် ရန်ကုန်မြို့တွင် ကော်မရှင်အားအကူအညီပြုရန် အထောက်အကူပြုအဖွဲ့ငယ်တစ်ဖွဲ့အား ဖွဲ့စည်းခဲ့ပါသည်။ ထိုအဖွဲ့၏ အဖွဲ့ဝင်များဖြစ်ကြသော Andreas Indregard နှင့် ဝန်ထမ်းများအား လွန်ခဲ့သည့် (၁၂) လအတွင်း ကော်မရှင်အား အားကြိုးမာန်တက် အထောက်အပံ့ပြုခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ပါသည်။

နိုင်ငံတကာအသိုင်းအဝိုင်းမှ ကော်မရှင်အား ရင်းနှီးပွင့်လင်းစွာဖြင့် အကြံပြုကူညီခဲ့ကြသူ အများအပြားရှိသဖြင့် ထိုသူများကို တစ်ဦးချင်းဖော်ပြရန် မတတ်သာပါ။ ထို့ကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ လုပ်ဖော်ကိုင်ဖက်များအား ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ ကော်မရှင်အား ၎င်းတို့၏အမြင်နှင့် နားလည်ထားမှုများအား မျှဝေပေးခဲ့သည်ကို မှတ်တမ်းတင်အပ်ကြောင်း ပြောကြားလိုပါသည်။

ကျွန်တော့်အနေနှင့် ကျေးဇူးတင်ရမည့်အဓိကအဖွဲ့မှာ ကော်မရှင်အား အပြုသဘောဖြင့်ဆွေးနွေး ပြောဆိုခဲ့ကြသည့် ရခိုင်ပြည်နယ်မှ ပြည်သူများပင် ဖြစ်ပါသည်။ တဖန်ဆိုရလျှင် ဤအစီရင်ခံစာသည် ရခိုင်ပြည်သူတို့၏ အစီရင်ခံစာဖြစ်ပါသည်။ ရခိုင်ပြည်သူများသည် ဤအစီရင်ခံစာပါ အကြံပြုချက်များ၏အကျိုးကို အဓိကခံစားရမည့်သူများပင် ဖြစ်ပါသည်။ အတိတ်မှ နာကျင်ဖွယ်ကောင်းသည့် အမွေဆိုးများကြောင့် ဖြစ်ပေါ်လာသော အတားအဆီးများကိုကျော်လွှား၍ ကောင်းမွန်တက်ကြွပြီး အပြုသဘောဆောင်သည့် အနာဂတ်ရခိုင်ပြည်နယ်၏ လူ့ဘောင်အဖွဲ့အစည်းပေါ်ပေါက်လာရန် လိုအပ်သည့်ပြောင်းလဲမှု ရှိလာစေရေးအတွက် ရခိုင်ပြည်နယ်ရှိ ပြည်သူများအနေဖြင့် အစိုးရနှင့် ပူးပေါင်းကာ လိုအပ်သည်များကို ဆောင်ရွက်သွားရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကိုဖီ အေ အာနန်**

**ဥက္ကဋ္ဌ**

**ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်**

**၂၀၁၇ ခုနှစ်၊ ဩဂုတ်လ**

# နိဒါန်း

ရခိုင်ပြည်နယ်သည် ရှည်လျား၍ ဂုဏ်ယူဝင့်ကြွားဖွယ်ကောင်းသော သမိုင်းကြောင်းရှိသည့် ပြည်နယ်တစ်ခု ဖြစ်ပါသည်။ ယခုအစီရင်ခံစာသည် ရခိုင်ပြည်နယ်၏အနာဂတ်အတွက် အဓိက မျှော်မှန်းရေးသားထားခြင်းဖြစ်ပြီး ၎င်း၏ ကြွယ်ဝများပြားသော်လည်း အကျိုးရှိစွာ အသုံးပြုနိုင်မှု နည်းပါးနေသေးသည့် အလားအလာကောင်းများကို ရခိုင်ပြည်နယ်အနေဖြင့် အကောင်းဆုံး အသုံးပြုနိုင်အောင် မည်သို့ကြိုးပမ်းဆောင်ရွက်သွားသင့်သည်ဆိုသည့် အကြောင်းအရာများကို လေ့လာဖော်ပြထားခြင်း ဖြစ်ပါသည်။ ရခိုင်ပြည်နယ်သည် ကောင်းမွန်သော မြေဆီမြေသြဇာ အလျှံအပယ်ရှိသော သဘာဝသယံဇာတများနှင့် ဒေသအတွင်း ကုန်သွယ်မှုအတွက် မဟာဗျူဟာ မြောက်သော အချက်အချာကျသည့်နေရာကို ပိုင်ဆိုင်ထားပါသည်။ သို့ရာတွင် ယနေ့အချိန်အခါ၌ ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုနိမ့်ကျခြင်း၊ လူ့အဖွဲ့အစည်းနှစ်ရပ်အကြား၌ ပဋိပက္ခဖြစ်ပွားနေခြင်းနှင့် ဗဟိုအစိုးရအပေါ် မကျေနပ်မှုများ ကာလရှည်ကြာစွာ ဖြစ်တည်နေခြင်းစသည့် အခြေအနေဆိုးများ၏ ဒဏ်ကို ရောပြွမ်းခံစားနေရပါသည်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်အနေဖြင့် ပြည်နယ်အတွင်းရှိ ရှုပ်ထွေးနေသောပြဿနာရပ်များကို နားလည်ထားသကဲ့သို့ အဆိုပါစိန်ခေါ်မှုများကို လွယ်ကူလျင်မြန်စွာ ဖြေရှင်းနိုင်မည့် နည်းလမ်းများမရှိသည့် အခြေအနေကိုလည်း သတိချပ်မိ ပါသည်။ သို့ရာတွင် အဆိုပါစိန်ခေါ်မှုများကိုဖြေရှင်းနိုင်ပြီး ရှေ့ဆက်သွားနိုင်မည့်လမ်းကြောင်းတစ်ခုကို ရှာဖွေနိုင်ရေးသည် လက်ရှိအချိန်အခါတွင် အရေးတကြီး လိုအပ်နေပြီဖြစ်ပါသည်။ လက်ရှိဖြစ်ပေါ် နေသော အခြေအနေများအတိုင်း ရှေ့ဆက်သွားရန်မှာ မဖြစ်နိုင်ပါ။

တစ်ဖက်မှကြည့်မည်ဆိုပါက ရခိုင်ပြည်နယ်သည် **ဖွံ့ဖြိုးမှုဆိုင်ရာ အကျပ်အတည်း (Development Crisis)** ကို ရင်ဆိုင်နေရပါသည်။ ပြည်နယ်အတွင်းရှိ လူမှုအသိုင်းအဝိုင်း အားလုံးအနေဖြင့် ကာလရှည်ကြာစွာ ဖြစ်တည်နေသော ဆင်းရဲနွမ်းပါးမှု၏ဒဏ်ကို ခံစားနေကြရပြီး တစ်နိုင်ငံလုံး အတိုင်းအတာနှင့် နှိုင်းယှဉ်ပါက ပြည်နယ်အတွင်းရှိ နေရာဒေသအားလုံးနီးပါးသည် ကဏ္ဍ အသီးသီး၌ နောက်ကျကျန်နေခဲ့ပါသည်။ ကာလရှည်ကြာစွာဖြစ်ပေါ် နေသော ပဋိပက္ခ၊ ခိုင်မာမှု မရှိသော မြေယာပိုင်ဆိုင်လုပ်ပိုင်ခွင့်နှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်မည့် အခွင့်အလမ်းကင်းမဲ့မှု များသည် ပြည်နယ်၏ ပြင်ပနေရာဒေသများသို့ ရွှေ့ပြောင်းသွားသည့်ပမာဏကို မြင့်မားစေခြင်း၊

ပြည်နယ်အတွင်း လုပ်သားအင်အား လျော့နည်းသွားစေခြင်းနှင့် ဖွံ့ဖြိုးမှုနှင့် စီးပွားရေးတိုးတက်မှု အလားအလာကောင်းများကို လျော့ပါးသွားစေခြင်းစသည့် ရလဒ်များကို ဖြစ်ပေါ်လာစေပါသည်။ မွတ်ဆလင်များ၏ ခရီးသွားလာမှုအပေါ် ကန့်သတ်ချက်များ ထားရှိထားခြင်းကလည်း ပြည်နယ်၏စီးပွားရေးကို ထိခိုက်နစ်နာစေပါသည်။ နှစ်ဖက်လူ့အဖွဲ့အစည်းအကြား ဆက်ဆံရေး တိုးတက်လာစေရန် ဆောင်ရွက်မှုမပြုနိုင်ခြင်း၊ မွတ်ဆလင်လူ့အဖွဲ့အစည်းအား သီးသန့်ခွဲထားခြင်းနှင့် အကြမ်းဖက်မှုနှင့် မတည်ငြိမ်မှုများ ဖြစ်ပေါ်လာစေရန် တအုံနွေးနွေး ခြိမ်းခြောက်မှုရှိနေခြင်းတို့သည် ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှုကို အဟန့်အတားဖြစ်စေပါသည်။ ရခိုင်ပြည်နယ်သည် သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသော်လည်း ကျောက်ဖြူမြို့နယ်တွင် လုပ်ကိုင်လျက်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူမှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကဲ့သို့သော လုပ်ငန်းများ၏ ဖွံ့ဖြိုးမှုသည် ဒေသအတွင်း မှီတင်းနေထိုင်နေကြသော ဒေသခံများအတွက် သိသာမြင်သာသည့် အလုပ်အကိုင် အခွင့်အလမ်းအသစ်များကိုရရှိစေခြင်း မရှိသကဲ့သို့ တခြားသော အကျိုးအမြတ်များကိုလည်း ရရှိခံစားရ စေခြင်းမရှိပါ။ အဆိုပါလုပ်ငန်းများနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များကို နေပြည်တော်မှ ရယူရခြင်းဖြစ်သည့်အတွက် ရခိုင်နှင့် မွတ်ဆလင်လူ့အဖွဲ့အစည်း နှစ်ရပ်စလုံးက အစိုးရသည် ၎င်းတို့အားဘေးဖယ်ထားပြီး အားနည်းအောင် ပြုလုပ်ထားသည်ဟု တွေးထင်ခံစားနေကြပါသည်။

ထို့ပြင် ရခိုင်ပြည်နယ်တွင် **လူ့အခွင့်အရေးဆိုင်ရာ အကျပ်အတည်း (Human Rights Crisis)** လည်း ရှိနေပြန်ပါသည်။ အကြမ်းဖက်မှုများနှင့် မတရားဖိနှိပ်မှုများကို ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအားလုံး ခံစားခဲ့ကြရသည် မှန်သော်လည်း နှစ်ပေါင်းကြာရှည်စွာ နိုင်ငံမဲ့ဖြစ်နေခြင်းနှင့် ခွဲခြားနှိမ့်ချ ဆက်ဆံခံခဲ့ရခြင်းတို့က မွတ်ဆလင်လူ့အဖွဲ့အစည်းအတွက် လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်းကို လွယ်ကူစွာထိရှမှုများ ဖြစ်ပေါ်စေပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံမဲ့လူဦးရေ၏ (၁၀) ရာခိုင်နှုန်းသည် မြန်မာနိုင်ငံအတွင်း၌နေထိုင်ကြပြီး ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်များသည် ကမ္ဘာပေါ်ရှိ နိုင်ငံမဲ့အုပ်စုများတွင် အကြီးဆုံးအုပ်စုတစ်စု ဖြစ်ပါသည်။ ထိုလူ့အဖွဲ့အစည်းသည် ၎င်းတို့၏ အခြေခံရပိုင်ခွင့်နှင့် နိစ္စဓူဝကိစ္စရပ်များအပေါ်တွင် ကန့်သတ်ချက်များနှင့် ရင်ဆိုင်နေရပါသည်။ ခန့်မှန်းခြေအားဖြင့် (၁၂၀,၀၀၀) ရှိသော မွတ်ဆလင်ဦးရေသည် IDP စခန်းများအတွင်း နေထိုင်နေကြရဆဲ ဖြစ်ပါသည်။ ယင်းလူ့အဖွဲ့အစည်းသည် နိုင်ငံရေးအရ ကိုယ်စားပြုနိုင်ခွင့်မှ ပိတ်ပင်ခြင်းခံထားရပြီး မြန်မာ့နိုင်ငံရေး အဝန်းအဝိုင်းမှ ဖယ်ထုတ်ထားခြင်းကိုလည်း ခံကြရပါသည်။ အစိုးရအနေဖြင့် နိုင်ငံသားဖြစ်မှုဆိုင်ရာ တောင်းဆိုမှုများနှင့် ပတ်သက်သည့် ကိစ္စရပ်များအတွက် စိစစ်အတည်ပြုခြင်းကို ဆောင်ရွက်ရာတွင် ရခိုင်နှင့် မွတ်ဆလင် လူ့အဖွဲ့အစည်းများ၏ ယုံကြည်မှုကိုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါ။

နောက်ဆုံးတစ်ခုမှာ ရခိုင်ပြည်နယ်တွင် **လုံခြုံရေးဆိုင်ရာ အကျပ်အတည်း (Security Crisis)** သည်လည်း ဖြစ်ပေါ်နေပါသည်။ ရခိုင်ပြည်နယ်တဝှမ်း၌ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည့် ကာလအတွင်း ကော်မရှင်မှ မျက်မြင်တွေ့ရှိခဲ့သည့်အချက်မှာ ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်း အားလုံး၏ စိတ်ထဲတွင် ၂၀၁၂ ခုနှစ်က ဖြစ်ပွားခဲ့သော အကြမ်းဖက်မှု၏ အကျိုးဆက်များ ဆက်လက်တည်ရှိနေခြင်းနှင့်အတူ အကြောက်တရားများသည် နက်ရှိုင်းစွာ ငြိတွယ်ကိန်းအောင်း နေဆဲ ဖြစ်ပါသည်။

မွတ်ဆလင်များက ၎င်းတို့အား ဖယ်ကြဉ်ထားခြင်းကို ဆက်လက်ပြုလုပ်နေခြင်းနှင့် ပတ်သက်၍ မကျေမချမ်းဖြစ်နေကြသကဲ့သို့ ရခိုင်လူ့အဖွဲ့အစည်းကလည်း နောင်အနာဂတ်၌ ၎င်းတို့သည် ရခိုင်ပြည်နယ်အတွင်း လူနည်းစုဖြစ်သွားမည့်အရေးကို စိုးရိမ်ပူပန်နေကြပါသည်။ မွတ်ဆလင် လူ့အဖွဲ့အစည်းအား သီးသန့်ခွဲခြားထားခြင်းသည် နှစ်ဖက် လူ့အဖွဲ့အစည်းအကြား အပြန်အလှန် နားလည်မှု တိုးတက်လာစေမည့် အလားအလာများကို ပို၍ဆိုးရွားလာစေပါသည်။ အစိုးရဘက်မှ လည်း ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံးအနေဖြင့် လုံခြုံမှုရှိသည်ဟူသော ခံစားချက်ကို ကောင်းမွန်သေချာစွာ ရရှိခံစားနိုင်စေရန် ကြိုးပမ်းအားထုတ် ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် လူ့အဖွဲ့အစည်းနှစ်ရပ်အကြား ပေါင်းစည်းညီညွတ်မှုကို ပြန်လည်ဖော်ဆောင် သွားရမည် ဖြစ်ပါသည်။ အချိန်တစ်ခုတည်းက ရခိုင်ပြည်နယ်အတွင်းရှိ အခြေအနေများကို ကုစားပေးနိုင်မည် မဟုတ်ပါ။

လက်ရှိဖြစ်ပေါ်နေသော စိန်ခေါ်မှုများကို ချက်ချင်းအရေးယူဆောင်ရွက်ခြင်းမပြုပါက နှစ်ဖက် လူ့အဖွဲ့အစည်းများအတွင်းတွင် ပိုမိုအစွန်းရောက်မည့်အခြေအနေ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ အထူးအားဖြင့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်တွင် မွတ်ဆလင်စစ်သွေးကြွအုပ်စု တစ်စု၏ တိုက်ခိုက်မှုကို နယ်ခြားစောင့်ရဲတပ်ဖွဲ့ (၃) ဖွဲ့ ခံခဲ့ကြရသည့် ကိစ္စရပ်နှင့်ပတ်သက်ပြီး နောက်ဆက်တွဲအနေဖြင့် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ၏ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်မှုတို့ကြောင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ သောင်းချီသော မွတ်ဆလင်များ ထွက်ပြေး ခဲ့ကြရသည့်အတွက် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အခြေအနေသည် အရေးတကြီး ချက်ချင်း အရေးယူဆောင်ရွက်ရမည့် အခြေအနေ ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ပိုင်နက် နယ်မြေကို ကာကွယ်စောင့်ရှောက်ရန်အတွက် အခွင့်အရေးအပြည့်အဝရှိသော်လည်း စစ်ဆင်ရေး ပုံစံသက်သက်ဖြင့် တုံ့ပြန်မှုများပြုလုပ်ခြင်းသည် ဒေသအတွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည့် အလားအလာများကို ကင်းမဲ့စေပါသည်။ အဓိကလိုအပ်သည့်အချက်မှာ အကြမ်းဖက်မှုကို အရှိန်မြင့်မားမလာစေဘဲ နှစ်ဖက်လူ့အဖွဲ့အစည်းအကြားရှိ တင်းမာမှုများကို ထိန်းချုပ်နိုင်မည့် နိုင်ငံရေး၊ ဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် လူ့အခွင့်အရေးကိစ္စရပ်များအားလုံးကိုပါ ပေါင်းစည်းဖြေရှင်း

ဆောင်ရွက်နိုင်မည့် နည်းလမ်းလိုအပ်နေခြင်းဖြစ်ပါသည်။ ဒေသခံပြည်သူလူထု၏ မကျေနပ်ချက်များအပေါ် နားလည်လက်ခံပြီး ဖြေရှင်းဆောင်ရွက်ပေးမှုမပြုဘဲ လျစ်လျူရှုမည်ဆိုပါက ၎င်းတို့သည် အစွန်းရောက်ဝါဒီများ၏ သိမ်းသွင်းရာဘက်သို့ လွယ်လင့်တကူ ပူးပေါင်းပါဝင်သွားမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်သွားခြင်းသည် လုံခြုံရေးဆိုင်ရာ အကျပ်အတည်းများကို ဖြေရှင်းဆောင်ရွက်ခြင်းအတွက် အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

အဆိုပါ တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်စပ်မှုရှိနေသော အကျပ်အတည်း (၃) ခုအား ဖြေရှင်းနိုင်ရေးသည် မည်သည့်အစိုးရအတွက်မဆို စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်လျက်ရှိသော အခြေအနေသည် မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခများထဲမှ တစ်ခုသာဖြစ်သည် ဟူသည့်အချက်ကို သိရှိနားလည်ရန် အရေးကြီးသကဲ့သို့ အစိုးရသည် တပြိုင်နက်တည်းမှာပင် ကဏ္ဍအသီးသီး၌ ပြုပြင်ပြောင်းလဲမှုများကို အားသွန်ခွန်စိုက်လုပ်ကိုင်ဆောင်ရွက်နေရသည်ဆိုသည့်အချက်ကို လက်ခံထားရန်လည်း အရေးကြီးပါသည်။ အစိုးရအနေဖြင့် အဆုံးစွန်သော အတိုင်းအတာအထိ လုပ်ကိုင်ဆောင်ရွက်နေရပါသည်။ ရခိုင်ဒေသရှိ ကိစ္စရပ်များနှင့်ပတ်သက်၍ လက်ရှိအစိုးရနှင့် ယခင်အစိုးရများအနေဖြင့် လုပ်ကိုင်ဆောင်ရွက်သင့်သည့် ပဏာမလုပ်ငန်းစဉ်များကို စီမံဆောင်ရွက်ပြီးဖြစ်သည်ဟူသော အချက်ကို လက်ခံအသိအမှတ်ပြုရန် လိုအပ်ပါသည်။

၂၀၁၇ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့တွင် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်သည် ရခိုင်ပြည်နယ်တွင် ရင်ဆိုင်ကြုံတွေ့နေရသော အရေးအကြီးဆုံး စိန်ခေါ်မှုများထဲမှတချို့ကို အလေးပေးဖော်ပြထားသည့် ကြားဖြတ်အစီရင်ခံစာကို အစိုးရထံသို့ တင်ပြခဲ့ပါသည်။ ကော်မရှင်အနေဖြင့် အစိုးရ၏ အဆိုပါအစီရင်ခံစာအား အတည်ပြုလက်ခံပေးခြင်းနှင့် အကြံပြုချက်များ၏ "အစိတ်အပိုင်းအများစုကို" အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ဖော်ပြမှုတို့အပေါ် ကျေနပ်အားရ ဖြစ်ရပါသည်။ အပြုသဘောဆောင်သည့် အကြံပြုချက်အချို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဖြစ်ပါသည်။ အကန့်အသတ်နှင့်သာရှိသော ဘဏ္ဍာရေးနှင့် နည်းပညာဆိုင်ရာ အရင်းအမြစ်များဖြင့် နှစ်ဖက်လူ့အဖွဲ့အစည်းအတွင်းရှိ တချို့သောသူများ၏ ပြင်းထန်သော ဆန့်ကျင်မှုများအကြားတွင် အစိုးရသည် ၎င်း၏လုပ်ငန်းများကို ဆောင်ရွက်နေရခြင်းဖြစ်သည်ဟူသောအချက်ကို အသိအမှတ်ပြု လက်ခံသော်လည်း ဆက်လက်ကြိုးပမ်း လုပ်ကိုင်ဆောင်ရွက်သွားရမည့် လိုအပ်ချက်များ ရှိနေပါသေးသည်။ ပို၍အရေးကြီးသည့်အချက်မှာ အနာဂတ်ရခိုင်ပြည်နယ် အား စီးပွားရေးအရ စည်ပင်ဖြစ်ထွန်းသော၊ ဘေးအန္တရာယ်ကင်းရှင်းကာ လုံခြုံစိတ်ချရသော၊ လူ့အဖွဲ့အစည်းများ အားလုံးအနေဖြင့်လည်း ၎င်းတို့နှင့်ထိုက်တန်သည့်

အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အပြည့်အဝရရှိခံစားရသော ပြည်နယ်တစ်ခုဖြစ်လာစေရေးဟူသည့် အပြုသဘောဆောင်သော မျှော်မှန်းချက်များကို နိုင်ငံရေးခေါင်းဆောင်များနှင့် တပ်မတော်ခေါင်းဆောင်များက အတူတကွ တိုင်ပင်ရေးဆွဲသွားရန် လိုအပ်ပါသည်။ ထို့မှတဆင့် မတူကွဲပြားမှုများ၏ အားသာချက်/အင်အားများကို ဖော်ထုတ်အသုံးချနိုင်မည့် ကျယ်ပြန့်သော မျှော်မှန်းချက်ရှိသည့် အမျိုးသားရေးအသွင်အပြင် လက္ခဏာတစ်ရပ်ကို ဖော်ထုတ်ရေးဆွဲသွားရမည် ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ဖွံ့ဖြိုးမှုသည် လူ့အဖွဲ့အစည်းနှစ်ရပ်အကြား၌ တစ်ဖက်နိုင်လျှင် တစ်ဖက်ကိုနစ်နာစေမည့် (Zero-Sum-Game) ကိစ္စရပ်မျိုး မဟုတ်ပါ။ လူ့အဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်ပေါင်းစည်း ဆောင်ရွက်ကြခြင်းမှတဆင့် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ရခိုင်နှင့် မွတ်ဆလင် နှစ်ဖက်လူ့အဖွဲ့အစည်းအတွက် "အတူတကွ ယှဉ်တွဲနေထိုင်ကြမည်လား" ဆိုသည့်မေးခွန်းထက် "မည်သို့ အတူတကွယှဉ်တွဲနေထိုင်သွားကြမလဲ" ဆိုသည့်မေးခွန်းက ပို၍သင့်လျော်မည်ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းနှစ်ရပ်အား သီးခြားခွဲခြားထားခြင်းမျိုးမဖြစ်စေဘဲ ပြန်လည်ပေါင်းစည်းစေခြင်းသည်သာ ရခိုင်ပြည်နယ်အတွင်း အရှည်သဖြင့် တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုကိုရရှိသွားစေမည့် အကောင်းဆုံးနည်းလမ်း ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူလူထုတို့သည် မတူကွဲပြားသော၊ ထူးခြားသည့် သွင်ပြင်လက္ခဏာများဖြင့် စီခြယ်ထားသည့် ၎င်းတို့၏ ကိုယ်ပိုင်သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုများအပေါ် လွန်စွာတန်ဖိုးထားဂုဏ်ယူကြပါသည်။ သို့ရာတွင် အတိတ်ကာလမှ အကြောင်းအရာများအပေါ် အလေးပေးနေကြခြင်းထက် ကောင်းမွန်သောအနာဂတ်ဖြစ်ပေါ်လာစေရေးအတွက် မျှော်မှန်းချက်အသစ်များကို ဖော်ဆောင်သွားရမည် ဖြစ်ပါသည်။ သို့မှသာ လူ့အဖွဲ့အစည်းအားလုံး ရှေ့သို့ အတူတကွ ဆက်လက်လျှောက်လှမ်းနိုင်မည် ဖြစ်ပါသည်။

နားလည် လက်ခံထားရမည့်အချက်မှာ အဆိုပါမျှော်မှန်းချက်သည် အစိုးရ၏ နိုင်ငံရေးအရ ဆောင်ရွက်ရန် ဆန္ဒရှိမှုအပေါ်တွင်သာ မှီတည်နေသည်မဟုတ်ဘဲ ဒေသခံများ၏ အားပေးထောက်ခံမှုကိုလည်း လိုအပ်သည်ဖြစ်ရာ ဒေသခံပြည်သူလူထုအား ယင်းမျှော်မှန်းချက်နှင့် ပတ်သက်ပြီး ကောင်းစွာနားလည်သဘောပေါက် လက်ခံနိုင်စေရန် အစိုးရအနေဖြင့် ရှင်းရှင်းလင်းလင်းပြောဆိုအသိပေးရန် လိုအပ်ပါသည်။ ကော်မရှင်တွေ့ဆုံခဲ့သောသူများအထဲမှ အများစုသည် ငြိမ်းချမ်းသာယာ၍ စီးပွားရေးအရ ကောင်းမွန်သော အနာဂတ်ကို မျှော်လင့်တောင့်တကြပါသည်။ ရှောင်လွှဲ၍မရသည့် အကြောင်းတစ်ရပ်မှာ အပြောင်းအလဲကို ဆန့်ကျင်သည့် လူနည်းစုကလည်း ရှိနေဦးမည်သာ ဖြစ်ပါသည်။ ထိုသူများ၏ စိုးရိမ်ကြောင့်ကြနေသည့် ကိစ္စရပ်များကို နားလည်စေရန် ကြိုးစားသင့်သော်လည်း တိုးတက်မှုများကို အတားအဆီးဖြစ်အောင် ၎င်းတို့မှ လုပ်ဆောင်ခြင်းကိုမူ ခွင့်မပြုသင့်ပါ။ ပွင့်လင်းမြင်သာသည့် နှစ်ဖက်အပြန်အလှန်

ဆွေးနွေးမှုများပြုလုပ်ခြင်း၊ ရေရှည်တည်တံ့မည့် စေ့စပ်ညှိနှိုင်းမှုများကို ပြုလုပ်ပေးခြင်းနှင့် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းတို့ဖြင့် အစိုးရသည် နှစ်ဖက်လူ့အဖွဲ့အစည်းများ၏ ယုံကြည်ကိုးစားမှုကို ရယူနိုင်ပါသည်။

နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့်လည်း ရခိုင်ပြည်နယ်တဝန်းတွင် ဖြစ်ပေါ်နေသော ထိလွယ်ရှလွယ်ရှိသည့် အခြေအနေများကို အပြည့်အဝနားလည် သဘောပေါက်စေရန် ကြိုးပမ်းသင့်သကဲ့သို့ ရခိုင်ပြည်နယ်၏ အနာဂတ်အတွက် အပြုသဘောဆောင်သော မျှော်မှန်းချက်ထွက်ပေါ်လာစေရန် အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားသင့်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာ အသိုင်းအဝိုင်း၏ အကြံပြုချက်နှင့် ထောက်ခံမှုများကို ကြိုဆိုသင့်ပြီး မည်သို့သောကိစ္စရပ်မျိုး /ဖြေရှင်းမှုမျိုးက နိုင်ငံ၏ပြင်ပတွင် (တနည်းအားဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းတွင်) မည်သို့သော ဂယက်ရိုက်မှုများဖြစ်စေသည်၊ မဖြစ်စေသည်ဆိုသည့်အချက်များကို ကောင်းစွာနားလည် သဘောပေါက်ထားသင့်ပါသည်။ အစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏အရေးကိစ္စကို "ပြည်တွင်း ကိစ္စရပ်တစ်ခုအဖြစ်" ကိုင်တွယ်ဖြေရှင်းသွားရန် အတိုင်းအတာတစ်ခုအထိ ဆန္ဒရှိသည်ကို ကော်မရှင်အနေဖြင့် မကြာခဏဆိုသလို ကြားသိခဲ့ရပြီးဖြစ်ရာ ထိုသို့ကိုင်တွယ်ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် အနည်းဆုံး ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသူများ အားလုံးအား လူမျိုးရေး၊ ဘာသာရေးနှင့် နိုင်ငံသားဖြစ်တည်မှုတို့ကို အခြေပြု၍ ခွဲခြားခြင်းမပြုဘဲ တရားမျှတမှု အပေါ် အခြေခံကာ အကူအညီပေးသွားရန်အတွက် အသင့်ဖြစ်ကြောင်းကို ကြေညာပြောဆိုသင့်ပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ စိန်ခေါ်မှု၏အတိုင်းအတာသည် လွန်စွာပင်ကြီးမားသည်ဟု ထင်မြင်ယူဆနိုင်ပါသည်။ ယခုအစီရင်ခံစာတွင် ဖော်ပြထားသော အကြံပြုချက်များသည် ရခိုင်ပြည်နယ်အတွက် ရှေ့ဆက်လုပ်ဆောင်သွားမည့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲရာတွင် သင့်တင့်သည့် အထောက်အပံ့ကို ပေးနိုင်လိမ့်မည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါသည်။ သို့ရာတွင် ဖော်ပြပါ အကြံပြုချက်များသည် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုအားလုံး၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် အစိုးရတို့ အတူပူးပေါင်းလက်တွဲဆောင်ရွက်သွားရမည့် လုပ်ငန်းတာဝန်များ ဖြစ်ပါသည်။ အကြံပေး ကော်မရှင်အနေဖြင့် ခိုင်မာစွာယုံကြည်သည့်အချက်မှာ မှန်ကန်ကောင်းမွန်သည့် မျှော်မှန်းချက်နှင့် နိုင်ငံရေးအရ ဆောင်ရွက်ရန် ဆန္ဒရှိမှုကိုအသုံးပြု၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက ရခိုင်ပြည်နယ်အနေဖြင့် ၎င်း၏ အလားအလာကောင်းများနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာပြီး သမိုင်းကြောင်းအရ ထည့်ဝါခဲ့သည့် အောင်မြင်မှုများကို ပြန်လည်ရရှိနိုင်မည်ဆိုသည့်အချက်ပင်ဖြစ်ပါသည်။

# ၁။ အကြံပေး ကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းများ ဆောင်ရွက်သည့်အခါ ကော်မရှင်အနေဖြင့် ဆက်စပ်စဉ်းစားရသည့် အခြေအနေ

## (က) ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ လုပ်ပိုင်ခွင့်၊ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်များအား ပေါင်းစပ်ဖွဲ့စည်းထားသည့်ပုံစံ

မစ္စတာ ကိုဖီအာနန် (Mr Kofi Annan) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပန်ကြားမှုအရ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရနှင့် ကိုဖီအာနန် ဖောင်ဒေးရှင်းတို့၏ သဘောတူညီချက်ဖြစ်သော အကြံပေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ရန် ရည်ညွှန်းချက် (Terms of Reference) အရ ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံး၏ လက်ရှိအခြေအနေများကို ဆန်းစစ်လေ့လာခြင်းနှင့် အကြမ်းဖက်မှုများ၊ အိုးမဲ့အိမ်မဲ့ဖြစ်ကာ နေရပ်စွန့်ခွာရမှုများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျရခြင်းများကို ဖြစ်ပေါ်လာစေသော အခြေခံအကြောင်းအချက်များအား ရှာဖွေတင်ပြရန် ဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် ကော်မရှင်အနေဖြင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ၊ လူနေမှုအခြေအနေများ၊ ကျန်းမာရေး၊ ပညာရေးနှင့် အသက်မွေးကျောင်းဆိုင်ရာများနှင့် ပတ်သက်သည့် အခွင့်အလမ်းရရှိမှုအခြေအနေများ၊ နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိစ္စရပ်နှင့် လွတ်လပ်စွာသွားလာနိုင်မှုနှင့် အခြေခံရပိုင်ခွင့်များရရှိရေးအတွက် အာမခံချက်ပေးထားမှုများကို ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရပါမည်။ ထို့ပြင် နိုင်ငံတကာတွင် လက်ခံကျင့်သုံးလျက်ရှိသော စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ကော်မရှင်အနေဖြင့် ပဋိပက္ခကာကွယ်တားဆီးခြင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ခြင်း၊ လူ့အဖွဲ့အစည်းများအကြား ပြန်လည်သင့်မြတ်ရေးအတွက် ဆောင်ရွက်ခြင်း၊ အဖွဲ့အစည်းများဖွဲ့စည်းတည်ထောင်ခြင်းနှင့် ဖွံ့ဖြိုးမှုစသည့် နယ်ပယ် (၅) ခုနှင့် သက်ဆိုင်သည့် အကြောင်းအရာများနှင့်ပတ်သက်သည့် အကြံပြုချက်များကို ပြုလုပ်သွားပါမည်။

အကြံပေးကော်မရှင်ကို ဦးဝင်းမြ၊ ဦးအေးလွင်၊ ဒေါက်တာ သာလှရွှေ၊ ဒေါက်တာ မြသီတာ၊ ဒေါ်စောခင်တင့်နှင့် ဦးခင်မောင်လေးတို့ ပါဝင်သော နိုင်ငံသား အဖွဲ့ဝင် (၆) ဦးနှင့် မစ္စတာ ဂါဆန်ဆလမီ (Mr Ghassan Salame)၊ မစ္စလတေးရှ ဗန် ဒန် အဆမ် (Ms Laetitia van den Assum) နှင့် မစ္စတာ ကိုဖီအာနန် (Mr Kofi Annan) တို့ ပါဝင်သော နိုင်ငံတကာ အဖွဲ့ဝင် (၃) ဦး၊ စုစုပေါင်း (၉) ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ကော်မရှင်တွင် နိုင်ငံတကာအဖွဲ့ဝင် (၃) ဦးကို ထည့်သွင်းဖွဲ့စည်းထားသော်လည်း ကော်မရှင်သည် အခြေခံအားဖြင့် မြန်မာနိုင်ငံအစိုးရမှ ဖွဲ့စည်းပေးထားသည့် အဖွဲ့တစ်ခုဖြစ်ရာ နိုင်ငံတော်အစိုးရမှ သတ်မှတ်ထားသည့် လုပ်ငန်းတစ်ခုကို ဆောင်ရွက်ပေးရသည့် ပြည်တွင်းအဖွဲ့အစည်းတစ်ခုသာဖြစ်ပြီး ၎င်း၏ လုပ်ကိုင်ဆောင်ရွက်မှုနှင့် တွေ့ရှိချက်များကို နေပြည်တော်ရှိ နိုင်ငံတော် အာဏာပိုင်များထံသို့သာ တင်ပြအစီရင်ခံခြင်းကို ပြုလုပ်ပါသည်။

## (ခ) အမည်နာမ ခေါ်ဝေါ်သုံးစွဲမှု

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပန်ကြားချက်အရ ကော်မရှင်အနေဖြင့် "ဘင်္ဂါလီ" ဟူသော အသုံးအနှုန်းနှင့် "ရိုဟင်ဂျာ" ဟူသော အသုံးအနှုန်းတို့ကို ခေါ်ဝေါ်သုံးစွဲမည် မဟုတ်ပါ။ ယင်းအစား "မွတ်ဆလင်" (သို့မဟုတ်) "ရခိုင်ပြည်နယ်အတွင်းရှိ မွတ်ဆလင်လူ့အဖွဲ့အစည်း" ဟူ၍ ရည်ညွှန်းသုံးစွဲ သွားမည် ဖြစ်ပါသည်။ ထိုသို့ ရည်ညွှန်းသုံးစွဲမှုတွင် ကမန် မွတ်ဆလင်များ မပါဝင်ပါ။ ၎င်းတို့အား "ကမန်" ဟုသာ ရည်ညွှန်းခေါ်ဝေါ်သွားမည် ဖြစ်ပါသည်။

## (ဂ) အစီရင်ခံစာ၏ နယ်ပယ်

ဤအစီရင်ခံစာတွင် လုပ်ငန်းတာဝန်ပြီးဆုံးပါက မြန်မာနိုင်ငံအစိုးရထံသို့ တင်ပြရမည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အကြံပြုချက်များ ပါဝင်ပါသည်။ ကော်မရှင်အနေဖြင့် မိမိတို့ဆိုလိုသည့် အကြောင်းအရာများကို လိုရင်းတိုရှင်းဖြင့် ကျစ်လစ်ပြည့်စုံ ကောင်းမွန်စွာ ဖော်ပြထားသော အစီရင်ခံစာ တစ်စောင်ဖြစ်စေရန် တတ်နိုင်သမျှ ကြိုးပမ်းထားပါသည်။

ပထမဦးဆုံးနှင့် အဓိကအနေဖြင့် တင်ပြလိုသည်မှာ ဤအစီရင်ခံစာသည် ကော်မရှင်၏ ကျယ်ပြန့်စွာပြုလုပ်ထားသော လူထုအကြံပြုဆွေးနွေးပွဲများမှ တဆင့်ရရှိလာသော ရလဒ်များ၊ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ကဏ္ဍအသီးသီးမှ ပါဝင်ပတ်သက်ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို တွေ့ဆုံဆွေးနွေးရာမှ ရရှိလာသော တင်ပြချက်များနှင့် အကြံပြုချက်များကို ဆင်ခြင်သုံးသပ်၍ ဖော်ညွှန်းတင်ပြထားခြင်းဖြစ်ပါသည်။ ဒုတိယအချက်မှာ ဤအစီရင်ခံစာကို ၂၀၁၇ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့က ထုတ်ပြန်ခဲ့သည့် ကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာအပေါ် အခြေပြု၍ ဖြည့်စွက်ရေးသားထားခြင်း ဖြစ်ပါသည်။ ကြားဖြတ်အစီရင်ခံစာတွင် အစိုးရ၏ ချက်ချင်းလက်ငင်း အရေးယူဆောင်ရွက်ပေးမှုကို အဆောတလျင်လိုအပ်နေသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဦးစားပေးတင်ပြထားခြင်းဖြစ်သောကြောင့် အကန့်အသတ်ဖြင့်သာ ဖော်ပြနိုင်ခဲ့သော်လည်း ယခုအပြီးသတ် အစီရင်ခံစာတွင်မူ ကော်မရှင်၏ လုပ်ပိုင်ခွင့်ဘောင်အတွင်း အကျုံးဝင်သည့် ကိစ္စရပ်များအားလုံးကို ခြုံငုံတင်ပြထားပါသည်။ သို့ဖြစ်ပါ၍ ဤအစီရင်ခံစာတွင်ပါဝင်သော တချို့သောအကြံပြုချက်များသည် ကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာမှ အကြံပြုချက်များ၏ အဆက်အစပ်များနှင့် တိုးချဲ့ဖြည့်စွက်ချက်များဖြစ်ကာ ကျန်ရှိသောအချက်များမှာ ရေရှည်လုပ်ဆောင်သွားရမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်သော အကြံပြုချက်များ ဖြစ်ပါသည်။

ကော်မရှင်အား လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများနှင့်ပတ်သက်သည့် စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန်အတွက် တာဝန်ပေးအပ်ထားခြင်း မရှိပါ။ ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးရရှိနိုင်မှု၊ တရားမျှတမှုနှင့် ဖွံ့ဖြိုးမှုရရှိရေး အလားအလာများကို အားနည်းသွားစေမည့် ဖွဲ့စည်းတည်ဆောက်မှုစနစ်ပြဿနာများ – **Institutional and Structural Issues** – ကို လေ့လာဆန်းစစ်မှုများပြုလုပ်၍ ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံး၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် အထောက်အကူပြုနိုင်မည့်၊ လိုအပ်သည့်၊ ခိုင်မာသော နည်းလမ်းများအား အကြံပြုတင်ပြသွားရန် ဖြစ်ပါသည်။

## (ဃ) ကော်မရှင်၏ လုပ်ငန်းများ စီမံဆောင်ရွက်မှု။ ။ ညှိနှိုင်း ဆွေးနွေးမှုဆိုင်ရာ လုပ်ငန်းစဉ် အကျဉ်းချုပ်

ကော်မရှင်အနေဖြင့် နယ်ပယ်ပေါင်းစုံမှ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ပါဝင်ပတ်သက်ဆောင်ရွက်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ တင်ပြချက်များနှင့် အကြံပြုချက်များကိုရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် ရခိုင်နှင့် မွတ်ဆလင် လူ့အဖွဲ့အစည်းများ၏ အပြည့်အဝပူးပေါင်းပါဝင်မှုကိုရရှိစေရန် ကြိုးပမ်းခဲ့ပြီး ရခိုင်နှင့် မွတ်ဆလင် လူ့အဖွဲ့အစည်းများမှ တွေ့ဆုံမေးမြန်းသင့်သည့် ကိုယ်စားလှယ်များကို ညီတူညီမျှတွေ့ဆုံ၍ အကြံဉာဏ်များ ရယူခဲ့ပါသည်။ ထို့ပြင် တွေ့ဆုံမေးမြန်းမှုများတွင် လူငယ်များ၊ အမျိုးသမီးများနှင့် ပြည်နယ်အတွင်းရှိ တခြားသော လူမျိုးနွယ်စုငယ်များလည်း ပါဝင်အောင် အထူးကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွင်းတွင် ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်အစိုးရ၊ ရခိုင်ပြည်နယ်လွှတ်တော် (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလအတွင်း သွားရောက်ခဲ့သော ကော်မရှင်၏ ပထမဆုံး ရခိုင်ခရီးစဉ်တွင် တွေ့ဆုံခဲ့ခြင်းဖြစ်သည်)၊ နိုင်ငံရေးပါတီများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့် ကျေးရွာအသီးသီးတွင် နေထိုင်ကြသူများ အပါအဝင် IDP စခန်းများတွင် နေထိုင်ကြသူများကိုပါ တွေ့ဆုံခဲ့ပါသည်။ ပြည်နယ်အတွင်းရှိ ရခိုင်နှင့် မွတ်ဆလင်လူ့အဖွဲ့အစည်းနှစ်ရပ်အပြင် ကမန်၊ ချင်း၊ မြို အစရှိသည့် လူမျိုးစုငယ်များနှင့် ဟိန္ဒူဘာသာရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ပြည်ထောင်စုအဆင့်တွင် နိုင်ငံတော် သမ္မတ၊ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီတို့ အပါအဝင် နိုင်ငံရေးခေါင်းဆောင်များနှင့် တပ်မတော်ခေါင်းဆောင်များကို တွေ့ဆုံခဲ့ပါသည်။

ထို့ပြင် ကော်မရှင်သည် ဒေသအတွင်းရှိ တခြားသောနိုင်ငံများ၏ အကြံဉာဏ်များကိုလည်း ရယူခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အစိုးရအရာရှိကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး ကော့စ်ဘဇား (Cox's Bazar) ရှိ ဒုက္ခသည်စခန်းများသို့လည်း သွားရောက်လေ့လာခဲ့ပါသည်။ ကော်မရှင်

သည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့သွားရောက်ပြီး ထိုင်းနိုင်ငံ၏ နိုင်ငံခြားရေး ဝန်ကြီးနှင့် တွေ့ဆုံခဲ့ပြီး ကော်မရှင်၏ဥက္ကဋ္ဌ ကိုဖီအာနန်သည်လည်း အင်ဒိုနီးရှား နိုင်ငံ၏ သမ္မတနှင့် နိုင်ငံခြားရေးဝန်ကြီးတို့နှင့် တွေ့ဆုံမှုများကို ပြုလုပ်ခဲ့ပါသည်။ ကော်မရှင်သည် အိန္ဒိယ၊ တရုတ်နှင့် မလေးရှားနိုင်ငံတို့မှ အစိုးရကိုယ်စားလှယ်များနှင့် ဆွေးနွေးပွဲများကိုပြုလုပ်ခဲ့ကာ ကမ္ဘာ့ကုလသမဂ္ဂမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော သံတမန်များ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့ အစည်း **(INGOs)** များမှ ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် လွတ်လပ်စွာ လေ့လာဆန်းစစ်သူများအပါအဝင် နိုင်ငံတကာအဖွဲ့အစည်း များ၏ အကြံဉာဏ်များကိုလည်း ရယူခဲ့ပါသည်။

ကော်မရှင် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့မှ စတင်၍ ကော်မရှင်သည် စစ်တွေ၊ မြောက်ဦး၊ မြေပုံ၊ ကျောက်တော်၊ သံတွဲ၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မောင်တော၊ ဘူးသီးတောင်၊ ရန်ကုန်နှင့် နေပြည်တော် အပါအဝင် ဘန်ကောက်၊ ဒါကာ၊ ကော့စ်ဘဇားနှင့် ဂျနီဗာသို့ သွားရောက်ခဲ့ကာ တွေ့ဆုံ ဆွေးနွေးပွဲပေါင်း (၁၅၅) ကြိမ် ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေး ပွဲများတွင် ကော်မရှင်အဖွဲ့ဝင်များသည် ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ ကဏ္ဍ အသီးသီးမှ ပါဝင်ဆောင်ရွက်နေသော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် စုစုပေါင်း (၁,၁၀၀) ဦးခန့်နှင့် တွေ့ဆုံမှုများပြုလုပ်ခဲ့ပါသည်။ ထို့ပြင် ကော်မရှင် အဖွဲ့ဝင် တစ်ဦးချင်းအနေဖြင့်လည်း တိုင်ပင်ဆွေးနွေးသင့်သည့် တခြားသော လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

## (င) လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်အခါ ကော်မရှင်အနေဖြင့် ဆက်စပ်စဉ်းစားရသည့် အခြေအနေ

ကော်မရှင်သည် ၎င်း၏ လုပ်ငန်းတာဝန်များကို ကြီးမားသော စိန်ခေါ်မှုများကြားမှ လုပ်ကိုင်ဆောင်ရွက်ခဲ့ရခြင်း ဖြစ်ပါသည်။ ရခိုင်ပြည်နယ်တွင် ဆင်းရဲနွမ်းပါးမှု၊ ဖွံ့ဖြိုးရေးနိမ့်ကျမှု၊ လူ့အဖွဲ့အစည်းများအကြား ဆက်ဆံရေးတင်းမာမှုနှင့် နိုင်ငံရေးနှင့် စီးပွားရေးအရ ဘေးဖယ်ခံထားရမှုတို့သည် ရောပြွမ်းရှုပ်ထွေးနေ သော အခြေအနေတစ်ခုအဖြစ် ရှိနေပါသည်။ ဒေသခံ ပြည်သူလူထုအကြားတွင် မိမိတို့အဖွဲ့အစည်းမဟုတ်သည့် တခြားလူ့အဖွဲ့အစည်းက မိမိတို့အပေါ် ထား

ရှိသော ရည်ရွယ်ချက်များနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများ နက်ရှိုင်းစွာ အမြစ်တွယ်နေကြပြီး အစိုးရအဖွဲ့အစည်းများ အပေါ်တွင်လည်း ယုံကြည်မှု အားနည်းကြပါသည်။ အထူးအားဖြင့် အစိုးရမှ လူ့အဖွဲ့အစည်းအားလုံးအတွက် အကာအကွယ်ပေးမှုအပါအဝင် တာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင် လိုအပ်ချက်နှင့်အညီ ပြည့်မီစွာ ဆောင်ရွက်နိုင်မှုမရှိခဲ့ခြင်းသည် ကာလရှည်ကြာစွာ ရှိနေခဲ့ပြီးဖြစ်ပါသည်။ ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်ရှိ ရှုပ်ထွေးသော သဘောသဘာဝရှိသည့် စိန်ခေါ်မှုများနှင့် ယင်းတို့အား ဖြေရှင်းနိုင်မည့်နည်းလမ်းများ အဆင်သင့်မရှိသည့် အခြေအနေများကို နားလည်လက်ခံထားပါသည်။

ကော်မရှင်၏ သက်တမ်းကာလဖြစ်သော ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေ အမျိုးမျိုးသည် ကော်မရှင်၏ လုပ်ကိုင်ဆောင်ရွက်ရမှု အခြေအနေများအပေါ် များစွာသက်ရောက်မှုရှိခဲ့ပြီး တစ်ခါတစ်ရံ၌ ရှုပ်ထွေးခက်ခဲမှုများကို ဖြစ်စေခဲ့ပါသည်။

- ရခိုင်ပြည်နယ်အတွင်းရှိ လုံခြုံရေးအခြေအနေသည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်တွင် ဖြစ်ပွားခဲ့သော မောင်တောမြို့နယ်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့အား လက်နက်ကိုင် တိုက်ခိုက်ခံရမှုများအပြီး လုံခြုံရေးရဲတပ်ဖွဲ့ဝင်တချို့ ကျဆုံးခဲ့သည့်နောက်တွင် သိသာစွာယိုယွင်း လာခဲ့ပါသည်။ ယင်းတိုက်ခိုက်မှုများကို Harakat al-Yaqin (နောင်တွင် Arakan Rohingya Salvation Army – ARSA ဟု အမည်ပြောင်းလဲခေါ်ဝေါ်သော) မွတ်ဆလင်လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။ (တချို့သော လေ့လာဆန်းစစ်သူများ၏ အဆိုအရ ယင်းအဖွဲ့သည် ဆော်ဒီအာရေဘီယားတွင် ရောက်ရှိနေသည့် ရခိုင်ပြည်နယ်မှ မွတ်ဆလင် များနှင့် ဆက်စပ်မှုရှိသည်ဟု သိရပါသည်။)[1] ယင်းအဖွဲ့သည် မောင်တောမြို့ မြောက်ဘက်ရှိ အစိုးရလုံခြုံရေးစခန်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး လက်နက်၊ ခဲယမ်း၊ မီးကျောက်များကို ယူဆောင် သွားခဲ့ပါသည်။ ယင်းဒေသ၌ တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်း ရေး လုပ်ငန်းစဉ် ပြုလုပ်ခဲ့သည့်ကာလအတွင်း ဖြစ်ပွားခဲ့သောအကြမ်းဖက် မှုနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုများဖျက်ဆီးခံရခြင်းတို့သည် ဒေသအတွင်းနေထိုင်သူ မွတ်ဆလင် အများအပြားကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏

1 *Myanmar: A New Muslim Insurgency in Rakhine State*, International Crisis Group (ICG), December 2016.

နယ်စပ်ကိုဖြတ်ကျော်၍ ထွက်ပြေးစေခြင်းများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ရခိုင်လူ့အဖွဲ့အစည်းမှ တချို့သောသူများအားလည်း နေရပ်စွန့်ခွာထွက်ပြေးစေသော အခြေအနေများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ရင်ဆိုင်တိုက်ခိုက်မှုများဖြစ်ပွားပြီး အစိုးရ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်သူများဘက်မှ (၆၉) ဦးနှင့် လုံခြုံရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် (၁၇) ဦး သေဆုံးခဲ့သည့် နိုဝင်ဘာလ လယ်ကာလသည် အကြမ်းဖက်မှုအခြေအနေ အမြင့်မားဆုံးကာလဟုဆိုရမည် ဖြစ်ပါသည်။

- လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေရှင်းလင်းရေး လုပ်ငန်းစဉ်ပြုလုပ်ခဲ့သည့် ကာလအတွင်း၌ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆိုးဆိုးရွားရွားပြုလုပ်ခဲ့ကြသည်ဟူ၍ စွပ်စွဲခံခဲ့ကြရပါသည်။ ယင်းကိစ္စရပ်နှင့်ပတ်သက်၍ သမာသမတ်ကျပြီး ဘက်လိုက်မှုမရှိသော လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုကို ပြုလုပ်သွားသင့်ကြောင်း ကော်မရှင်အနေဖြင့် ၎င်း၏ ကြားဖြတ်အစီရင်ခံစာတွင် တင်ပြခဲ့ပါသည်။
- တပ်မတော်၏ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ၂၀၁၇ ခုနှစ် အစပိုင်းတွင် လျှော့ချခဲ့ပြီးနောက် နေရပ်စွန့်ခွာ၍ ထွက်ပြေးခဲ့ကြသည့် ဒုက္ခသည်များနှင့် အိုးမဲ့အိမ်မဲ့ဖြစ်ကာ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့သူများသည် ၎င်းတို့၏ မူလနေရပ်များသို့ ပြန်လည် ဝင်ရောက်လာပြီ ဖြစ်ပါသည်။ ဒေသအတွင်း၌ အကြမ်းဖက်မှုများ အသစ်ထပ်မံပေါ် ပေါက်လာနိုင်သော အခြေအနေသည်လည်း ဆက်လက်တည်ရှိနေပါသည်။ အောက်တိုဘာလ (၉) ရက် တိုက်ခိုက်မှုများအပြီး အစောပိုင်းကာလများသည် လုံခြုံရေးဆိုင်ရာ တုံ့ပြန်မှုပြုလုပ်ခဲ့သည့် ကာလများဖြစ်ပါသည်။ ယခုလက်ရှိအခြေအနေသည် အကြမ်းဖက်မှု အရှိန်မြင့်တက်မလာစေရေးနှင့် နှစ်ဖက်လူ့အဖွဲ့အစည်းအကြား တင်းမာမှုများကို ထိန်းချုပ်ပေးနိုင်စေရေးအတွက် အထောက်အကူဖြစ်စေမည့် နိုင်ငံရေး၊ ဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအားလုံးကို တပေါင်းတစည်းတည်း ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်တစ်ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည့် အခြေအနေဖြစ်ပါသည်။ လူ့အခွင့်အရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဖြစ်ပေါ်နေသော အခြေအနေများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းမှုမပြုလျှင်၊ ထို့ပြင် ဒေသအတွင်းရှိ ပြည်သူလူထုအနေဖြင့်

နိုင်ငံရေးနှင့် စီးပွားရေးအရ ဖယ်ကြဉ်ထားမှုများကို ဆက်လက်ခံစားနေရဦးမည် ဆိုလျှင် ဒေသခံပြည်သူများသည် အစွန်းရောက်ဝါဒီများ၏ သိမ်းသွင်းမှုကို လွယ်လင့်တကူခံရနိုင်ပြီး ယင်းသည် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသအား အစွန်းရောက်အုပ်စုများ လွှမ်းမိုးသောဒေသအဖြစ်သို့ ရောက်ရှိသွားစေရန် အခြေအနေပေးလိုက်သကဲ့သို့ ဖြစ်စေပါလိမ့်မည်။ ဤအခြေအနေများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းမှုမရှိပါက ယင်းသည် ဒေသအတွင်းရှိ ဖွံ့ဖြိုးမှုအလားအလာများနှင့် နှစ်ဖက်လူ့အဖွဲ့အစည်းအကြား ပေါင်းစည်း ညီညွတ်မှုကိုသာမက တပြည်နယ်လုံး၏ လုံခြုံရေးကိုပါ ထိခိုက်လာစေမည် ဖြစ်ပါသည်။

- ရခိုင်ပြည်နယ်မြောက်ပိုင်း၏ အခြေအနေသည် မတည်ငြိမ်သော အနေအထား တွင် ဆက်လက်တည်ရှိနေဆဲ ဖြစ်ပါသည်။ မွတ်ဆလင် စစ်သွေးကြွများသည် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုပြုခြင်းကို မလိုလားကြောင်း သိသာစွာ ပြသသည့်အနေဖြင့် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုရှိသော မွတ်ဆလင် ခေါင်းဆောင်တချို့ကို သတ်ဖြတ်ခြင်း ပြုခဲ့ကြသည်ဟု စွပ်စွဲပြောဆိုမှုများ ရှိပါသည်။ ထို့ပြင် Arakan Army - AA သည်လည်း ပြည်နယ်အတွင်း တချို့သောနေရာများ၏ တည်ငြိမ်အေးချမ်းမှုကို ပြင်းထန်စွာ ခြိမ်းခြောက် လျက်ရှိသော အနေအထားတွင် ရှိနေပါသည်။

- ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုသည် ပြည်နယ်အတွင်းရှိ တခြားသောဒေသများသို့ ပျံ့နှံ့ခဲ့ခြင်းမရှိသော်လည်း နှစ်ဖက်လူ့အဖွဲ့အစည်းအကြား ဆက်ဆံရေးမှာမူ တပြည်နယ်လုံး အတိုင်း အတာအနေဖြင့် ထိခိုက်ခဲ့ကာ ဆိုးရွားသောအခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ နိုင်ငံရေးအရ အုပ်စုကွဲမှုများ များပြားလာခြင်းနှင့် နိုင်ငံရေးအရ ပါဝင်နိုင်မှု အခွင့်အလမ်းများ နည်းပါးလာခြင်းသည် လူ့အဖွဲ့အစည်းအားလုံးက သဘောတူလက်ခံနိုင်သည့် နိုင်ငံရေးအရ ဖြေရှင်းနိုင်မှု အခွင့်အလမ်းများ ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်မှုကို ရှုပ်ထွေးခက်ခဲလာစေနိုင်ပါသည်။ ထို့ကြောင့် ယင်းအခြေအနေသည် ကော်မရှင်၏ အကြံပြုချက်များနှင့်ပတ် သက်၍ လိုအပ်ချက်ဖြစ်သော ရခိုင်အရေးတွင် ပါဝင်ပတ်သက်နေသူများ အားလုံး၏ သဘောတူလက်ခံမှုကိုရရှိရန် ပိုမိုခက်ခဲသွားစေမည် ဖြစ်ပါသည်။

- ရခိုင်အရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေကြသူတချို့သည် ကော်မရှင်

စတင်ဖွဲ့စည်းသည့် အချိန်ကတည်းက ကော်မရှင်ကို လက်မခံနိုင်ဟူ၍ ကန့်ကွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ အစောပိုင်းကာလတွင် ကော်မရှင်ကိုဖျက်သိမ်းရန် အဆိုကို ပြည်ထောင်စုအဆင့် လွှတ်တော်တွင် တင်သွင်း၍ ဖျက်သိမ်းစေရန် ကြိုးပမ်းခဲ့ကြပါသည်။ ထိုအဆိုသည် အောင်မြင်မှုမရရှိခဲ့သော်လည်း ရခိုင်အမျိုးသားပါတီ (ANP)၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) နှင့် တပ်မတော်မှ ခန့်အပ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များက ယင်းအဆိုကို ထောက်ခံခဲ့ကြပါသည်။ သို့ရာတွင် စက်တင်ဘာလ အလယ်ပိုင်းတွင် ရခိုင်ပြည်နယ်လွှတ်တော်၌ တင်သွင်းသော အလားတူအဆိုသည် အောင်မြင်မှုရရှိခဲ့ကာ ရခိုင်အရေးနှင့် ပတ်သက်၍ ပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းတချို့နှင့် လူပုဂ္ဂိုလ် တချို့ (ရခိုင်ပြည်နယ်လွှတ်တော်၊ ရခိုင်အမျိုးသားပါတီနှင့် အရပ်ဘက် လူ့အဖွဲ့အစည်း တချို့အပါအဝင်) တို့က ကော်မရှင်အား လက်ခံအသိအမှတ် မပြုဟုဆိုကာ တရားဝင်သပိတ်မှောက်ခဲ့ကြပါသည်။ ကော်မရှင်အနေဖြင့် အဆိုပါအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်အများစုအား တွေ့ဆုံနိုင်ရန် စီမံ ဆောင်ရွက်ခဲ့သော်လည်း ထိုသူများ၏ ဆက်လက်သပိတ်မှောက်မှုများသည် ပြည်နယ်တစ်ခုလုံး၏ သဘောတူ လက်ခံမှုကိုရရှိစေရန် ကော်မရှင်၏ ကြိုးပမ်းဆောင်ရွက်မှုများကို အတိုင်းအတာတစ်ခုအထိ ခက်ခဲစေခဲ့ပါ သည်။

- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုပုံစံသည် အစိုးရအတွင်း၌ တပ်မတော်၏ လုပ်ပိုင်ခွင့်အာဏာကို မြင့်မားစွာ ပေးအပ် ထားသည်ဖြစ်ရာ ယင်းအခြေအနေသည် ရခိုင်ပြည်နယ်အတွင်းရှိ ရှုပ်ထွေး နက်နဲသော ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် သင့်လျော်ကိုက်ညီ၍ တသတ်မတ်တည်းဖြစ်သည့် မူဝါဒတစ်ခုကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးကို စိန်ခေါ်မှုတစ်ရပ် ဖြစ်စေပါသည်။ ကော်မရှင် အနေဖြင့် ၎င်း၏လုပ်ငန်းတာဝန်များကို လုပ်ကိုင်ဆောင်ရွက်နေစဉ်ကာလ အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်မှ အရာရှိကြီးများ အပြင် ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာန များမှ အရာရှိကြီးများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ကော်မရှင်၏အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အတွက် တပ်မတော်၏ထောက်ခံမှုသည် လွန်စွာအရေးကြီးသည်မှာ သိသာ

ထင်ရှားပါသည်။ ကော်မရှင်၏ အကြံ ပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အစိုးရအဖွဲ့အစည်းများ/ဌာနများအားလုံးအနေဖြင့် ချိတ်ဆက်ညှိနှိုင်းပြီး စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက် သွားကြရန် လိုအပ်မည်ဖြစ်ပါသည်။

- ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာအစိုးရသည် မောင်တောမြို့နယ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှု အခြေအနေများကို စုံစမ်းစစ်ဆေး နိုင်ရန်အတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေ ခေါင်းဆောင်ပါဝင်သော စုံစမ်း စစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်နှစ်ရပ်၏ လုပ်ပိုင်ခွင့် များသည် တူညီမှုမရှိသော်လည်း တချို့သော ကဏ္ဍများကို ဆောင်ရွက်ရာ တွင် တူညီမှုများရှိနေသည့် အတွက်ကြောင့် ပြည်သူလူထုတချို့သည် သက်ဆိုင်ရာ ကော်မရှင်နှစ်ရပ်၏ လုပ်ပိုင်ခွင့်များနှင့် ပတ်သက်ပြီး ရှုပ်ထွေး မှုများ ဖြစ်ခဲ့ပါသည်။

- ၂၀၁၇ ခုနှစ်၊ မတ်လအတွင်းတွင် ဂျနီဗာရှိ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၌ ရခိုင်ပြည်နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လူ့အခွင့် အရေး ချိုးဖောက်မှုနှင့် သက်ဆိုင်သည့် စွပ်စွဲပြောဆိုမှုများကို စစ်ဆေး ဖော်ထုတ်ရန်အတွက် နိုင်ငံတကာ သတင်းအချက်အလက်နှင့် အဖြစ်မှန် ဖော်ထုတ်ရေးမစ်ရှင် (International fact-finding mission) ကို ဖွဲ့စည်းရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်ကို ချခဲ့ကြပါသည်။ ထိုသတင်းအချက်အလက်နှင့် အဖြစ်မှန်ဖော်ထုတ်ရေး မစ်ရှင်အား ရခိုင်ပြည်နယ်၏ အခြေအနေများနှင့် ပတ်သက်၍ လူ့အခွင့်အရေးကောင်စီသို့ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် နှုတ်အားဖြင့် တင်ပြစေခြင်းနှင့် ၂၀၁၈ ခုနှစ်၊ မတ်လတွင် အပြီးသတ်အစီရင်ခံစာ တင်ပြခြင်းတို့ကို ပြုလုပ်ရန်သတ်မှတ်ခဲ့ပါသည်။ အဆိုပါ သတင်းအချက် အလက်နှင့် အဖြစ်မှန်ဖော်ထုတ်ရေးမစ်ရှင်၏ လုပ်ပိုင်ခွင့်သည် ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပေးကော်မရှင်၏လုပ်ပိုင်ခွင့်နှင့် ကွဲပြားခြားနားပါသည်။ ရခိုင် ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ လုပ်ပိုင်ခွင့်သည် ပိုမိုကျယ်ပြန့်ပြီး လူ့အခွင့်အရေးချိုးဖောက်ခဲ့သည်ဟု စွပ်စွဲခဲ့သော သီးသန့်ကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန် မဟုတ်ပါ။

- ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လတ်တလော အကြမ်းဖက်မှုဖြစ်ပွားပြီး နောက်ပိုင်း၌ ရခိုင်အရေးနှင့်ပတ်သက်၍ နိုင်ငံတကာက ပြောကြားလာမှု

များသည် ပိုမိုပြင်းထန်လာပြီး ထိပ်တိုက်ရင်ဆိုင်သည့် သဘောဆောင်လာပါသည်။ ရခိုင်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအစိုးရကို ပြည်တွင်းမှ ဆောင်ရွက်နေသော အဖွဲ့အစည်းများမှ လုပ်ကိုင်ဆောင်ရွက်စေချင်သည့်ပုံစံသည် နိုင်ငံတကာအဖွဲ့အစည်းများမှ လုပ်ကိုင်ဆောင်ရွက် စေချင်သည့်ပုံစံနှင့် ဆန့်ကျင်ဘက် ဖြစ်နေပါသည်။ ကော်မရှင်သည် - ရခိုင်ပဋိပက္ခနှင့်ပတ်သက်၍ နိုင်ငံတွင်းနှင့် နိုင်ငံတကာတို့၏ အဓိပ္ပာယ်ကောက်ယူမှု ကွာဟချက်ကို ပေါင်းစပ်ပေးရန်၊ ရခိုင်ပြည်နယ်အတွင်းရှိ တင်းမာမှုနှင့် အကြမ်းဖက်မှုများ၏ အကြောင်းရင်းများကို ဓမ္မဓိဋ္ဌာန်ကျကျ ဖြေရှင်းဆောင်ရွက်ရန်နှင့် အခြေခံပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လက်တွေ့ကျသော လုပ်ငန်းစဉ်များကို အကြံပြုရမည်ဖြစ်ရာ ကွဲပြားခြားနားနေသည့် ဦးတည်ချက်နှင့် သဘောထားများသည် ကော်မရှင်အတွက် စိန်ခေါ်မှုများကို ဖြစ်စေပါသည်။

- ရခိုင်ပြည်နယ်နှင့် ပြည်နယ်အတွင်းရှိ မျိုးနွယ်စုငယ်များ အပါအဝင် လူ့အဖွဲ့အစည်း တစ်ခုချင်းစီနှင့်သက်ဆိုင်သော စာရင်းအင်း၊ ကိန်းဂဏန်း အချက်အလက်များနှင့် အခြားသော သတင်းအချက်အလက်များကို ရရှိနိုင်ခဲ့မည်ဆိုပါက ကော်မရှင်၏ အကြံပြုချက်များသည် ပိုမိုရှင်းလင်း တိကျမည်ဖြစ်ပါသည်။

## (စ) ကျေးဇူးတင်လွှာ

ကော်မရှင်အား မဖွဲ့စည်းမီနှင့်ဖွဲ့စည်းပြီး နောက်ပိုင်းတလျှောက် ကူညီခဲ့ကြသော၊ တန်ဖိုးမဖြတ်နိုင်သည့် အထောက်အပံ့များနှင့် အကြံပြုချက်များကို ပေးခဲ့ကြသော ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ပါဝင်ဆောင်ရွက်နေကြသူများအားလုံးနှင့် အဖွဲ့အစည်းများအားလုံးအား ကော်မရှင်မှ အထူးပင် ကျေးဇူးတင်ရှိပါသည်။ ထိုကျေးဇူးတင်ထိုက်သူများတွင် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော် နှင့် အမျိုးသားလွှတ်တော်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်၊ ရခိုင်ပြည်နယ်အစိုးရ၊ ရခိုင်နှင့် မွတ်ဆလင် နိုင်ငံရေးပါတီများ၊ ဘာသာရေး အဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာများနှင့် IDP စခန်းများနှင့် ဒုက္ခသည်စခန်းများတွင်

နေထိုင်သူများ၊ ကုလသမဂ္ဂမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် လေ့လာဆန်းစစ်သူများ၊ ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံခြားသံတမန်များနှင့် ဘင်္ဂလား ဒေ့ရှ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံအပါအဝင် ဒေသအတွင်းရှိ တခြားသောနိုင်ငံများမှ တာဝန်ရှိသူများ၊ အာဆီယံ၊ အစ္စလာမ်နိုင်ငံများ ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (Organization of Islamic Conference - OIC) နှင့် ဥရောပသမဂ္ဂကဲ့သို့သော တခြားနိုင်ငံတကာ အဖွဲ့အစည်းများ ပါဝင်ပါသည်။

ဂျနီဗာမြို့ရှိ အမှုဆောင်ဒါရိုက်တာ Alan Doss ဦးဆောင်သည့် ကိုဖီအာနန် ဖောင်ဒေးရှင်းမှလည်း ရန်ကုန်မြို့ရှိ Andreas Indregard ဦးဆောင်သည့် ကော်မရှင်၏ အထောက်အကူပြုအဖွဲ့နှင့်ပူးပေါင်း၍ ကော်မရှင်အတွက် လိုအပ်သည့် အကူအညီပေးမှုများကို ကျယ်ပြန့်စွာဆောင်ရွက်ပေးခဲ့ပါသည်။

# ၂။ နောက်ခံသမိုင်းကြောင်း

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်သည် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအားလုံးအတွက် အနာဂတ်ကောင်းများ ဖြစ်ပေါ်လာစေရေးကို မျှော်မှန်း၍ ဆောင်ရွက်သကဲ့သို့ သမိုင်းကြောင်းများကိုကိုင်စွဲ၍ အပြန်အလှန်ပြောဆိုနေကြသည့် အကြောင်းအရာများကို ကျော်လွန်ကာ လူ့အဖွဲ့အစည်းများ အားလုံး၏ လိုအပ်ချက်များကို အဓိကထား စဉ်းစားဆောင်ရွက်နေသော်လည်း တစ်ဖက်တွင် ရခိုင်ပြည်နယ်ရှိ လက်ရှိစိန်ခေါ်မှုများ၏ နောက်ခံသမိုင်းကြောင်းများကို လေ့လာဖော်ထုတ်ရန် တာဝန်ပေးအပ်ခံထားရခြင်းလည်း ရှိနေပါသည်။ ထပ်တလဲလဲ အပြန်အလှန်ပြောဆိုနေကြသည့် အကြောင်းအရာများတွင် အဓိကပါဝင်နေသည့် အချက် (၂) ချက်ရှိပါသည်။ ပထမအချက်မှာ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများနှင့် ဗဟိုအစိုးရအကြား တည်ရှိနေသော ထိပ်တိုက်ရင်ဆိုင်မှု အသွင်ဆောင်သည့် ဆက်ဆံရေးနှင့် ဒုတိယအချက်မှာ ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းနှစ်ရပ်အကြားရှိ တင်းမာမှုများနှင့် ရံဖန်ရံခါ၌ အကြမ်းဖက်မှုအသွင်ကိုဆောင်သည့် ဆက်ဆံရေးများ ဖြစ်ကြပါသည်။ ကော်မရှင်အနေဖြင့် သတိပြုမိသည့်အချက်မှာ အကြမ်းဖက်ခံရမှုများ၊ တရားမျှတမှု မရရှိခဲ့ခြင်းများနှင့် လျစ်လျူရှုခံခဲ့ရခြင်းများကြောင့် ဖြစ်ပေါ်လာသည့် မကျေနပ်ချက်များသည် ရခိုင်နှင့် မွတ်ဆလင် လူ့အဖွဲ့အစည်းနှစ်ရပ်စလုံးတွင် သမိုင်းကြောင်းတလျှောက် နက်ရှိုင်းစွာအမြစ်တွယ်၍ တည်ရှိနေခဲ့သည်ဆိုသည့် အချက် ဖြစ်ပါသည်။ ရခိုင်နှင့် မွတ်ဆလင် လူ့အဖွဲ့အစည်းနှစ်ရပ်စလုံးသည် တစ်ဖက်နှင့်တစ်ဖက် အခြေအတင်ပြောဆိုကြရာတွင် သမိုင်းကြောင်းအပေါ် အဓိကအခြေခံပြောဆိုကြပြီး ၎င်းတို့ပြောဆိုသော သမိုင်းကြောင်းများမှာလည်း ကွဲပြားကာ တစ်ခါတစ်ရံ၌ တစ်ယောက်၏သမိုင်းတွင် အခြားတစ်ယောက်၏ သမိုင်းကို ထည့်သွင်းဖော်ပြပြောဆိုခြင်း မပြုကြခြင်းကို ကော်မရှင်မှ သတိပြုမိပါသည်။

ရခိုင်ပြည်နယ်သည် တောင်စဉ်တောင်တန်းကြီးများ၏ ပိုင်းခြားထားမှုကြောင့် မြန်မာနိုင်ငံ၏ တခြားသော အစိတ်အပိုင်းများမှ သီးခြားကွဲထွက်နေသကဲ့သို့ရှိပြီး ၎င်း၏သမိုင်းကြောင်း အများစုသည်လည်း မတူကွဲပြားသော နိုင်ငံရေးအခြေအနေတစ်ရပ်ဖြင့် တည်ရှိနေခဲ့ပါသည်။ ရခိုင်ပြည်နယ်သည် ရှေးပဝေသဏီကတည်းကပင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှာန်းနှင့် လွတ်လပ်စွာရပ်တည်ခဲ့သော ဘုရင့်နိုင်ငံဖြစ်ခဲ့ပြီး ရခိုင်တို့၏ နောက်ဆုံးထီးနန်းကို ၁၄၃၀ ခုနှစ်တွင် တည်ထောင်ခဲ့ကာ မြို့တော်မှာ မြောက်ဦး ဖြစ်ခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်

များနှင့် အာရှရှိ အစ္စလာမ်ဘာသာဝင်များနေထိုင်ရာ ဒေသများအကြားတွင် တည်ရှိသော ရခိုင်တို့၏နိုင်ငံတော်သည် ဘင်္ဂလားဒေသမှ အုပ်ချုပ်သူ ဆူလ်တန်များနှင့် စီးပွားရေး၊ ကုန်သွယ်မှုနှင့် အခြားသော အရေးကိစ္စများနှင့်ပတ်သက်၍ ခိုင်မာသည့် ဆက်ဆံရေးများ ရှိခဲ့ပါသည်။ ဗမာတို့ အုပ်ချုပ်မှုပြုသည့် ၁၇၈၄-၁၇၈၅ ခုနှစ် ကာလမတိုင်ခင်အထိ မြောက်ဦးမြို့သည် နှစ်ပေါင်း (၃၅၀) တိုင်အောင် ကုန်သွယ်ရေး၏ ဗဟိုအချက်အချာ ဒေသအဖြစ် စည်ပင်ထွန်းကားခဲ့ပါသည်။ ရခိုင်နိုင်ငံအား ဗမာတို့ အုပ်ချုပ်၍ မကြာမီ မှာပင် (၁၈၂၄ - ၁၈၂၆) ခုနှစ်ကာလတွင် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲဖြစ်ပွားကာ ရခိုင်ဒေသသည် ဗြိတိသျှတို့၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိခဲ့ပြီး၊ နောက်ပိုင်းတွင် ဗြိတိသျှတို့၏ အိန္ဒိယကိုလိုနီအတွင်းသို့ သွတ်သွင်းခြင်းကို ခံခဲ့ရပါသည်။

ရခိုင်နိုင်ငံကို ဗမာတို့သိမ်းပိုက်ခြင်းမပြုခင် အချိန်ကတည်းက ရခိုင်တွင် မွတ်ဆလင် လူ့အဖွဲ့အစည်းတစ်ရပ်ရှိနေခဲ့ပြီး ဖြစ်သော်လည်း ၎င်းတို့၏ လူဦးရေအချိုးအစားသည် ကိုလိုနီခေတ်ကာလများတွင် လျင်မြန်စွာ တိုးတက်လာခဲ့ပါသည်။ ဗြိတိသျှတို့၏ ရခိုင် ဒေသအတွင်း ဆန်စပါးစိုက်ပျိုးမှု တိုးချဲ့ရေးမူဝါဒအရ ပြည်နယ်အတွင်း ဆန်စပါးစိုက်ပျိုး ထုတ်လုပ်နှုန်း တိုးတက်ရေးအတွက် လိုအပ်သော လုပ်သားအင်အား ကို ဘင်္ဂလားဒေသမှ မွတ်ဆလင်အများအပြား ခေါ်ယူဖြည့်တင်းကာ လုပ်ဆောင်စေခဲ့ပါသည်။ အဆိုပါလုပ်သား များထဲမှ အများစုသည် စိုက်ပျိုးရေးရာသီရောက်မှသာ လာရောက်လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးရာသီကုန်ဆုံးပါက မိမိတို့နေရပ်သို့ ပြန်ကြသော်လည်း တချို့မှာမူ ရခိုင်ဒေသအတွင်းရှိ လူမျိုးစုများနှင့် တခြားသော ဘာသာကိုးကွယ်သူများအကြား ရောနှောကာ အခြေချနေထိုင်လာခဲ့ကြပါသည်။ ၁၈၈၀ ခုနှစ်များမှ ၁၉၃၀ ခုနှစ်များအထိ မွတ်ဆလင်လူ့အဖွဲ့အစည်း၏ လူဦးရေအချိုးအစားသည် တပြည်နယ်လုံး၏ စုစုပေါင်း လူဦးရေ၏ (၁၃) ရာခိုင်နှုန်းခန့် ရှိရာမှ (၂၅) ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့သည့်အတွက် ရှိပြီးလူဦးရေ၏ နှစ်ဆတိုးတက်ခဲ့သည်ဟု ယူဆနိုင်ပါသည်။[2] ထိုအချိန်မှစ၍ မွတ်ဆလင် ဦးရေ တိုးနှုန်းသည် သိသာစွာ နှေးကွေးလာပြီး ယခုအခါတွင် ပြည်နယ်အတွင်းရှိ စုစုပေါင်းလူဦးရေ၏ သုံးပုံတစ်ပုံခန့်သာရှိသည်ဟု ခန့်မှန်းရပါသည်။

ရခိုင်နှင့် မွတ်ဆလင်တို့သည် ရခိုင်ပြည်နယ်အတွင်း၌ အချိန်ကာလရှည်ကြာစွာ ငြိမ်းချမ်းစွာဖြင့် အတူတကွ ယှဉ်တွဲနေထိုင်ခဲ့ကြပါသည်။ သို့ရာတွင် (၁၉) ရာစု အလယ်ပိုင်းမှစတင်ကာ ဗုဒ္ဓဘာသာဝင်များနှင့် မွတ်ဆလင်များ အကြားရှိခဲ့သော

---

2 *Report on the Census of British Burma, Part I: The Enumeration and Compilation of Results*, 1881; *Census of India 1931, Vol XI: Burma, Part I: Report*, 1933.

အပြန်အလှန် ပူးပေါင်းကူညီမှုနှင့်အတူ ယှဉ်တွဲနေထိုင်ခဲ့မှုများသည် နှစ်ဖက်လူ့အဖွဲ့အစည်းအကြားရှိ တင်းမာမှုများနှင့် လက်နက်ကိုင် ဆူပူလှုပ်ရှားမှုများကြောင့် မကြာခဏ ပျက်ပြားလာခဲ့ပါသည်။ ၁၉၄၂-၁၉၄၃ ခုနှစ်များတွင် အင်္ဂလိပ် - ဂျပန် စစ်ပွဲကြောင့် အခြေအနေများ မငြိမ်မသက်ဖြစ်နေစဉ် ကာလအတွင်းတွင် နှစ်ဖက်လူ့အဖွဲ့အစည်းသည် အကြမ်းဖက်မှုဒဏ်နှင့် နေရပ်မှ စွန့်ခွာထွက်ပြေးရမှုတို့၏ ဒဏ်ကို ခံစားခဲ့ကြရပါသည်။ တဖန် ၂၀၁၂ ခုနှစ်၊ ဇွန်လနှင့် အောက်တိုဘာလ အတွင်းတွင် ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းအကြား အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့ပါသည်။ ၎င်းအကြမ်းဖက်မှုတွင် အနည်းဆုံး (၁၉၂) ဦး - [မွတ်ဆလင် (၁၃၄) ဦး နှင့် ရခိုင် (၅၈) ဦး] -သေဆုံးခဲ့ရပါသည်။ အကြမ်းဖက်မှု ဒဏ်ကို လူ့အဖွဲ့အစည်းနှစ်ရပ်စလုံး ခံခဲ့ကြရသော်လည်း ပဋိပက္ခပိုင်ဆိုင်မှုများ ဖျက်ဆီးခံခဲ့ရမှုအခြေအနေမှာ ညီမျှမှုမရှိသည်ကို တွေ့ရပါသည်။ ဖျက်ဆီးခံခဲ့ရသည့် လူနေအိမ် (၈,၆၂၄) လုံးအနက် (၇,၄၂၂) လုံးမှာ မွတ်ဆလင်များပိုင်ဆိုင်သည့် နေအိမ်များဖြစ်ပြီး၊ ယင်းပမာဏသည် ပျက်စီးဆုံးရှုံးမှု စုစုပေါင်း၏ (၈၇) ရာခိုင်နှုန်းခန့် ဖြစ်ပါသည်။[3] ထို့ပြင် ပဋိပက္ခများကြောင့် အိုးမဲ့ အိမ်မဲ့ဖြစ်ကာ နေရပ် စွန့်ခွာထွက်ပြေးရသူအရေအတွက် (၁၄၀,၀၀၀) နီးပါးရှိရာတွင်၊ ယင်း၏ (၉၅) ရာခိုင်နှုန်းကျော်မှာ မွတ်ဆလင်များဖြစ်ပြီး ယင်းအရေအတွက်ရှိ (၁၂၀,၀၀၀) ဦးရေခန့်သည် သန့်ရှင်းမှုနည်းပါးသည့်အပြင် အခြေအနေမကောင်းသည့် IDP စခန်းများတွင် နေထိုင်နေကြရပါသည်။ စစ်တွေမြို့တွင်းနှင့် ကျောက်ဖြူမြို့နယ် အပါအဝင် ပြည်နယ်အတွင်းရှိ နေရာဒေသ အတော်များများတွင် မွတ်ဆလင်များသည် မိမိတို့၏နေအိမ်မှ စွန့်ခွာခဲ့ရပါသည်။

အချိန်ကာလနှင့် ကြိုးပမ်းမှုအတိုင်းအတာ မတူညီခဲ့ကြသော်လည်း ရခိုင်နှင့် မွတ်ဆလင်တို့သည် ဗဟိုအစိုးရအား လက်နက်ကိုင် တော်လှန်မှုများပြုလုပ်ကာ နိုင်ငံရေးအရ ၎င်းတို့လိုချင်သည့်အခွင့်အရေးများကို တိုးမြှင့်ရရှိနိုင်ရေးအတွက် ကြိုးပမ်းခဲ့ကြပါသည်။ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် မကြာမီကာလမှာပင် ရခိုင်ပြည်နယ် အတွင်း၌ မူဂျာဟစ်ဒင် (**Mujahidin**) ဟုခေါ်သော မွတ်ဆလင် သူပုန်အဖွဲ့တစ်ဖွဲ့ ပေါ်ပေါက်လာကာ မွတ်ဆလင်များ သာတူညီမျှသည့် အခွင့်အရေးများရရှိရေးနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မွတ်ဆလင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသပေးရေးတို့ကို တောင်းဆိုခဲ့ကြပါသည်။ အဆိုပါ ပုန်ကန်မှုသည် အရေးနိမ့်သွားခဲ့သော်လည်း ၁၉၈၀ ခုနှစ်များတွင် Rohingya Solidarity Organization (RSO) အမည်ဖြင့် လက်နက်ကိုင်

3 *Final Report of Inquiry Commission on Sectarian Violence in Rakhine State*, July 2013.

ပုန်ကန်မှုကို ပြန်လည်အစပျိုးလာခဲ့ပြန်ပါသည်။ သို့ရာတွင် ၁၉၉၀ ခုနှစ်များ နောက်ပိုင်းတွင် ယင်းအဖွဲ့၏ စစ်ရေးစွမ်းဆောင်နိုင်မှုများ ကျဆင်းလာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့တွင် အစိုးရ၏ လုံခြုံရေးတပ်ဖွဲ့အား တိုက်ခိုက်ခဲ့သော Harakat al.Yaqin (နောင်တွင် Arakan Rohingya Salvation Army (ARSA) ဟု ပြောင်းလဲခေါ်ဝေါ်သည်) အဖွဲ့၏ တိုက်ခိုက်မှုသည် လက်ရှိကာလတွင် မှတ်ဆလင်များက အစိုးရတပ်များအား တိုက်ခိုက်ခဲ့သည့် တိုက်ခိုက်မှုများထဲတွင် အပြင်းထန်ဆုံးတိုက်ခိုက်မှု တစ်ခုဖြစ်ပါသည်။ ရခိုင်လူမျိုးဘက်တွင်လည်း အမျိုးသားရေးဝါဒီများနှင့် ကွန်မြူနစ်ဝါဒီများသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့် အချိန်ကာလကတည်းကပင် စတင်၍ မြန်မာ့တပ်မတော်အား လက်နက်ကိုင်တော်လှန်ပုန်ကန်မှုများကို ပြုခဲ့ကြပါသည်။ ယနေ့အချိန်ကာလတွင် ရခိုင်တို့၏ အင်အားအများဆုံး လက်နက်ကိုင်လှုပ်ရှားမှုမှာ ကချင်ပြည်နယ်တွင် ၂၀၀၉ ခုနှစ်၌ စတင်တည်ထောင်ဖွဲ့စည်းခဲ့သည့် Arakan Army – AA ဖြစ်ပါသည်။ AA သည် ရခိုင်ပြည်နယ်အတွင်း နေရာယူမှုနှင့် စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်နိုင်မှုကို တဖြည်းဖြည်းချင်း တိုးချဲ့လုပ်ဆောင်လာပါသည်။ လွန်ခဲ့သည့်နှစ်ကာလများအတွင်းတွင် မြန်မာအစိုးရ၏ လုံခြုံရေးဝန်ထမ်းအများအပြားသည် AA ၏ သတ်ဖြတ်ခြင်းကိုခံခဲ့ကြရသည်ဟု သတင်းများအရ သိရှိရပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်းအကြား ဖြစ်ပေါ်နေသော ပဋိပက္ခသည် လူ့အဖွဲ့အစည်း တစ်ဖက်နှင့် တစ်ဖက်အကြား တရားသေစွဲကိုင်ပြောဆိုနေကြသည့် အကြောင်းအရာများအချင်းချင်း ပွတ်တိုက်မိကြသည့် အခြေအနေတစ်ခုဟူ၍ အတိုင်းအတာတစ်ခုအထိ ဆိုနိုင်ပါသည်။ ရှေ့တွင်တင်ပြခဲ့သည့်အတိုင်းပင် ရခိုင်နှင့် မွတ်ဆလင်လူ့အဖွဲ့အစည်း နှစ်ရပ်စလုံးသည် ၎င်းတို့၏နိုင်ငံရေးအရ လိုလားတောင်းဆိုချက်များကို တရားဝင်ရရှိနိုင်စေရန်၊ နှစ်ကာလရှည်ကြာစွာ အကြမ်းဖက်ခံရမှု၏ သားကောင်များဖြစ်ခဲ့ခြင်းနှင့် သမိုင်းကြောင်းတစ်လျှောက် တရားမျှတမှု မရရှိခဲ့ခြင်းတို့ကို ပေါ်လွင်စွာ တင်ပြစေရန်အတွက် မိမိတို့၏ သမိုင်းအကြောင်းအရာ၊ အချက်အလက်များကို အဓိကစွဲကိုင်ကာ ပြောဆိုနေကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် လူ့အဖွဲ့အစည်း နှစ်ရပ်စလုံးသည် ၎င်းတို့ပြောဆိုနေသည့် အကြောင်းအရာများထဲတွင် တစ်ဖက်၏ ကြောက်ရွံ့စိုးရိမ်မှုနှင့် နစ်နာမှုများကို ထည့်သွင်းပြောဆိုခြင်းမပြုကြဘဲ မိမိတို့အုပ်စု၊ မိမိတို့အသိုင်းအဝိုင်း တစ်ခုတည်းအတွက်ကိုသာ တစ်ဖက်တည်း ဖော်ပြပြောဆိုနေကြသည်ကို ဝမ်းနည်းစွာ တွေ့ရပါသည်။

# ၃။ အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များ

## ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု

ရခိုင်ပြည်နယ်သည် မြေဆီမြေသြဇာကောင်းမွန်ပြီး တခြားသော ပြည်နယ်များနှင့် နှိုင်းယှဉ်ပါက ကြွယ်ဝကောင်းမွန်သော သဘာဝအရင်းအမြစ်ရှိကာ မဟာဗျူဟာမြောက်၊ အချက်အချာကျသောနေရာတွင် တည်ရှိပါသည်။ သို့ရာတွင် ပြည်နယ်၏ စီးပွားရေး အခြေအနေသည် ရပ်တန့်နေသည့် အနေအထားတွင်ရှိကာ ရင်းနှီးမြှုပ်နှံမှု အင်အား နည်းပါး၍ ဖွံ့ဖြိုးမှုအားနည်းသော အခြေအနေတွင် ရှိနေပါသည်။ ပြည်နယ်၏ ဆင်းရဲနွမ်းပါးမှုနှုန်းသည် (၇၈) ရာခိုင်နှုန်းရှိကာ ၎င်းသည် နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်း ဖြစ်သော (၃၇. ၅၄) ရာခိုင်နှုန်း၏ နှစ်ဆနီးပါး[4] ဖြစ်ပါသည်။ ဖော်ပြပါပမာဏသည် ပြည်နယ်အား နိုင်ငံအတွင်းရှိ အဆင်းရဲဆုံး ဒေသများထဲမှ တစ်ခုအဖြစ်သို့ ရောက်ရှိစေပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံးသည် ဆင်းရဲနွမ်းပါးမှု၊ နိမ့်ကျသော လူမှုဖူလုံရေးဝန်ဆောင်မှုနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အရေးများရှားပါးမှုတို့ကို ရင်ဆိုင်ခံစားနေကြရပါသည်။

ရခိုင်ပြည်နယ် စီးပွားရေး၏ အဓိကအစိတ်အပိုင်းမှာ လယ်သမားများ၊ တံငါသည်များနှင့် အိမ်တွင်း မိသားစုပိုင်လုပ်ငန်းများဖြစ်ကြပြီး စိုက်ပျိုးရေးကဏ္ဍရှိ လုပ်ခများမှာ လွန်စွာနည်းပါးပါသည်။ နိုင်ငံအတွင်းရှိ အခြားဒေသများထက် ရခိုင်ပြည်နယ်တွင် မြေမဲ့ယာမဲ့ဖြစ်မှု အခြေအနေမှာ ပိုမိုများပြားသည်ကို တွေ့ရပါသည်။ မြေမဲ့ယာမဲ့သူ အများစုမှာ ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသတွင် နေထိုင်ကြပြီး ၎င်းဒေသအတွင်းရှိ အိမ်ထောင်စု စုစုပေါင်း၏ (၆၀) ရာခိုင်နှုန်းမှာ မြေယာမဲ့များ ဖြစ်ကြပါသည်။[5] လွန်ခဲ့သောနှစ်များအတွင်း မြန်မာနိုင်ငံရှိ တခြားသောဒေသများ၏ စီးပွားရေးမှာ အချိန်တိုအတွင်း လျင်မြန်စွာတိုးတက်လာခဲ့သည်ကို တွေ့မြင်ရသော်လည်း ရခိုင်ပြည်နယ်၏ စီးပွားရေး အခြေအနေများမှာ နောက်ကျကျန်နေခဲ့သည်ကို တွေ့ရပါသည်။ လက်ရှိကာလတွင်

---

4 *Myanmar Poverty and Living Conditions Survey*, World Bank, January 2015.

* အထက်ပါ ဖော်ပြထားချက်အစား မှန်ကန်သည့် ဖော်ပြချက်မှာ "World Bank. *Myanmar: Ending poverty and boosting shared prosperity in a time of transition. A Systematic Country Diagnostic, Report No. 93050-MM.* July 2014." ဖြစ်ပါသည်။ သို့ရာတွင် အစိုးရ၏ စာရင်းဇယားများအရ ရခိုင်ပြည်နယ်၏ ဆင်းရဲနွမ်းပါးမှုနှုန်းသည် (၄၃. ၅) ရာခိုင်နှုန်းရှိပြီး တစ်နိုင်ငံလုံး၏ ဆင်းရဲနွမ်းပါးမှုနှုန်းသည် (၂၅. ၆) ရာခိုင်နှုန်းဖြစ်ကြောင်းကိုလည်း ကော်မရှင်အနေဖြင့် သတိပြုမိပါသည်။ (*Integrated Household Living Condition Assessment Survey*, 2010).

5 *Food Security Assessment in Northern Rakhine State Myanmar*, World Food Program (WFP), February 2011.

နိုင်ငံတကာအသိုင်းအဝိုင်းက ရခိုင်ပြည်နယ်အား ဆူပူမှုများဖြစ်ပွားနေပြီး လူ့အသိုင်းအဝိုင်း ခွဲခြားမှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို မကြာခဏဆိုသလို ပြုလုပ်နေသည့်နေရာအဖြစ် သတ်မှတ်ထားရာ ယင်းအခြေအနေသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန်အတွက် အဟန့်အတားဖြစ်စေပါသည်။

ထို့ပြင် မကြာခဏဆိုသလို ဖြစ်ပေါ်လေ့ရှိသည့် ဆိုင်ကလုန်းမုန်တိုင်းများကဲ့သို့သော သဘာဝဘေးအန္တရာယ်များ၊ ရာသီဥတုပြောင်းလဲခြင်းများ၏ အကျိုးသက်ရောက်မှုများ အပါအဝင် အမျိုးမျိုးသော ကိစ္စရပ်များသည် ပြည်နယ်အတွင်း စီးပွားတိုးတက်မှု အလားအလာကောင်းများကို လျော့နည်းသွားစေပါသည်။ သို့ရာတွင် ပြည်နယ်၏ တိုးတက်မှုနှင့် ဖွံ့ဖြိုးမှုကို အဓိကအဟန့်အတားဖြစ်စေသည့် အတားအဆီးအများစုမှာ လူများကြောင့် ဖြစ်နေရပါသည်။ ၂၀၁၂ ခုနှစ်အတွင်း နှစ်ဖက်လူ့အဖွဲ့အစည်းအကြား ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှု၏ ဂယက်များသည် နှစ်ဖက်လူ့အဖွဲ့အစည်းအကြားရှိ ယုံကြည်မှုကို လျော့နည်းစေခဲ့သည့်အပြင် ပြည်နယ်တဝှမ်းရှိ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးတို့ကို အနှောင့်အယှက်ဖြစ်စေခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးအပေါ်တွင်လည်း ထိခိုက်နစ်နာမှုများ ရှိခဲ့ပါသည်။ ထို့ပြင် လူ့အဖွဲ့အစည်း နှစ်ရပ်အကြားတွင် ဆက်စပ်မှုမရှိတော့ဘဲ သီးခြားစီနေသည့် အခြေအနေဖြစ်လာခြင်းကြောင့် ရခိုင်နှင့် မွတ်ဆလင် လုပ်သားအင်အားများအပေါ် မှီခိုဆောင်ရွက်နေကြရသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့၏ ကုန်ထုတ်လုပ်မှု စွမ်းအားကျဆင်းမသွားစေရန် ရုန်းကန်လှုပ်ရှားကြရသော အခြေအနေကို ဖြစ်ပေါ်စေခဲ့ပါသည်။ တချို့သော ရခိုင်လုပ်ငန်းရှင်များသည် မွတ်ဆလင်အလုပ်သမားများကို ငှားရမ်းခြင်းမပြုရန် ရခိုင် အမျိုးသားရေးဝါဒီများ၏ ပြင်းထန်သော ဖိအားပေးမှုကိုရင်ဆိုင်ကြရပြီး ယင်းအခြေအနေသည် အလုပ်သမားဈေးကွက်ကို ပျက်ပြားစေကာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုကိုလည်း ပိတ်ပင်ရာ ရောက်ပါသည်။ တချို့သောနေရာများတွင် နှစ်ဖက်လူ့အဖွဲ့အစည်းအကြား၌ ကူးလူးဆက်ဆံ ရောင်းဝယ်ဖောက်ကားမှုပြုခြင်းများ ရှိကြသော်လည်း ထိုသို့ ပြုလုပ်သောသူများသည် နှစ်ဖက်လူ့အဖွဲ့အစည်းအတွင်းရှိ သဘောထားတင်းမာသူများ၏ ခြိမ်းခြောက်မှုကို မကြာခဏခံကြရသည့်အတွက် နှစ်ဖက်လူ့အဖွဲ့အစည်းအကြား ဆက်ဆံရေးကို ထိခိုက်စေပါသည်။

မွတ်ဆလင် လူ့အသိုင်းအဝိုင်း၏ လွတ်လပ်စွာသွားလာနိုင်ခွင့်အပေါ် ကန့်သတ်ချက်များ ထားရှိခြင်းနှင့် မွတ်ဆလင် (၁၂၀,၀၀၀) ခန့်သည် နိုင်ငံတကာ အကူအညီပေးမှုကို မှီခိုကာ IDP စခန်းများအတွင်းတွင် နေထိုင်နေကြရခြင်းတို့သည် ပြည်နယ်အတွင်းရှိ

စီးပွားရေးလုပ်ငန်းများ၏ လုပ်ဆောင်လည်ပတ်နိုင်မှုအပေါ်တွင် ကြီးမားသည့် ထိခိုက်နစ်နာမှုများကို ဖြစ်စေပါသည်။ ထိုသို့သော ကန့်သတ်ချက်များသည် မွတ်ဆလင် စီးပွားရေးလုပ်ငန်းများနှင့် မွတ်ဆလင်လုပ်သားများအား ပြည်နယ်၏ စီးပွားရေး လုပ်ငန်းများအတွင်းသို့ ဝင်ရောက်လုပ်ကိုင်နိုင်မှုကို ပိတ်ပင်တားဆီးရာရောက်ပြီး ၎င်းတို့အား ဥပဒေနှင့်ဆန့်ကျင်သည့် တရားမဝင်သော လုပ်ငန်းများကို လုပ်ဆောင်သွားစေသည့် အခြေအနေသို့ တွန်းပို့ရာလည်း ရောက်ပါသည်။ ထို့ပြင် ယင်းသို့သော ရှုပ်ထွေးသည့် ကန့်သတ်ချက်များသည် ခရီးသွားလာခွင့်နှင့် ကူးသန်း ရောင်းဝယ်ရေးဆိုင်ရာ ခွင့်ပြုချက်များ ရရှိရေးအတွက် အစိုးရဝန်ထမ်းများအား လာဘ်ထိုးရခြင်းများကို ဖြစ်လာစေသောကြောင့် ယင်းအခြေအနေသည် အများအတွက် အကျိုးဖြစ်ထွန်းခြင်းမရှိဘဲ မိမိအကျိုးအတွက်သာ အလေးထားဆောင်ရွက်သည့် အလေ့အထများကို ဖြစ်ပေါ်လာစေပါသည်။ ထိုသို့သော အခက်အခဲများသည် မွတ်ဆလင် လူ့အဖွဲ့အစည်းအတွင်း၌သာ ဖြစ်ပေါ်နေသည်မဟုတ်ပါ။ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအားလုံးအနေဖြင့် အစိုးရ၏ခွင့်ပြုချက်ကိုရရှိရန်အတွက် စရိတ်စကများစွာ အကုန်အကျခံရခြင်းနှင့် ခက်ခဲစွာ ကြိုးပမ်းဆောင်ရွက်ကြရခြင်းတို့ကို ပြုကြရသောကြောင့် စီးပွားရေးလုပ်ငန်းအသစ်များ (သို့မဟုတ်) စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လိုသောသူများ စိတ်ပျက်အားလျော့ရပါသည်။ ထိုသူများအနေဖြင့် ဈေးကြီးပေးရသည့် လုပ်ငန်းခွင့်ပြုချက်လိုင်စင်များ၊ ထိရောက်မှုမရှိသော အစိုးရ၏ လုပ်နည်းလုပ်ဟန်များနှင့် အကျင့်ပျက်မှုအခြေအနေများကိုရင်ဆိုင်ရင်း လုပ်ငန်းများကို ဖြေရှင်းဆောင်ရွက်ကြရပါသည်။ ထို့ပြင် အကြောက်တရားနှင့် ယုံကြည်မှုအားနည်းခြင်းတို့ကလည်း စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လိုခြင်းကို အဟန့်အတား ဖြစ်စေပါသည်။

ကာလရှည်ကြာစွာ တည်ငြိမ်အေးချမ်းမှုမရှိခြင်းနှင့် အကြမ်းဖက်မှုအခြေအနေများ၏ ခြိမ်းခြောက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းကင်းမဲ့သည့် အခြေအနေအရပ်ရပ်တို့ကြောင့် ပြည်နယ်အတွင်းရှိ ရခိုင်နှင့် မွတ်ဆလင်များသည် မိမိတို့၏နေရပ်ကို စွန့်ခွာ၍ တခြားဒေသများသို့ထွက်ခွာကြရာ ယင်းသည် ပြည်နယ်အတွင်းရှိ ကဏ္ဍအသီးသီး၌ အလုပ်သမားရှားပါးမှုပြဿနာကို ပေါ်ပေါက်လာစေပါသည်။ ထို့ပြင် ပြည်နယ်အတွင်းရှိ ပညာတတ်၍ လုပ်ငန်းကျွမ်းကျင်ပြီး အတွေ့အကြုံရှိသည့် လုပ်သားအင်အားများသည် တခြားသော အရပ်ဒေသများသို့ သွားရောက်၍ အလုပ်အကိုင်ရှာဖွေကြခြင်းကြောင့် ပြည်နယ်အတွင်း၌ ဦးနှောက်ယိုစီးမှုပြဿနာ **(Brain Drain)** ကိုပါ ရင်ဆိုင်နေကြရကြောင်းကို လူ့အဖွဲ့အစည်း တချို့က ညည်းညူပြောဆိုကြပါသည်။ ရခိုင်လူ့အဖွဲ့အစည်း၌ ကျွမ်းကျင်မှုမရှိသော အလုပ်သမားများသည်ပင်လျှင် ဥပမာအားဖြင့် ကချင်ပြည်နယ်ရှိ ကျောက်တူးလုပ်ငန်း

များသို့ လည်းကောင်း (သို့မဟုတ်) ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံများသို့လည်းကောင်း သွားရောက်လုပ်ကိုင်လျက်ရှိနေပါသည်။ ထို့ပြင် ဆင်းရဲနွမ်းပါးမှုနှင့် ခွဲခြားနှိမ့်ချ ဆက်ဆံခံရခြင်းတို့က ထောင်ပေါင်းများစွာသော မွတ်ဆလင်များကို မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများကဲ့သို့သော ဒေသအတွင်းရှိ တခြားနိုင်ငံများတွင် အခြေချနေထိုင်ခြင်းများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ထိုသို့ တခြားဒေသများသို့ ထွက်ခွာကြရာတွင် အများစုသည် တရားမဝင်မှောင်ခို ကွန်ရက်များအပေါ် အဓိကမှီခိုကြရပြီး ထိုသူများထဲမှ အများစုသည် အန္တရာယ်များလှသော ပင်လယ်ရေကြောင်း ခရီးစဉ်အတွင်း၌ပင် သေဆုံးကြရသည်ဟု ယူဆရပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ အမျိုးသမီးလုပ်သားများမှာ စိန်ခေါ်မှုများကို ပိုမိုရင်ဆိုင်ကြရပြီး စိုက်ပျိုးရေးလုပ်ငန်းများတွင်ပင်လျှင် အမျိုးသားလုပ်သားများ ရရှိသောလုပ်ခများနှင့် နှိုင်းယှဉ်ပါက ပိုမိုနည်းပါးသည့်လုပ်ခကို ရရှိနေကြပါသည်။ ရခိုင်လူ့အဖွဲ့အစည်းအတွင်း၌ အလုပ်အကိုင်ရရှိရေးအတွက် အမျိုးသမီးများသည် အမျိုးသားများထက်ပို၍ ပြည်နယ်မှ ထွက်ခွာကြပါသည်။ ပြည်နယ်အတွင်းမှ အမျိုးသားလုပ်သားများ ရွှေ့ပြောင်းထွက်ခွာမှုများကြောင့် ကျန်ရှိခဲ့သော အမျိုးသမီးများက လုပ်ငန်းတာဝန်များကို ပိုမိုထမ်းဆောင်ကြရပါသည်။ အမျိုးသမီးများ အထူးသဖြင့် အိမ်ထောင်မရှိသေးသူများနှင့် မုဆိုးမများသည် ငွေချေးယူရာတွင် ပို၍အခက်အခဲတွေ့ကြရပါသည်။ အချို့သော လူ့အဖွဲ့အစည်းများတွင် အမျိုးသမီးများသည် အမွေဆက်ခံနိုင်သည့် အခွင့်အရေးကို မရရှိကြသောကြောင့် ယင်းသည် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများအတွက် ကြီးမားသည့် အခက်အခဲများကို ဖြစ်ပေါ်လာစေပါသည်။ ကုန်ထုတ်လုပ်မှုကဏ္ဍတွင်လည်း အမျိုးသမီးများအတွက် အလုပ်အကိုင်ရရှိနိုင်မှု အခွင့်အလမ်းများသည် အကန့်အသတ်ဖြင့်သာ ရှိနေဆဲဖြစ်ပါသည်။ မွတ်ဆလင်အမျိုးသမီးများအတွက် အလုပ်အကိုင်ရွေးချယ်နိုင်ခွင့်မှာ ပို၍ပင်နည်းပါးပါသည်။ ၎င်းတို့၏ ပညာအရည်အချင်းနိမ့်ပါးခြင်းနှင့် ၎င်းတို့၏ သွားလာလှုပ်ရှားခွင့်များကို တင်းကျပ်စွာကန့်သတ်ထားခြင်းတို့ကြောင့် မွတ်ဆလင်အမျိုးသမီးများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဝင်ရောက်လုပ်ဆောင်ရာတွင် အခက်အခဲများ တွေ့ကြုံနေရပါသည်။

ရခိုင်ပြည်နယ်တွင် လုပ်သားအင်အားများများ ခန့်ထားနိုင်သော လုပ်ငန်းကဏ္ဍများ **(Mass Employment Sectors)** သည် အခြားပြည်နယ်နှင့် တိုင်းဒေသကြီး များထက်နည်းပါးနေပါသည်။ အကောင်းဆုံးအခြေအနေများ ရရှိလျှင်ပင် လက်ရှိ ရခိုင်ပြည်နယ်၏ စီးပွားရေး အလားအလာကောင်းများကို ဟန့်တားနေသော ဖွဲ့စည်းတည်ဆောက်ပုံစနစ်နှင့်

နိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများကို အချိန်များစွာယူ၍ ဖြေရှင်းဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါအခြေအနေသည် လုံးလုံးလျားလျား ဆိုးရွားနေသည့် အခြေအနေ မဟုတ်ပါ။ ရခိုင်ပြည်နယ်တွင် အဓိကအားဖြင့် ကမ်းလွန်ဒေသများ၌ သဘာဝသယံဇာတများ ပေါကြွယ်ဝပြီး စိုက်ပျိုးရေးကဏ္ဍတွင်လည်း ကျေနပ်လက်ခံနိုင်သည့် ကောင်းမွန်သော အစိုးရမူဝါဒများကို ချမှတ်နိုင်ပါက ထုတ်လုပ်မှုနှင့် အကျိုးအမြတ်ရရှိမှုများ သိသိသာသာတိုးတက် ကောင်းမွန်လာနိုင်ပါသည်။ စက်ပစ္စည်းအစားထိုးသုံးစွဲမှုများကို တိုးမြှင့်ပေးခြင်း၊ ကောင်းမွန်သော ဝန်ဆောင်မှုများကို တိုးချဲ့ပံ့ပိုးပေးခြင်း၊ စွမ်းဆောင်ရည်များ ပိုမိုဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ပေးခြင်းနှင့် ပိုမိုကောင်းမွန်ပြီး အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးသွင်းအားစုများကို လယ်သမားများအား ထောက်ပံ့ပေးခြင်းတို့ကို ပေါင်းစည်းဆောင်ရွက်ပေးလိုက်ပါက စိုက်ပျိုးရေးကဏ္ဍ၏ ထုတ်လုပ်နိုင်စွမ်းသည် အချိန်နှင့်အမျှ အရှိန်အဟုန်နှင့် တိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ထို့ပြင် အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာပါက ပြည်နယ်၏ စိုက်ပျိုးရေး ထုတ်ကုန်များကို ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ဒေသအတွင်းရှိ တခြားသောနိုင်ငံများသို့ တင်ပို့လာနိုင်မည်ဖြစ်ပါသည်။ ပြည်နယ်အတွင်း အစပျိုးဖြစ်တည်နေစဖြစ်သော အထည်ချုပ်စက်ရုံလုပ်ငန်းများကို တိုးချဲ့ပေးလိုက်မည်ဆိုပါက ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအားလုံးအတွက် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းသစ်များ ပိုမိုပေါ်ထွန်းလာမည်ဖြစ်ပါသည်။

ထို့ပြင် ရခိုင်ပြည်နယ်သည် ဂေဟစနစ်ကမ်းခြေအပါအဝင် မြန်မာနိုင်ငံရှိ အလှပဆုံးသော ကမ်းခြေများ အများစုတည်ရှိရာနေရာဌာနဖြစ်ခြင်းနှင့် မြောက်ဦးကဲ့သို့သော ထင်ရှားသော သမိုင်းဝင်အဆောက်အအုံများရှိရာ နေရာဌာနဖြစ်ခြင်းတို့ကြောင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများအတွက် အခွင့်အလမ်းကောင်းများရှိနေပါသည်။ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာပါက ဖော်ပြပါနေရာ ဌာနများသည် ယနေ့လာရောက်လည်ပတ်နေသော ကမ္ဘာလှည့်ခရီးသွားဦးရေထက် ပိုမိုများပြားသောအရေအတွက်ကို ဆွဲဆောင်ခေါ်ယူပေးနိုင်မည် ဖြစ်ပါသည်။ ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာနသည် နိုင်ငံခြားသားဧည့်သည်များကို လက်ခံတည်းခိုခွင့်ပြုနိုင်ရန် မှတ်ပုံတင်ထားသည့် ဟိုတယ်များတွင် အနည်းဆုံး အခန်း (၁၀) ခန်း ရှိရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ထိုပြဋ္ဌာန်းထားသော စည်းမျဉ်းဥပဒေကို ပြောင်းလဲပေးခြင်းအားဖြင့် မြန်မာလုပ်ငန်းရှင်များသာ ပုံမှန်အားဖြင့် လွှမ်းမိုးထားသော ခရီးသွားလုပ်ငန်းအတွင်းသို့ ဒေသခံစီးပွားရေးလုပ်ငန်းရှင် အရေအတွက် ပိုမိုတိုးတက်စွာ ဝင်ရောက်လာနိုင်မည် ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အတွင်း၌ ပြည်နယ်၏စီးပွားရေးကို ကြီးမားစွာ အကျိုးသက်ရောက်

မှုကိုပြနိုင်သော အရင်းအနှီးလွန်စွာ ကြီးမားသည့် စီမံကိန်းအချို့လည်း ရှိပြီးဖြစ်ပါသည်။ ပထမတစ်ခုမှာ အိန္ဒိယနှင့်မြန်မာတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုလားတန်မြစ်ဘက်စုံသယ်ယူ ပို့ဆောင်ရေးစီမံကိန်း (Kaladan Multi-Modal Transport Transit Project) ဖြစ်ပြီး၊ ၎င်းစီမံကိန်းသည် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက်ရှိ မီဇိုရမ်းပြည်နယ်အား မြန်မာနိုင်ငံရှိ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှဖြတ်၍ ဘင်္ဂလားပင်လယ်အော်အထိ ဆက်သွယ်နိုင်စေရန် ရည်ရွယ်ဆောင်ရွက်သော စီမံကိန်းဖြစ်ပါသည်။ ယင်းစီမံကိန်းတွင် စစ်တွေမြို့၌ ဆိပ်ကမ်းအသစ်တစ်ခု တည်ဆောက်ခြင်း၊ ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝအထိရောက်ရှိသော ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးလမ်းကြောင်းတည်ဆောက်ခြင်းနှင့် ပလက်ဝမှ အိန္ဒိယ နယ်စပ်အထိရောက်ရှိသော အဝေးပြေးလမ်းမကြီးတစ်ခု တည်ဆောက်ခြင်းတို့ ပါဝင်ပါသည်။ အဆိုပါစီမံကိန်း ပြီးစီးသွားပါက ဖော်ပြပါဒေသအတွင်း ဆက်သွယ်သွားလာမှုများ သိသာစွာတိုးတက်လာမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အား အိန္ဒိယနိုင်ငံအတွင်းရှိ ဈေးကွက်များအတွင်းသို့ ဝင်ရောက်စေနိုင်မည့်လမ်းကြောင်းကို တိုးတက်ဖြစ်ပေါ်လာစေမည် ဖြစ်ပါသည်။

ဒုတိယတစ်ခုမှာ ကျောက်ဖြူမြို့နယ်ရှိ စီမံကိန်းတချို့ ဖြစ်ပါသည်။ ကျောက်ဖြူမြို့နယ်သည် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အထိ သွယ်တန်းထားသော ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းများ၏ စတင်ရာနေရာဖြစ်သော မဒေးကျွန်းရှိ ရေနံနှင့် သဘာဝဓာတ်ငွေ့ ဆိပ်ကမ်းအပါအဝင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းလျာထားပြီး ဖြစ်သည့် စက်မှုလုပ်ငန်းအမျိုးမျိုးတည်ရှိရာ မြို့နယ်တစ်ခုဖြစ်ပါသည်။ အဆိုပါဆိပ်ကမ်းသည် ရခိုင်ကမ်းရိုးတန်း၏ ကမ်းလွန်ဒေသများမှ တူးဖော်ရရှိသော သဘာဝဓာတ်ငွေ့များကို လက်ခံသိုလှောင်ထားရှိရာနေရာဖြစ်ပြီး နိုင်ငံတကာ ရေနံတင်သင်္ဘောကြီးများ သယ်ဆောင်လာသည့်ရေနံများကို အတင်အချ ပြုလုပ်ရာနေရာလည်းဖြစ်ပါသည်။ ထို့ပြင် ကျောက်ဖြူမြို့နယ်တွင် တရုတ်ကုမ္ပဏီ တစ်ခုမှ ဦးဆောင်သည့် ကုမ္ပဏီအစုအဖွဲ့ တစ်ခုက အဓိကဦးဆောင် ဆောင်ရွက်သွားမည်ဟုမျှော်လင့်ရသည့် အထူးစီးပွားရေးဇုန်နှင့် ရေနက်ဆိပ်ကမ်း စီမံကိန်းတစ်ခုကိုလည်း ဆောင်ရွက်ရန်ရှိပါသည်။ လက်ရှိတွင် စီမံကိန်းရေးဆွဲ၍ လျာထားသတ်မှတ်ထားမှုအရ အဆိုပါအထူးစီးပွားရေးဇုန်ကို ကျေးရွာပေါင်း မြောက်မြားစွာ တည်ရှိနေသောနေရာတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုစီမံကိန်းအတွင်းတွင် မတူကွဲပြားသော စက်မှုလုပ်ငန်းအမျိုးမျိုးအတွက် သီးသန့် သတ်မှတ်ထားသည့်နေရာများ (Industrial Parks) ကိုလည်း လျာထားသတ်မှတ်ထားပါသည်။

အချိန်ကာလတစ်ခုသို့ရောက်လျှင် အဆိုပါ အထူးစီးပွားရေးဇုန်သည် ၎င်းကိုယ်တိုင်နှင့်

၎င်းကြောင့် ပေါ်ထွန်းလာမည့် တခြားသော စက်မှုလုပ်ငန်းများကြောင့် ပြည်နယ်အတွင်းရှိ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးနိုင်သည့် အင်အားတစ်ခုဖြစ်လာမည့် အလားအလာရှိကာ ယင်းအခြေအနေသည် ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအတွက် အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပြီး စီးပွားရေးတိုးတက်မှုနှင့် အကောင်းမြင်မှုများ အသစ်တဖန် ပြန်လည်မွေးဖွားလာခြင်းကို ဖြစ်ပေါ်လာစေနိုင်ပါသည်။ သို့ရာတွင် ယင်းကိစ္စနှင့်ပတ်သက်၍ စိုးရိမ်စရာအခြေအနေများလည်း ရှိနေပါသေးသည်။ ကျောက်ဖြူမြို့နယ်တွင် ယခင်ကပြုလုပ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် မြန်မာနိုင်ငံအတွင်းရှိ တခြားသော အထူးစီးပွားရေးဇုန်များ၏ အတွေ့အကြုံများအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် ဒေသခံပြည်သူလူထုအတွက် ကောင်းကျိုးဖြစ်ထွန်းမှုမရှိဘဲ ဆန့်ကျင်ဘက် အကျိုးဆက်များကိုဖြစ်ပေါ် စေခဲ့ပြီး စီးပွားရေးတိုးတက်မှုများနှင့်ပတ်သက်၍လည်း အကန့်အသတ်ဖြင့်သာ အကျိုးရရှိခံစားရခြင်းများကို ဖြစ်စေခဲ့ပါသည်။ ဥပမာအားဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ တည်ဆောက်စဉ်က မြေယာသိမ်းယူမှုများပြုလုပ်ခြင်း၊ ပျက်စီးဆုံးရှုံးမှုများအတွက် လုံလောက်မှုမရှိသော လျော်ကြေးများပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း၊ ဒေသခံလူ့အဖွဲ့အစည်းအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေခြင်းအစား နိုင်ငံခြားမှလုပ်သားများကို ခေါ်ယူသုံးစွဲခြင်းတို့က ဒေသအတွင်း မကျေနပ်မှုနှင့် တင်းမာမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ အထူး စီးပွားရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြန်လည်နေရာချထားမှုဆိုင်ရာလုပ်ငန်းများအား နိုင်ငံတကာ၏ စံချိန်၊ စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားမည်ဟု အစိုးရက တရားဝင်ပြောဆိုဖော်ပြမှုများ ပြုခဲ့သော်လည်း မြေသိမ်း၊ ယာသိမ်းပြုလုပ်ခဲ့သည့် ကိစ္စရပ်များတွင်ပင်လျှင် မိမိတို့နိုင်ငံအတွင်းရှိပြီးဖြစ်သော ဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိခဲ့ပါ။[6]

ရခိုင်ပြည်နယ်ရှိ ရင်းနှီးမြှုပ်နှံမှုကြီးမားသည့် စီမံကိန်းကြီးများကြောင့် ဒေသခံများသည် ဗဟိုအစိုးရအပေါ် မကျေနပ်မှုများဖြစ်ခဲ့ပါသည်။ ဒေသခံလူ့အဖွဲ့အစည်းများသည် အဆိုပါစီမံကိန်းကြီးအား စီမံလျာထားမှုပြုခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုပြုခြင်း ကိစ္စရပ်များတွင် ပါဝင်ခဲ့ရခြင်းမရှိဘဲ ဘေးဖယ်ထားခြင်းကို ခံစားခဲ့ကြရပါသည်။ ရရှိသည့် အကျိုးအမြတ်များသည်လည်း နေပြည်တော်နှင့် နိုင်ငံခြားကုမ္ပဏီများအကြားတွင်သာ ခွဲဝေမှုပြုသည့်အနေအထားကို ဦးတည်သည့်အတွက် အကျိုးဆက်အားဖြင့် ဒေသခံပြည်သူလူထုက အစိုးရသည် ၎င်းတို့အပေါ် ခေါင်းပုံဖြတ်နေသည်ဟု

---

6 *Special Economic Zones in Myanmar and the State Duty to Protect Human Rights*, International Commission of Jurists (ICJ), February 2017.

မကြာခဏဆိုသလို ထင်မြင်ကြပါသည်။ ရခိုင်ပြည်နယ်အတွင်း တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်သည့်ကာလအတွင်း ကော်မရှင်တွေ့ဆုံခဲ့သည့် ရွာသူရွာသားများ၊ ရပ်ရွာခေါင်းဆောင်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အစိုးရသည် ပြည်နယ်အတွင်းမှ သဘာဝသယံဇာတများကို ထုတ်ယူရောင်းချမှုများ ပြုနေသော်လည်း ဒေသခံလူ့အဖွဲ့အစည်းများအတွက် မျှတသောခွဲဝေမှုကိုမပြုဘဲ ၎င်း၏ အကျိုးအမြတ်အတွက်သာ ခေါင်းပုံဖြတ်ဆောင်ရွက်နေသည်ဟု စွပ်စွဲပြောဆိုမှုများ ရှိခဲ့ပါသည်။

ခြုံငုံ၍ပြောရမည်ဆိုလျှင် ရခိုင်ပြည်နယ်အတွင်း၌ တိုးတက်မှုနှင့် စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးမှုကိုရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ရမှုသည် ကြီးလေးသော လုပ်ငန်းတာဝန်တစ်ရပ် ဖြစ်ပါသည်။ ယင်းလုပ်ငန်းတာဝန်သည် နှစ်ဖက်လူ့အဖွဲ့အစည်း အကြားဆက်ဆံရေးတိုးတက်လာခြင်း၊ မွတ်ဆလင် လူ့အဖွဲ့အစည်းအတွက် လွတ်လပ်စွာသွားလာနိုင်မှု တိုးတက်လာခြင်း၊ IDP စခန်းများပိတ်သိမ်းခြင်း၊ စီးပွားရေးလုပ်ငန်း လိုင်စင်များချထားပေးမှုနှင့်ဆက်စပ်၍ အစိုးရ၏ထိရောက်မှုမရှိသော လုပ်ငန်းဆောင်ရွက်မှုပုံစံများအား ဖယ်ရှားခြင်း၊ အကျင့်ပျက်တိုက်ဖျက်ရေး လုပ်ငန်းများကို ရေရှည်ဆောင်ရွက်ခြင်း၊ အခြေခံအဆောက်အအုံများ တိုးတက် လာခြင်း၊ အနာဂတ် စီးပွားရေး အဆောက်အအုံအတွက် လိုအပ်မည့် အသက်မွေး ဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပေးခြင်း၊ လယ်သမားများအတွက် လိုအပ်သည့် တခြားသောဝန်ဆောင်မှုများကို တိုးချဲ့ထောက်ပံ့ပေးခြင်း၊ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းလိုက်နာခြင်းနှင့် ဒေသခံလူ့အဖွဲ့အစည်းများကို ကာကွယ်ပေးနိုင်မည့် စီးပွားရေးဆိုင်ရာ စည်းမျဉ်းဥပဒေများကို ရွေးချယ်လက်ခံကျင့်သုံးခြင်းတို့အပေါ်တွင် မှီတည်နေပါသည်။ ထို့ပြင် ယင်းလုပ်ငန်းတာဝန်သည် အစိုးရက ပြည်သူလူထုအား ပြည်နယ်၏ ဖွံ့ဖြိုးရေးအတွက် ပိုမိုပါဝင်နိုင်စေမှုနှင့် ရင်းနှီးမြှုပ်နှံမှု ကြီးမားသည့် ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းကြီးများမှ ရရှိလာမည့်အကျိုးအမြတ်တချို့ကို ရခိုင်ပြည်နယ်အား ရရှိခံစားခွင့်ပေးမှုအပေါ်တွင်လည်း မူတည်နေပါသည်။

နောက်ဆုံးတင်ပြလိုသည့်အချက်မှာ ရခိုင်ပြည်နယ်သည် ရှည်လျားသည့် ကမ်းရိုးတန်းကြောင့် ရာသီဥတုပြောင်းလဲမှု၏ဒဏ်မှ အကာအကွယ်မဲ့သည့် အနေအထားတွင် ရှိနေပါသည်။ ထိုဒဏ်များကို မကြာခဏခံနေရဦးမည်လည်း ဖြစ်ပါသည်။ ပြည်နယ်အတွင်းရှိ စိုက်ပျိုး မွေးမြူရေးပြုလုပ်သော မြေအများစုသည် ရေလွှမ်းမိုးမှုအပါအဝင် စိန်ခေါ်မှုအသစ်များကို ခံနိုင်ရည်စွမ်းရှိအောင် ပြင်ဆင်ထားသည့် အခြေအနေတွင် မရှိကြပါ။ ပြည်နယ်၏ နေရာအတော်များများသည်လည်း ဆားဓာတ်ပါဝင်မှုအဆင့်အလွန်မြင့်မားသော ပင်လယ်ဒီလှိုင်းများ ဝင်ရောက်မှုဒဏ်ကို ခံနေရသည့် အနေအထားတွင် ရှိပါသည်။ ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်း၊ ၂၀၁၀

ခုနှစ်တွင်ဖြစ်ပွားခဲ့သော ဂီရီမုန်တိုင်းနှင့် ၂၀၁၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ကိုမန် မုန်တိုင်းကဲ့သို့သော ဆိုင်ကလုန်းမုန်တိုင်းများသည် ပြည်နယ်အတွင်းရှိ စိုက်ပျိုးမြေ ဧရိယာအတော်များများအတွင်းသို့ ဆားငန်ရေများကို အတားအဆီးမရှိ ဝင်ရောက်စေခြင်းအားဖြင့် ကြီးမားကျယ်ပြန့်သည့် ပျက်စီးမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ထို့ပြင် လူတို့၏ တခြားသော လုပ်ဆောင်ချက်များကလည်း သဘာဝပတ်ဝန်းကျင်ပျက်စီးမှုနှင့်ပတ်သက်ပြီး ပြည်နယ်၏ ခုခံကာကွယ်နိုင်စွမ်းအားကို ပိုမိုလျော့နည်းသွားစေပါသည်။ ရခိုင်ပြည်နယ်၏ ဒီရေတောများသည်လည်း ရေရှည်အကျိုးကို ထည့်သွင်းစဉ်းစားခြင်း မရှိသော မြေနှင့် ရေဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များဖြစ်သည့် ဒီရေဝင်ရောက်နိုင်သည့် နေရာများတွင် တာဖို့ခြင်း၊ ပုစွန်မွေးမြူရေးကန်များနှင့် လယ်ယာမြေများ ဖော်ထုတ်ခြင်း တို့ကြောင့် အထိအခိုက်မခံနိုင်သော သဘာဝဂေဟ စနစ်ယိုယွင်း၍ ဒီရေတောများပျက်စီးခြင်းကို ဖြစ်ပေါ်လာစေပါသည်။ သဘာဝဘေးအန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို တိုးမြှင့်ပြုလုပ်ခြင်းနှင့် ထိုဘေးအန္တရာယ်များ၏ဒဏ်မှ လျော့ပါးသက်သာစေရန် သင့်လျော်သော စီမံဆောင်ရွက်မှုများကို ကြိုတင်ဆောင်ရွက်ထားခြင်း မရှိပါက တချို့သောကဏ္ဍများမှ ရရှိစေနိုင်မည့် စီးပွားရေးဆိုင်ရာ အလားအလာကောင်းများနှင့် အကျိုးအမြတ်များသည် ရာသီဥတုပြောင်းလဲခြင်း၏ ဘေးထွက်ဆိုးကျိုးများကြောင့် လျင်မြန်စွာပင် ပျက်စီးပျောက်ကွယ်သွားမည် ဖြစ်ပါသည်။

## အကြံပြုချက်များ

၁။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့အကြားတွင် ဆွေးနွေးရမည့် အရင်းအမြစ်ခွဲဝေခြင်းနှင့်ပတ်သက်သည့် မေးခွန်းသည် တမျိုးသားလုံးဆိုင်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ထည့်သွင်းစဉ်းစားလိမ့်မည်ဟု ကော်မရှင်အနေဖြင့် နားလည်ခံယူထားပါသည်။ သို့ရာတွင် ကော်မရှင်အနေဖြင့် အစိုးရအား တိုက်တွန်းလိုသည့် အချက်များမှာ ပြည်နယ်၏ ဖွံ့ဖြိုးမှုအပေါ် အကျိုးသက်ရောက်မှုရှိစေမည့် ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူလူထု၏ ပါဝင်နိုင်မှုကို တိုးမြှင့်ပေးရန်နှင့် ရခိုင်ပြည်နယ်အတွင်း သဘာဝသယံဇာတ အရင်းအမြစ်များ ထုတ်ယူသုံးစွဲမှုအပါအဝင် တခြားသော ကဏ္ဍများအတွင်း ရင်းနှီးမြှုပ်နှံမှုပြုခြင်းမှ ရရှိလာမည့်အကျိုးအမြတ်များကို ဒေသခံပြည်သူလူထု ကောင်းမွန်စွာ ရရှိခံစားနိုင်စေရေးအတွက် ဆောင်ရွက်ပေးသွားရန် ဖြစ်ပါသည်။

၂။ အစိုးရအနေဖြင့် ဒေသခံပြည်သူလူထုထံမှ သိမ်းယူလိုက်သော မြေယာများ အတွက် လုံလောက်သော လျော်ကြေးပေးခြင်းများကို သေချာစွာဆောင်ရွက် သင့်ပါသည်။

၃။ ကျောက်ဖြူနှင့် အဆိုပါဝန်းကျင်ဒေသအတွက် အထူးစီးပွားရေးဇုန်ဖော် ဆောင်မှုက ဒေသခံပြည်သူလူထုအား မည်သို့ ကောင်းကျိုး/ဆိုးကျိုးများ သက်ရောက်စေသည်နှင့် အထူးစီးပွားရေးဇုန် ပြုလုပ်ခြင်းအားဖြင့် ပြည်နယ် အတွင်းရှိ အခြားသော စီးပွားရေးကဏ္ဍများကို မည်သည့် သက်ရောက်မှုများ ရှိစေသည်တို့ကို စာရင်းပြုစုစိစစ်နိုင်စေရန်အတွက် ဘက်စုံပြည့်စုံသော လေ့လာဆန်းစစ်မှု **(Comprehensive Assessment)** (သို့မဟုတ်) မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှု **(Strategic Environment Assessment)** တစ်ခုကို အစိုးရအနေဖြင့် ပြုလုပ်ဆောင်ရွက် ရန် ကော်မရှင်မှ ထပ်လောင်းအကြံပြုလိုပါသည်။ အစိုးရအနေဖြင့် အထူး စီးပွားရေးဇုန် စီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံခြားကုမ္ပဏီ များအား ဒေသခံပြည်သူလူထုနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများထံသို့ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် တိုင်ပင်ဆွေးနွေးခြင်းတို့ကို လုပ်ဆောင်နိုင်စေရန်အတွက် ခိုင်မာသည့် နည်းလမ်းယန္တရားတစ်ခုကို စီးပွားရေးလုပ်ငန်းများ၏ လူမှုတာဝန်ဆိုင်ရာ မူများ **(Corporate Social Responsibility - CSR)** နှင့်အညီ ဖော်ဆောင်ပေးရန် တာဝန်ယူရပါမည်။

၄။ အစိုးရအနေဖြင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ခြင်းကို ဆောင်ရွက်သွားနိုင်ရန် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားနိုင်စေရန် အတွက် အလုပ်သမားဈေးကွက်နှင့်သက်ဆိုင်သည့် လေ့လာဆန်းစစ်မှုများ **(Labour Market Assessments)** ကို ပြုလုပ်ခြင်းနှင့် ရခိုင်ပြည်နယ် အတွင်းရှိ အထူးစီးပွားရေးဇုန် စီမံကိန်းများအပါအဝင် သတ်မှတ်လျာထား သော စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများတွင် လိုအပ်လာမည့် လုပ်သားလိုအပ်ချက်များနှင့်ပတ်သက်၍ စာရင်းပြုစု၊ ပုံစံထုတ်ခြင်းတို့ကို ဆောင်ရွက်ထားသင့်ပါသည်။ အကယ်၍ အသက်မွေးဝမ်းကျောင်းသင်တန်း များသည် ဈေးကွက်၏လိုအပ်ချက်နှင့် ကိုက်ညီမှုမရှိပါက လုပ်သားများ အနေဖြင့် အလုပ်အကိုင်ရရှိမှုအတွက် မိမိတို့နေရပ်ဒေသမှ တခြားဒေသ များသို့ ရွှေ့ပြောင်းသွားရန်အတွက် စေ့ဆော်မှုတစ်ခု ဖြစ်သွားနိုင်ပါသည်။

၅။ လုပ်သားအင်အားအတွင်း ပါဝင်နိုင်မှုနည်းနေသေးသည့် အမျိုးသမီးထု၏ လိုအပ်ချက်များနှင့်ပတ်သက်၍ အစိုးရအနေဖြင့် အထူးအလေးထား ဆောင်ရွက်ပေးသွားသင့်ပါသည်။ အလုပ်သမားဈေးကွက်နှင့် သက်ဆိုင်သော လေ့လာဆန်းစစ်မှုကိုပြုလုပ်ရာတွင် အမျိုးသမီးများ၏ အလားအလာများနှင့် လိုအပ်ချက်များကို အထူးအလေးထား၍ ထည့်သွင်းလေ့လာမှုကို ပြုသင့်ပါသည်။ ထို့ပြင် အသက်မွေးဝမ်းကျောင်း သင်တန်းများတွင် အမျိုးသမီးများကို ဦးစားပေးသင့်ပါသည်။

၆။ အစိုးရအနေဖြင့် ကားလမ်းများ၊ ရေလမ်းများ၊ ဆိပ်ကမ်းများ၊ လျှပ်စစ်မီး၊ သောက်ရေနှင့် အင်တာနက် အထောက်အပံ့များပါဝင်သည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားပြီး ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်၍ တိုးမြှင့်ဆောင်ရွက်သင့်ပါသည်။ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစိုးရအနေဖြင့် စီမံကိန်းရေးဆွဲထားပြီးဖြစ်သည့် မြောက်ဦးမြို့နယ်အတွင်း လေယာဉ်ကွင်းတည်ဆောက်ရေး လုပ်ငန်းစဉ်ကို ဖြစ်မြောက်စေရန် မဖြစ်မနေဆောင်ရွက်သင့်ပါသည်။

၇။ ထို့ပြင် လယ်သမားများ၏ထုတ်လုပ်မှု တိုးတက်လာစေရန်အတွက် အစိုးရအနေဖြင့် စက်ပစ္စည်းများ အစားထိုးသုံးစွဲစေခြင်း၊ အရည်အသွေးပြည့်မီသည့် မျိုးကောင်း၊ မျိုးသန့် မျိုးစေ့များ ဖြန့်ဝေပေးခြင်းနှင့် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုခြင်းဆိုင်ရာ သင်တန်းများပို့ချပေးခြင်းတို့ပါဝင်သော ဝန်ဆောင်မှုများကို လယ်သမားများအား တိုးမြှင့်ထောက်ပံ့ပေးသွားသင့်ပါသည်။

၈။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ၊ မိသားစု စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ လက်ရှိကန့်သတ်ထားရှိသော စည်းမျဉ်း၊ ဥပဒေများကို ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများကို အစိုးရအနေဖြင့် ဆောင်ရွက်သင့်ပါသည်။ ၎င်းတို့မှာ -

- ငွေချေးယူမှုနှင့်ပတ်သက်ပြီး - ငွေချေးယူမှုကာလ တစ်နှစ်သက်တမ်းကို ဖျက်သိမ်းပြီး ပြောင်းလဲပေးရန်၊ ပြင်လွယ်၊ ပြုလွယ်သော အတိုးနှုန်းသတ်မှတ်မှုကို ကျင့်သုံးရန်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းများအတွင်းသို့ အသေးစား ချေးငွေထုတ်ချေးသူများ ပါဝင်လာစေရန် မက်လုံးပေးခြင်းအစရှိသော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးခြင်း။

- စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ယူရရှိနိုင်သည့် အခွင့်အလမ်းများကို ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအားလုံး ရရှိစေရေးအတွက် တိုးချဲ့ဆောင်ရွက်ပေးခြင်း။
- ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနက အခန်း (၁၀) ခန်း အောက်ရှိ ဧည့်ရိပ်သာနှင့် တည်းခိုခန်းများ ဖွင့်လှစ်ခြင်းအားတားမြစ်ထားမှုသည် ဟိုတယ်လုပ်ငန်းကို လုပ်ကိုင်လိုသော မိသားစုပိုင် လုပ်ငန်းငယ်များအတွက် အတားအဆီးများ ဖြစ်စေသဖြင့် ထိုတားမြစ်ချက်အား ပယ်ဖျက်ပေးခြင်း။

၉။ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးနိုင်ရန်အတွက် အစိုးရအနေဖြင့် ကြိုးနီစနစ်ကို လျှော့ကျနိုင်စေရန် ကြိုးပမ်းခြင်း၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ လိုင်စင်များနှင့်ပတ်သက်ပြီး အစိုးရဘက်မှ သတ်မှတ်တောင်းခံသည့် အထောက်အထား စာရွက်စာတမ်းကိစ္စရပ်များကို ဖြေလျှော့မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးသင့်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် မွတ်ဆလင်ပိုင် စီးပွားရေးလုပ်ငန်းများ တရားဝင်စီးပွားရေးကဏ္ဍအတွင်း ပိုမိုပါဝင်လာနိုင်ရေးအတွက် နည်းလမ်းတစ်ခုဖြစ်ရုံသာမက ရှိနေသည့် အကန့်အသတ်၊ အဟန့်အတားများကို လျှော့ချပေးရာလည်း ရောက်ပါသည်။

၁၀။ ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးသက်ရောက်မှုများကို တုံ့ပြန်ဖြေရှင်းနိုင်ရန်နှင့် ထိုဆိုးကျိုးသက်ရောက်မှုများကို လျှော့ပါးသက်သာစေသည့် ပြင်ဆင်ဆောင်ရွက်မှုများ ကောင်းမွန်သေချာစွာ ဖြစ်ပေါ်လာစေရန်အတွက် ပြောင်းလဲလာသော ရာသီဥတု၏ဒဏ်ကို ခုခံနိုင်စွမ်းရှိသည့် နည်းလမ်းများကို ဒေသခံပြည်သူများ ကိုယ်တိုင်ရွေးချယ်နိုင်စေမည့် စွမ်းရည်များ တိုးမြှင့်လာစေရန် အစိုးရအနေဖြင့် ကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးခြင်းကို အရေးတကြီး စတင်ပြုလုပ်သင့်ပြီဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ပေးသည့်အချက်များတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်သော စိုက်ပျိုးရေးဆိုင်ရာ မျိုးစေ့များထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်း၊ ကောက်ပဲသီးနှံများကို အမျိုးမျိုးပြောင်းလဲစိုက်ပျိုးခြင်း၊ ရေသိုလှောင်ခြင်းကို ပုံစံအမျိုးမျိုးဖြင့် တိုးမြှင့်ဆောင်ရွက်ခြင်း၊ ရေသွင်းရေထုတ်ပြုလုပ်သည့် ဆည်မြောင်းစနစ်နှင့် လယ်သမားများအတွက် ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်သက်၍ ထိရောက်သော တုံ့ပြန်ဆောင်ရွက်မှုပြုခြင်းဆိုင်ရာ အကြံပေး

ဝန်ဆောင်မှု လုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်ပေးခြင်း တို့ပါဝင်ပါသည်။ ထို့ပြင် ပြည်နယ်အတွင်းရှိ ဆည်မြောင်းစနစ် တိုးတက်လာစေရန် အစိုးရမှ တာတမံများ တည်ဆောက်ပေးခြင်းကို ဆောင်ရွက်ပေးသင့်ပါသည်။ ထိုဆည်မြောင်းတာတမံများ ဆောက်လုပ်ရာတွင် အစိုးရအနေဖြင့် "အလုပ်လုပ်စေခြင်းဖြင့် ထောက်ပံ့ငွေများကို ပေးအပ်ခြင်း (Cash-for-work labour)"အစီအစဉ်ဖြင့် လုပ်ဆောင်သွားနိုင်ပါသည်။

# နိုင်ငံသားဖြစ်မှု

မြန်မာနိုင်ငံ၏ ကွဲပြားခြားနားသော ယဉ်ကျေးမှုများနှင့် မတူကွဲပြားသည့် လူ့အဖွဲ့အစည်းများကို အသိအမှတ်ပြု ဂုဏ်ယူသင့်ပါသည်။ ကိုယ်ပိုင်လက္ခဏာ၊ ဂုဏ်သိက္ခာနှင့် မိမိတို့၏သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်း အဖွဲ့ဝင်ဖြစ်မှုတို့သည် ပြောင်းလဲမှုများ အလျင်အမြန်ဖြစ်ပေါ်နေသည့် အချိန်ကာလအတွင်း လူ့ဘောင်အဖွဲ့အစည်းအားလုံး အတွက် အရေးကြီးသည့်အရာများ ဖြစ်ပါသည်။ သို့ရာတွင် ကိုယ်ပိုင်လက္ခဏာနှင့် လူမျိုးဟူသော ဝေါဟာရနှစ်ခုသည် မြန်မာနိုင်ငံတွင် ထိလွယ်ရှလွယ်သည့် ကိစ္စရပ်များအဖြစ် ရှိနေဆဲဖြစ်ပါသည်။ နိုင်ငံသားဖြစ်မှု အခွင့်အရေးနှင့်ပတ်သက်သည့် ကိစ္စရပ်သည် ကျယ်ပြန့်သည့်အကြောင်းအရာဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် ကြီးပွားချမ်းသာခြင်းတို့အပေါ် အဓိကအဟန့်အတားဖြစ်စေသည့် ကိစ္စရပ်အဖြစ် ရှိနေပါသည်။

အခွင့်အရေးများနှင့် နိုင်ငံသားဖြစ်မှုနှင့်ဆက်စပ်၍ မြန်မာနိုင်ငံအတွင်း ပေါ်ပေါက်နေသော စိန်ခေါ်မှုများသည် ကော်မရှင် ရင်ဆိုင်ဖြေရှင်းခဲ့ရသည့် အခက်ခဲဆုံးသော ကိစ္စရပ်များထဲမှ တစ်ခုဖြစ်ကာ ပြင်းထန်စွာ အခြေအတင်ဆွေးနွေးကြသည့် အကြောင်းအရာ တစ်ခု ဖြစ်ခဲ့ပါသည်။ ထိုကိစ္စရပ်သည် အငြင်းပွားဖွယ်ရာ အကြောင်းအရာကိစ္စရပ်ဖြစ်သည်ကို ကော်မရှင်အနေဖြင့် လက်ခံသော်လည်း ယင်းသည် လျစ်လျူရှု၍မရသော ကိစ္စရပ်တစ်ခုလည်းဖြစ်ပါသည်။ ကမ္ဘာပေါ်၌ အကြီးဆုံး နိုင်ငံမဲ့ လူ့အစုအဝေးတစ်ခုသည် မြန်မာနိုင်ငံတွင်ရှိနေပြီး ကော်မရှင်အနေဖြင့် ယင်းကိစ္စကို လေ့လာဖော်ထုတ်ရန်၊ နိုင်ငံသားဖြစ်မှုနှင့် အထောက်အထား စာရွက်စာတမ်း ကိစ္စရပ်များနှင့်ပတ်သက်၍ အကြံပြုချက်များပေးရန်နှင့် နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်သည့် မေးခွန်းများကို ဖြေရှင်းရာတွင် ဆောင်ရွက်သွားရမည့် လုပ်ငန်းရပ်များကို အဆိုပြုရန်အတွက် တိကျသည့်လုပ်ပိုင်ခွင့်ကို ပေးအပ်ခြင်းခံရပါသည်။

အထက်ဖော်ပြပါ နိုင်ငံသားဖြစ်မှုဟူသည့် ကိစ္စရပ်ကို ကိုင်တွယ်ဖြေရှင်းခြင်းမပြုပါက ယင်းကိစ္စသည် ပြည်နယ်အတွင်း လူမှုဒုက္ခများနှင့် လုံခြုံမှုမရှိခြင်းအခြေအနေကို ပြင်းထန်စွာ ဆက်လက်ဖြစ်ပေါ်နေစေပြီး စီးပွားရေးနှင့် လူမှုရေးအရ နောက်ကျကျန်ခဲ့ခြင်းကို တပြည်နယ်လုံးအတိုင်းအတာဖြင့် ဆက်လက်ခံစားရစေမည် ဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံသားစိစစ်ရေးလုပ်ငန်း (Citizenship Verification Process) ကို ကာလတိုအတွင်း အရှိန်အဟုန်ဖြင့် အရေးယူဆောင်ရွက်သွားရန်လိုအပ်ပြီး လုပ်ကိုင်ဆောင်ရွက်မှုများကို ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် ကော်မရှင်အနေဖြင့် အပြည့်အဝအသိအမှတ်ပြု လက်ခံထားပါသည်။ သို့ရာတွင် ထို ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေကို ပြန်လည် လေ့လာသုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

## ၁။ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအပေါ် အခြေပြု၍ ယခင်အစိုးရနှင့် လက်ရှိအစိုးရတို့သည် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်ကို လုပ်ဆောင်ခဲ့ကြပါသည်။ အစိုးရ၏ ကိန်းဂဏန်းများအရ ပြည်နယ်အတွင်းရှိ နိုင်ငံမဲ့လူဦးရေတစ်သန်းခန့်အတွင်းမှ မွတ်ဆလင် (၄,၀၀၀) နီးပါးနှင့် ကမန်လူမျိုး (၉,၀၀၀) တို့ကို နိုင်ငံသားများ (Citizens) နှင့် ပြုနိုင်ငံသားများ (Naturalized Citizens) အဖြစ် လက်ခံခဲ့ပါသည်။ မွတ်ဆလင် (၁၀,၀၀၀) ခန့်သည်လည်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားများ (National Verification Cards) ရရှိထားပြီးဖြစ်ကာ ၎င်းသည် နိုင်ငံသားဖြစ်မှု လျှောက်ထားခြင်းအတွက် ကြိုတင်ပြင်ဆင်မှုပြုသည့်အဆင့်တစ်ခု ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံး၏ အကျိုးနှင့် ပြည်နယ်အတွင်း နေထိုင်သူအားလုံး၏ နိုင်ငံသားဖြစ်မှုအခြေအနေ ရှင်းရှင်းလင်းလင်းဖြစ်စေရန်အတွက် စိစစ်ရေးလုပ်ငန်းစဉ်ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သင့်ပါသည်။

အဆိုပါလုပ်ငန်းကို ၂၀၁၄ ခုနှစ်တွင် မြေပုံမြို့နယ်၌ ရွေ့ပြောင်းစမ်းသပ်လုပ်ကိုင်သည့် ပုံစံ (Pilot Project) ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယာယီနေထိုင်ခွင့်ကတ်ပြား (Temporary Resident Card - TRC) ကိုင်ဆောင်ထားသူများအား လူမျိုးနေရာတွင် ဘင်္ဂါလီဟူသော ဖော်ပြချက်ဖြင့် နိုင်ငံသားဖြစ်ခွင့် လျှောက်ထားခြင်းကို ခွင့်ပြုခဲ့ပါသည်။ နှစ်ဖက်လူ့အဖွဲ့အစည်းများ၏ ကန့်ကွက်ဆန္ဒပြမှုများကြောင့် ထိုစိစစ်ရေးလုပ်ငန်းစဉ်ကို ရပ်ဆိုင်းခဲ့သော်လည်း ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလတွင် ရခိုင်ပြည်နယ်ရှိ နေရာဒေသအားလုံး၌ ပြန်လည်စတင် တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အဆိုပါ ယာယီနေထိုင်ခွင့်ကတ်ပြားများ (TRCs) ကို ပယ်ဖျက်ခဲ့ပြီးနောက် ယင်းနေရာတွင် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (Identity Cards of National Verification ICNV ) များကို ၂၀၁၅ ခုနှစ်၊ ဇွန်လတွင် အစိုးရက အစားထိုးထုတ်ဝေခဲ့ပါသည်။ ထို ICNV ကတ်လျှောက် ထားရာတွင်လည်း လျှောက်ထားသူများသည် လျှောက်လွှာများထဲတွင် ဘင်္ဂါလီဟူသောအသုံးအနှုန်းကိုဖော်ပြ၍ မှတ်ပုံတင်ကြရပါသည်။ တစ်နှစ်ကြာပြီးနောက် NLD အစိုးရမှ ယင်းလုပ်ငန်းစဉ်ကို ပြန်လည်စတင်သည့်အခါတွင် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (National Verification Cards – NVC) ကို ထုတ်ဝေပေးခဲ့ပါသည်။ (NVC သည် ICNV ကို အမည်ပြောင်းလဲခေါ်ဝေါ်ထားခြင်းဖြစ်ပါသည်။) NVC လျှောက်ထားသူများသည် လျှောက်လွှာများထဲတွင် လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ ဖော်ပြချက်တို့ကို ဖြည့်စွက်ပေးရန် မလိုတော့ပါ။ (သို့ရာတွင် လူမျိုးနှင့်ပတ်သက်သည့် ဖော်ပြချက်ကို ဖြည့်စွက်ရခြင်းများ တစ်ခါ

တစ်ရံတွင် ရှိနေသေးသည်ဟူ၍ ကော်မရှင်မှ တိုင်ကြားမှုများ လက်ခံရရှိခဲ့ပါသည်။)

အဆိုပါလုပ်ငန်းစဉ်အား အကောင်အထည်ဖော်လိုက်၊ ရပ်ဆိုင်းလိုက်ဖြင့် တဆက်တစပ်တည်း လုပ်ကိုင်မှုမရှိခြင်း၊ အစိုးရဘက်မှ ပြည်သူလူထုအား အဆက်အသွယ်ပြုလုပ်ခြင်း၊ လိုအပ်သည့် သတင်းအချက်အလက်များကို ပြည်သူများ လက်ခံရရှိနိုင်အောင် ဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆွေးနွေးခြင်းတို့ကို မလုပ်ဆောင်နိုင်ခြင်းတို့ကြောင့် ထိုလုပ်ငန်းစဉ်အပေါ် နှစ်ဖက်လူ့အဖွဲ့အစည်းများ၏ ယုံကြည်မှုလျော့နည်းခဲ့ပါသည်။ ရခိုင်လူမျိုးအများစုက ဝန်ထမ်းများသည် နိုင်ငံသားဖြစ်ရန် သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီမှုမရှိသော မွတ်ဆလင်အများအပြားအား လာဘ်ယူမှုများပြုလုပ်၍ နိုင်ငံသားဖြစ်ခွင့်ပေးမည်ကို စိုးရိမ်မှုရှိကြပါသည်။ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်၌ ကမန်မဟုတ်သော မွတ်ဆလင်များအား ကမန်ဟု ဖော်ပြခြင်းများ ပြုလုပ်သည်ဟူသော စွပ်စွဲပြောဆိုသည့်သတင်းများကြောင့် ယင်းစိုးရိမ်မှုသည် ပို၍ကြီးထွားလာခဲ့ပါသည်။ တချို့ကလည်း မွတ်ဆလင်များ နိုင်ငံသားဖြစ်ရေးအတွက် ဘက်လိုက်ပြောဆိုနေသော နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအားကို အစိုးရအနေဖြင့် တဖြည်းဖြည်းလွန်ဆန်နိုင်မှု မပြုနိုင်သည့် အခြေအနေသို့ ရောက်ရှိသွားမည်ကို စိုးရိမ်နေကြပါသည်။

မွတ်ဆလင်များဘက်မှ NVC အား နောင်အနာဂတ်၌ နိုင်ငံသားဖြစ်မှု လျှောက်ရန်အတွက် ကြားခံအဆင့်တစ်ခုအဖြစ် လက်မခံလိုကြပါ။ ၎င်းတို့အနေဖြင့် ဤ NVC လုပ်ငန်းစဉ်သည်လည်း ယခင်အစိုးရများ ထုတ်ဝေပေးခဲ့သည့် ကတ်များကဲ့သို့ပင် အစပိုင်းတွင် နိုင်ငံသားဖြစ်မှုအတွက်ဟူသော ကတိစကားများ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပျက်ကွက်ခဲ့သည့် ပုံစံများအတိုင်း ထပ်မံဖြစ်လာမည်ကို စိုးရိမ်ကြပါသည်။ အများစုကလည်း ကတ်အသစ်မရခင်မှာပင် မိမိတို့လက်ဝယ်တွင် ရှိပြီးကတ်များ ဆုံးရှုံးရနိုင်သည်ဟူသော စိုးရိမ်စိတ်ဖြင့် မိမိတို့၌ ယခင်ရှိပြီးသားကတ်အား ပြန်အပ်ရခြင်းကို မလိုလားမှုများ ရှိခဲ့ပါသည်။ တချို့မှာလည်း ၎င်းတို့တွင် ယခင်ရှိခဲ့သော သက်သေခံကတ်ပြားများ ပျောက်ဆုံးသွားသည့်အတွက် ယခုဆောင်ရွက်သော လုပ်ငန်းစဉ်သည် ရိုးစင်းမှုမရှိဘဲ ၎င်းတို့အား နစ်နာအောင်လုပ်ဆောင်မည့် လုပ်ငန်းစဉ်ဖြစ်မည်လောဟူ၍ စိုးရိမ်ခဲ့ကြပါသည်။ ထိုနိုင်ငံသား စိစစ်ရေးလုပ်ငန်းစဉ်ကို ပြည့်စုံစွာ ဆောင်ရွက်ပြီးစီးသွားသူများ အနေဖြင့်လည်း လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးတစ်စုံတစ်ရာကို ရရှိခြင်းမရှိသေးဘဲ၊ စိစစ်ပြီး နိုင်ငံသား မွတ်ဆလင်များသည်ပင်လျှင် ခရီးသွားလာရေးနှင့် ပတ်သက်၍ ကန့်သတ်ချက်များနှင့် ခွဲခြားနှိမ့်ချ ဆက်ဆံခံရမှုအမျိုးမျိုးကို ဆက်လက်ကြုံတွေ့နေရသောကြောင့် ထိုလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုလျော့နည်းလာပါသည်။

## အကြံပြုချက်များ

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်စေရန် အောက်ပါအချက်များကို ဆောင်ရွက်သွားသင့်ပါသည်။

၁၁။ အစိုးရအနေဖြင့် နိုင်ငံသားအဖြစ် သတ်မှတ်ခြင်းခံရပြီးသူများအား နိုင်ငံသားဖြစ်မှုနှင့်အညီ ရရှိခံစားရမည့် အကျိုးအမြတ်များ၊ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအားလုံးကို အပြည့်အဝ ရရှိခံစားနိုင်စေရန် နှောင့်နှေးမှုမရှိဘဲ သေချာစွာဆောင်ရွက်ပေးသင့်ပါသည်။ ယင်းသို့ ဆောင်ရွက်ပေးခြင်းသည် အစိုးရ၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်ကို အားကောင်းလာစေသည်သာမကဘဲ နိုင်ငံသားစိစစ်မှု လုပ်ငန်းစဉ်သည် လက်ဆုပ်လက်ကိုင်ပြနိုင်သည့် အကျိုးအမြတ်များကို ချက်ချင်းရရှိစေသည်ဟူသော အချက်ကို ဖော်ပြရာလည်း ရောက်ပါသည်။

၁၂။ အစိုးရအနေဖြင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်အတွင်း ရှင်းလင်းတိကျသည့် မဟာဗျူဟာနှင့် အချိန်ကာလကို သတ်မှတ်သင့်ပါသည်။ ထိုမဟာဗျူဟာသည် ပွင့်လင်းမြင်သာ၍ ထိရောက်မှုရှိကာ လက်ရှိတည်ရှိနေသော ဥပဒေပြုမှုအတွင်း၌ ခိုင်မာစွာအခြေပြုထားရမည် ဖြစ်ပါသည်။ ထို့ပြင် ယင်းမဟာဗျူဟာနှင့်ပတ်သက်၍ ရခိုင်နှင့် မွတ်ဆလင် လူ့အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် တိုင်ပင်ဆွေးနွေးမှုများပြုသင့်ပြီး အများပြည်သူတို့ ကျယ်ပြန့်စွာသိရှိနိုင်စေရန် လူထုလှုပ်ရှားမှုများပြုလုပ်၍ အသိပေးသင့်ပါသည်။ ထို့ပြင် ထိုမဟာဗျူဟာ၌ လုပ်ငန်းစဉ် အဆင့်တစ်ဆင့်ချင်းစီအတွက် ရှင်းလင်းတိကျသည့် အချိန်ကာလများကို ဖော်ပြထားသင့်ပါသည်။ လုပ်ငန်းစဉ်သည် ရိုးရှင်းလွယ်ကူသည့်ပုံစံဖြစ်သင့်ပြီး လျှောက်ထားသူတိုင်းအား NVC လျှောက်ထားသည့်အချိန်မှာပင် နိုင်ငံသားဖြစ်မှုအတွက် လျှောက်ထားခြင်းကို တချိန်တည်းပြုလုပ်နိုင်စေရန် ဆောင်ရွက်ပေးထားသင့်ပါသည်။ ထိုလုပ်ငန်းစဉ်တွင် ဝင်ရောက်လျှောက်ထားမှု ပိုမိုလွယ်ကူစေရန်အတွက် လျှောက်ထားသူအနေဖြင့် ၎င်း၏ မိဘများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများ ပျောက်ဆုံးမှုရှိပါက ယင်းနေရာတွင် ၎င်းတို့၏ ဦးလေး (သို့မဟုတ်) အဒေါ်ဖြစ်သူ (သို့မဟုတ် တခြားမိသားစုဝင်များ၏) စာရွက်အထောက်အထားများကို အသုံးပြု၍ လျှောက်ထားခွင့်ပြုသင့်ပါသည်။ အဆိုပါ နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆောင်ရွက်မှုအတွက် လိုအပ်သည့်အရာများ လုံလောက်ပြည့်စုံစွာရှိစေရန် အစိုးရအနေဖြင့် သေချာစွာ ဆောင်ရွက်ထားသင့်ပါသည်။

၁၃။ အစိုးရအနေဖြင့် နိုင်ငံသားဖြစ်ခွင့် မရရှိကြသူများ၏ အခြေအနေကိုလည်း ရှင်းလင်းတင်ပြမှုများ ပြုလုပ်သင့်ပါသည်။

၁၄။ တခြားသော နိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံအနေဖြင့်လည်း မိမိတို့၏ နိုင်ငံသားမဟုတ်သူများအား နိုင်ငံအတွင်း နေထိုင်နိုင်ရန်အတွက် လိုအပ်သော သတ်မှတ်ချက်များကို ပြဋ္ဌာန်းပေးရန် လိုအပ်မည်ဖြစ်ပါသည်။ နိုင်ငံသား မဟုတ်သော်လည်း မြန်မာနိုင်ငံအတွင်း၌ နေထိုင်အလုပ်လုပ် ကိုင်လျက်ရှိသူ များ၏ အခွင့်အရေးများကို စည်းမျဉ်း၊ စည်းကမ်းများပြဋ္ဌာန်း၍ ထိန်းညှိ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ အစိုးရအနေဖြင့် နိုင်ငံအတွင်း နေထိုင်မှု နှင့်ပတ်သက်သည့် အခွင့်အရေးများကို ရှင်းလင်းစွာဖော်ပြထားရန်လိုအပ် သကဲ့သို့ သက်ဆိုင်သည့် စာရွက်စာတမ်း၊ အထောက်အထားရယူမှု ပုံစံများကို ကမ္ဘာတဝှမ်းတွင် လက်ခံကျင့်သုံးနေသည့်စနစ်အတိုင်း သတ်မှတ်ဆောင်ရွက် သွားသင့်ပါသည်။

၁၅။ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် ပြန်လည်အသက်ဝင် လှုပ်ရှားလာစေရန် ရခိုင်နှင့် မွတ်ဆလင် လူ့အဖွဲ့အစည်းများအား အစိုးရနှင့် အပြုသဘော ဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန် ကော်မရှင်အနေဖြင့် တိုက်တွန်းသကဲ့သို့ အစိုးရအနေဖြင့်လည်း ဖော်ပြပါလုပ်ငန်းစဉ်ကို ပြည်သူ လူထု၏ ဆန္ဒအလျောက် ပါဝင်လုပ်ဆောင်စေသည့် လုပ်ငန်းစဉ်မျိုးဖြစ် အောင် ကြိုးပမ်းဆောင်ရွက်သွားသင့်ကြောင်း တိုက်တွန်းလိုပါသည်။ ပြည်သူလူထုဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်လိုမှုများ ဖြစ်ပေါ်လာစေရန် အစိုးရဘက်မှ သင့်လျော်သည့် အားပေးဆောင်ရွက်မှုများကို ပြုလုပ်ပေးသင့် ပါသည်။

၁၆။ လက်ရှိ နိုင်ငံသား စိစစ်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် တိုင်တန်း မှုများကို ထိုစိစစ်ရေးလုပ်ငန်းစဉ်တွင် ပါဝင်မှုမရှိသည့် တခြားအစိုးရဌာန များမှ အရာရှိများအား တာဝန်ပေး၍ လျင်မြန်စွာ အရေးယူဆောင်ရွက် စေသင့်ပါသည်။

## ၂။ ၁၉၈၂ နိုင်ငံသားဥပဒေ

မြန်မာနိုင်ငံအတွင်း လွန်ခဲ့သည့် (၃၅) နှစ်ကျော် ကာလအတွင်း ပေါ်ပေါက်ခဲ့သော အပြောင်းအလဲများသည် နိုင်ငံသားဥပဒေ၏ အားနည်းချက်များကို မီးမောင်းထိုးပြလျက်ရှိပါသည်။ ယင်းအားနည်းချက်များသည် လတ်တလော၌ပင် လူ့အဖွဲ့အစည်းများအတွင်း၌ တင်းမာမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ နိုင်ငံသားမဟုတ်သူများအကြားတွင် ဤဥပဒေနှင့်ပတ်သက်၍ မကျေနပ်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ထို့ပြင် ၎င်းဥပဒေသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် လက်ရှိဥပဒေများနှင့် ကွဲလွဲဆန့်ကျင်နေကာ မြန်မာနိုင်ငံက လက်ခံသဘောတူညီပြီးဖြစ်သည့် နိုင်ငံတကာမှ သတ်မှတ်ထားသည့် စံနှုန်းများ၊ ဥပဒေများထက် လျော့နည်းနေပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ယင်းဥပဒေအား အကောင်အထည်ဖော်ခဲ့သည့် ပုံစံသည် နိုင်ငံအတွင်း၌ ဆွေစဉ်မျိုးဆက် မှီတင်းနေထိုင်ခဲ့သည့် လူ့အဖွဲ့အစည်းများ၏ ကျိုးကြောင်းဆီလျော်သော တောင်းဆိုမှုများကို တရားဥပဒေနှင့်အညီ မျှတစွာ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိပါ။ ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်များသည် ထိုအခြေအနေမျိုးကို ခံစားရသော အကြီးဆုံးအုပ်စုဖြစ်သော်လည်း ၎င်းတို့တစ်ဖွဲ့တည်းသည်သာ ထိုသို့ခံစားရခြင်း မဟုတ်ပါ။ မွတ်ဆလင်များအနေဖြင့် ၎င်းတို့၏ မဲပေးပိုင်ခွင့်အား ဖြည်းဖြည်းချင်း ရုပ်သိမ်းခံသွားသည့် ဖြစ်စဉ်မှစ၍ လူ့အသိုင်းအဝိုင်းအတွင်းမှ တဖြည်းဖြည်းဖယ်ကြဉ်ခံခဲ့ရပြီး မိမိတို့ကိုယ်ကို မိမိတို့ကာကွယ်နိုင်မှုမရှိတော့သည့် အခြေအနေသို့ရောက်ရှိလာသည်ကို အောက်ဖော်ပြပါ အခြေအနေများတွင် တွေ့မြင်ရမည်ဖြစ်ပါသည်။

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေ၏ သွင်ပြင်လက္ခဏာများသည် နိုင်ငံတကာ ဥပဒေအောက်ရှိ ခွဲခြားနှိမ့်ချဆက်ဆံခြင်း မပြုရဟူသော အခြေခံအချက်ကဲ့သို့သော နိုင်ငံတကာစံနှုန်းများ၊ သတ်မှတ်ချက်များနှင့်သာမက မြန်မာနိုင်ငံမှပါဝင်၍ သဘောတူ လက်မှတ်ရေးထိုးထားသော နိုင်ငံတကာစာချုပ်များနှင့်လည်း ကိုက်ညီမှုမရှိပါ။ ထင်ရှားသည့်အကြောင်းအရာမှာ မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗန်းရှင်း (Convention on the Rights of Child – CRC) တွင် ဖော်ပြထားသည့်အတိုင်း ကလေးတိုင်း၏ နိုင်ငံသား ဖြစ်နိုင်သည့် အခွင့်အရေးကို လေးစားရမည်၊ ကာကွယ်ရမည်၊ ကလေးတိုင်း နိုင်ငံသားဖြစ်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။ "ယင်းသို့ မဆောင်ရွက် ခဲ့လျှင် ကလေးငယ်အနေနှင့် နိုင်ငံမဲ့ဖြစ်နိုင်သော အခြေအနေဖြစ်ပါက မိမိတို့၏ အမျိုးသားဥပဒေနှင့် ဤကဏ္ဍတွင်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ

စာချုပ်ပါ တာဝန်များနှင့်အညီ ဤအခွင့်အရေးကိုရအောင် ဆောင်ရွက်ပေးရမည်။”[7] မွေးစာရင်း ထုတ်ပေးခြင်းသည် ထိုနိုင်ငံအတွင်း နိုင်ငံသားဖြစ်မှုအတွက် အာမခံချက်ပေးခြင်း မဟုတ်သော်လည်း ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာကော်မတီက ချမှတ်ထားသည့်အချက်မှာ ကလေးငယ်၏ အကောင်းဆုံးအကျိုးအတွက် ရည်ရွယ်သောအားဖြင့် နိုင်ငံသားအဖြစ် လျှောက်ထားမှုကို ကလေးများ အသက် (၁၈) နှစ် ပြည့်သည်အထိ စောင့်ဆိုင်း၍ လျှောက်ထားရခြင်းမျိုးမရှိစေဘဲ နိုင်ငံသားဖြစ်မှုကို ထိုကလေးအား မွေးဖွားပြီးသည်နှင့် ဖြစ်နိုင်သမျှ အမြန်ဆုံးရရှိရမည် ဟူ၍ဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံများအနေဖြင့် မိမိနိုင်ငံအတွင်း မွေးဖွားလာသည့် ကလေးငယ်များ နိုင်ငံမဲ့ မဖြစ်စေရန် နိုင်ငံသားဖြစ်ခွင့်ပေးရေးကို ကြိုးပမ်းသင့်ပါသည်။[8]

လွတ်လပ်ရေးရပြီး ဆယ်စုနှစ်များစွာအတွင်း အုပ်ချုပ်ခဲ့သော အစိုးရအဆက်ဆက်သည် ရခိုင်ပြည်နယ်အတွင်းရှိ မွတ်ဆလင် လူ့အဖွဲ့အစည်းများ၏ နိုင်ငံရေးနှင့် ပြည်သူ့အခွင့်အရေးများကို ယုတ်လျော့လာစေရန် ဥပဒေအကြောင်းအရာနှင့် အုပ်ချုပ်ရေးဆိုင်ရာ အစီအမံများချမှတ်၍ တစ်စတစ်စ တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ်၊ တပ်မတော် အာဏာသိမ်းယူမှုမတိုင်မီ ကာလအတွင်းတွင် မွတ်ဆလင်လူ့အဖွဲ့အစည်းသည် အတိုင်းအတာတစ်ခုအထိ အသိအမှတ်ပြုခံခဲ့ရပြီး ယင်းကာလတို အတွင်းတွင် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသအတွင်း၌ ၎င်းတို့အတွက် အုပ်ချုပ်ရေးဒေသတစ်ခုကို သတ်မှတ်ပေးခဲ့ပါသည်။ စစ်အုပ်ချုပ်ရေး ကာလအတွင်း၌ အခြေအနေသည် ဆိုးရွားလာခဲ့ကာ ၁၉၇၈ ခုနှစ်နှင့် ၁၉၉၁ ခုနှစ်ကာလတွင် ပြုလုပ်ခဲ့သည့် အစိုးရ၏စီမံချက်ကြီးများသည် လူဦးရေ (၂၀၀,၀၀၀) သိန်းထက်ပိုသော မွတ်ဆလင်များကို နယ်စပ်မှတဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အတွင်းသို့ ထွက်ပြေးတိမ်းရှောင်မှုများ ဖြစ်စေခဲ့ပါသည်။ (ထိုဖြစ်ရပ်နှစ်ခုစလုံးကြောင့် ထွက်ပြေးသွားသူအများစု၏ နိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာခြင်းကို မြန်မာနိုင်ငံအနေဖြင့် လက်ခံခဲ့ပါသည်။)

၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေတွင် တိကျရှင်းလင်းစွာ ဖော်ပြထားသည့်အချက်မှာ ၎င်းဥပဒေ မပြဋ္ဌာန်းမီကတည်းက နိုင်ငံသားအဖြစ် သတ်မှတ်ပြဋ္ဌာန်းခံရပြီးသောသူများ အနေဖြင့် နိုင်ငံသားအခွင့်အရေးများကို ဆက်လက်ရရှိခံစားစေရမည် ဟူသည့်အချက်ပင် ဖြစ်ပါသည်။ သို့ရာတွင် ထိုဥပဒေနှင့် ထိုဥပဒေအား အကောင်အထည်ဖော်ဆောင်ရွက်မှု

7 *Convention on the Rights of the Child*, 20 November 1989, which entered into force on 2 September 1990, and was ratified by Myanmar on 15 July 1991.

8 For a detailed analysis of the issues addressed under the CRC and the approach that the Committee on the Rights of the Child has taken to this issue, see *Addressing the Right to Nationality through the Convention on the Rights of the Child*, Institute on Statelessness and Inclusion, June 2016.

နည်းလမ်းတို့သည် ရခိုင်ပြည်နယ်အတွင်းရှိ မွတ်ဆလင်များ၏ နိုင်ငံသားဖြစ်နိုင်မှု အလားအလာကို လျော့နည်းစေခဲ့ပါသည်။ ၁၉၈၉ ခုနှစ်တွင် နိုင်ငံသားစိစစ်ရေးဆိုင်ရာ လုပ်ငန်းစဉ် (Citizenship Inspection Process) ကို မြန်မာနိုင်ငံတဝှမ်းတွင် ဆောင်ရွက်ခဲ့ပြီး အမျိုးသားမှတ်ပုံတင်ကတ် (National Registration Cards - NRCs) ရှိသော်လည်း ပြဋ္ဌာန်းချက်အသစ်များနှင့် ကိုက်ညီမှုရှိသောသူများကို ယင်းကတ်များအစား နိုင်ငံသားစိစစ်ရေးကတ် (Citizenship Scrutiny Cards - CSCs) များကို အစားထိုး ထုတ်ပေးခဲ့ပါသည်။ NRC ကိုင်ဆောင်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မွတ်ဆလင်အများစု သည် ၎င်းတို့၏ NRC များကို ပြန်လည်အပ်နှံလိုက်ရသော်လည်း အစားထိုးထုတ်ပေး သည်ဆိုသော CSC များကို မရရှိဘဲ နိုင်ငံမဲ့များအသွင် ဖြစ်လာခဲ့ပါသည်။

၁၉၉၅ ခုနှစ်တွင် အာဏာပိုင်များသည် ယာယီနေထိုင်ခွင့်ကတ် (Temporary Residency Card – TRCs) (သို့မဟုတ်) အဖြူရောင်ကတ် (White Cards) များကို ရခိုင်ပြည်နယ်အတွင်းရှိ အထောက်အထားကတ်များ မရှိတော့သည့် မွတ်ဆလင်များနှင့် ပြန်လည်ဝင်ရောက်လာသော ဒုက္ခသည်များအား စတင်ထုတ်ပေးခဲ့ပါသည်။ ၂၀၁၅ ခုနှစ်အစောပိုင်းတွင် ထို TRC များကို အစိုးရက ပယ်ဖျက်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး အဖွဲ့က အဆိုပါ TRC ကိုင်ဆောင်သူများအား မဲပေးခွင့် မရှိကြောင်း ပြဋ္ဌာန်းကြေညာခဲ့ပါ သည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလအတွင်း ကျင်းပသော ရွေးကောက်ပွဲများတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ကျင်းပခဲ့သော ရွေးကောက်ပွဲများကဲ့သို့ မဟုတ်ဘဲ ရခိုင်ပြည်နယ်မှ မွတ်ဆလင်များသည် လွှတ်တော်အမတ်များအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရရှိသကဲ့သို့ မဲပေးပိုင်ခွင့်ရှိသူများအဖြစ်လည်း ပါဝင်ခွင့်မရရှိခဲ့ကြပါ။

ဤသို့ တဖြည်းဖြည်းချင်း ဘေးဖယ်ခံထားရခြင်းဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ မွတ်ဆလင် များသည် မိမိတို့ကိုယ်ကိုမိမိတို့ ကာကွယ်နိုင်စွမ်းမရှိသော အခြေအနေသို့ နောက်ဆုံးတွင် ရောက်ရှိခဲ့ပြီး နိုင်ငံရေးအရ အကျိုးသက်ရောက်နိုင်မှု (သို့မဟုတ်) ကိုယ်စားပြုနိုင်မှုကို ပိတ်ပင်ခံရကာ ၎င်းတို့၏ အခြေခံရပိုင်ခွင့်နှင့် နိစ္စဓူဝကိစ္စရပ်များအပေါ် ကန့်သတ်ချက်များ အောက်တွင် ရှင်သန်နေထိုင်ကြရပါသည်။ အချို့သော ကန့်သတ်ချက်များသည် ဥပဒေ ပြဋ္ဌာန်းမှုအပေါ်တွင် အခြေခံသော်လည်း အခြားသော ပြဋ္ဌာန်းမှုများမှာ ဒေသဆိုင်ရာ လုံခြုံရေးအရာရှိများက အခါအားလျော်စွာထုတ်ပြန်သည့် ဒေသန္တရအမိန့်များနှင့် ညွှန်ကြားချက်များအရ ဖြစ်ပါသည်။ နိုင်ငံသား ဖြစ်နိုင်သည့် အထောက်အထားခိုင်လုံစွာ ရှိသည့် မွတ်ဆလင်တချို့အပါအဝင် မွတ်ဆလင်ဦးရေ (၁၂၀,၀၀၀) ခန့် သည် IDP စခန်းများအတွင်း၌သာ နေထိုင်ကြရန် ကန့်သတ်ထားခြင်းကို ခံနေကြရပါသည်။

၁၉၈၂ ခုနှစ် ဥပဒေနှင့် ၁၉၈၃ ခုနှစ် နည်းဥပဒေများတွင် နိုင်ငံသားဖြစ်မှုနှင့် ပတ်သက်၍ ကွဲပြားသောအမျိုးအစားများနှင့် လုပ်ထုံးလုပ်နည်း အဆင့်များစွာ ဖော်ပြပါရှိပါသည်။ အရေးအကြီးဆုံးနှင့် အထင်ရှားဆုံးဖြစ်သည့် ကွဲပြားမှုမှာ နိုင်ငံသားများ (Citizens) (သို့မဟုတ်) မွေးဖွားလာစဉ်ကတည်းက နိုင်ငံသားဖြစ်ခွင့်ရှိသူများ (Citizens by birth) နှင့် တခြားတစ်ခုမှာ ပြုနိုင်ငံသားများ (Naturalized Citizens) ဟူ၍ သတ်မှတ်မှုဖြစ်ပါသည်။ မွေးဖွားလာစဉ်ကတည်းကပင် နိုင်ငံသားဖြစ်ခွင့်ရှိသူများတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းအပါအဝင် မြန်မာနိုင်ငံအတွင်း ၁၈၂၃ ခုနှစ် မတိုင်ခင်ကတည်းကပင် အတည်တကျ အခြေချနေထိုင်ပြီးဖြစ်သော ဌာနေတိုင်းရင်းသား အုပ်စုများ ပါဝင်ပါသည်။[9] (၁၉၉၀ ပြည့်နှစ်တွင် အစိုးရမှ မြန်မာနိုင်ငံအတွင်း၌ တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးရှိကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါသည်။)

ဖော်ပြပါအမျိုးအစားနှစ်ခုတွင် မွေးဖွားလာသော ကလေးတစ်ဦး၏ နိုင်ငံသားဖြစ်မှုသည် ၎င်းမိဘနှစ်ဦး၏ နိုင်ငံသားဖြစ်မှု အမျိုးအစားအပေါ်တွင် မူတည်နေပါသည်။ နိုင်ငံသား မိဘတစ်ဦးမှ မွေးဖွားလာသော ကလေးတစ်ဦးအနေဖြင့် ၎င်း၏ကျန်မိဘတစ်ပါးသည် နိုင်ငံခြားသားမဟုတ်ပါက ထိုကလေးသည် အလိုအလျောက် နိုင်ငံသားဖြစ်ခွင့်ရှိ သည်။ ပြုနိုင်ငံသား မိဘတစ်ဦးမှ မွေးဖွားလာသော ကလေးတစ်ဦးအနေဖြင့် ၎င်း၏ ကျန်မိဘ တစ်ပါးသည် နိုင်ငံသားဖြစ်လျှင်သော်လည်းကောင်း (သို့မဟုတ်) ထိုကျန်မိဘတစ်ပါးအနေဖြင့် ပြုနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားလာသူဖြစ်လျှင် သော်လည်းကောင်း ထိုကလေးသည် နိုင်ငံသား ရပိုင်ခွင့်ရှိသည်။ ကျန်အခြေအနေများ အားလုံးတွင် ပြုနိုင်ငံသားမိဘများမှ မွေးဖွားလာသော ကလေးသည် ပြုနိုင်ငံသားအဖြစ်သာ လျှောက်ထားခွင့်ရှိပါသည်။

ထိုသို့ လျှောက်ထားရာတွင် လျှောက်ထားသူအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များနှင့် ပြည့်စုံရန် လိုအပ်ပါသည်။ "လျှောက်ထားသူသည် အသက် (၁၈) နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။ နိုင်ငံအတွင်းရှိ တိုင်းရင်းသားဘာသာစကား တစ်မျိုးမျိုးကို ပြောဆိုနိုင်သူ ဖြစ်ရမည်။ အကျင့်စာရိတ္တ ကောင်းမွန်သူ ဖြစ်ရမည်။ စိတ်ကျန်းမာသူ ဖြစ်ရမည်။"[10] သို့သော် ကလေးများ၏ မွေးစာရင်းကို မှတ်ပုံတင်သည့်အခါတွင် ၎င်းတို့၏အမည်အား မိဘတစ်ဦးဦး၏ နိုင်ငံသားပြုခွင့် လက်မှတ်တွင် ထည့်သွင်းဖော်ပြနိုင်ပါသည်။ ဖော်ပြပါ အချက်အလက်များ၊ သတ်မှတ်ချက်များနှင့် ပြည့်စုံသည့် တိုင်အောင် ထိုသူသည် ပြုနိုင်ငံသားအဖြစ် အလိုအလျောက် သတ်မှတ်ခံရခြင်း မရှိပါ။ ထို့ပြင် ပြုနိုင်ငံသားဖြစ်မှုသည်

9 *1982 Citizenship Law*, Section 3.

10 *1982 Citizenship Law*, Section 44.

နိုင်ငံသားဖြစ်မှုထက်ပို၍ ရုပ်သိမ်းရန် လွယ်ကူပါသည်။ ဥပမာအားဖြင့် ခိုးမှု၊ အိမ်ထောင်ရေး ဖောက်ပြန်မှု၊ မုဒိမ်းမှု (သို့မဟုတ်) မူးယစ်ဆေးဝါးနှင့်ဆိုင်သော ပြစ်မှုကဲ့သို့သော ကိုယ်ကျင့်တရားပျက်ပြား သည့် ပြစ်မှုများကို ကျူးလွန်ပါက ပြုနိုင်ငံသားအဖြစ်မှ ပြန်လည်ရုပ်သိမ်းခံရမည် ဖြစ်ပါသည်။[11]

နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ ကွဲပြားသော အမျိုးအစားများရှိမှုသည် မြန်မာနိုင်ငံတစ်နိုင်ငံတည်းတွင်သာ ရှိသည်မဟုတ်သော်လည်း တခြားသော နိုင်ငံများတွင် နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ တစ်ခုထက်ပို၍ သတ်မှတ်ခြင်းကို အထူးအခြေအနေမျိုးတွင်သာ ပြုလုပ်ကြပါသည်။ ယေဘူယျအားဖြင့် နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ အမျိုးအစားတစ်ခုတည်း သတ်မှတ်ထားခြင်းက ပိုမိုသင့်လျော်ပါသည်။ ထိုသို့ ပြုလုပ်ခြင်းသည် နိုင်ငံသားအားလုံးအား တန်းတူညီမျှတသော အခွင့်အရေးများ ပေးရန်ဟူသည့် ရည်ရွယ်ချက်ကို ပြည့်မီစွာဖြည့်ဆည်းပေးနိုင်ရာ ရောက်ပါသည်။

ယခင် နိုင်ငံသားဥပဒေများ ကဲ့သို့မဟုတ်ဘဲ ၁၉၈၂ ခုနှစ် ဥပဒေသည် နေထိုင်သည့် နေရာဒေသအပေါ် အခြေပြု၍ နိုင်ငံသားဖြစ်နိုင်သည့် အခွင့်အရေးကို ကန့်သတ်မှုများထားရှိပါသည်။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အနေဖြင့် ၎င်း၏ မိဘနှစ်ပါးတွင် အနည်းဆုံး တစ်ဦးသည်ပင်လျှင် နိုင်ငံသားဖြစ်ခြင်းမရှိသည့်တိုင် ထိုမိဘ (သို့မဟုတ်) ၎င်းတို့၏ ဘိုးဘေးဘီဘင်များသည် နိုင်ငံအတွင်းသို့ ၁၉၄၈ ခုနှစ် မတိုင်မီကတည်းက ဝင်ရောက်နေထိုင်ခဲ့ခြင်း (သို့မဟုတ်) ၎င်းတို့သည် မြန်မာနိုင်ငံအတွင်း တရားဝင်နေထိုင်ခဲ့ခြင်းနှင့် ဖော်ပြပါဥပဒေကို မကျင့်သုံးမီကာလက နိုင်ငံသားတစ်ဦးဦးနှင့် လက်ထပ်ခြင်းပြုခဲ့သည် ဆိုပါက ထိုပုဂ္ဂိုလ်အနေဖြင့် နိုင်ငံသားအဖြစ် လျှောက်ထားနိုင်ခွင့်ရှိပါသည်။

## အကြံပြုချက်များ

၁၇။ ၁၉၈၂ ခုနှစ် ဥပဒေသည် နိုင်ငံသားဖြစ်မှုအတွက် လက်ရှိကာလတွင် အခြေခံရသည့် ဥပဒေဖြစ်သည်ကို အသိအမှတ်ပြုသော်လည်း အစိုးရအနေဖြင့် ထိုဥပဒေအား ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်ကို စတင်သင့်ကြောင်း ကော်မရှင်အနေဖြင့် အကြံပြုလိုပါသည်။ ပြန်လည်သုံးသပ်ရမည့် အစိတ်အပိုင်းများအဖြစ် အောက်ပါအချက်များကို အစိုးရအနေဖြင့် ထည့်သွင်းစဉ်းစားလိုပါက စဉ်းစားနိုင်ရန် ဖော်ပြအပ်ပါသည်။

11 The full list of such offences is given in *Procedures on Naturalised Citizenship*, para.32 (A)(vi).

- ဥပဒေအား နိုင်ငံတကာစံနှုန်းများ၊ ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာ ကွန်ဗန်းရှင်း၏ ပုဒ်မ (၇) နှင့် ပုဒ်မ (၈) အပါအဝင် မြန်မာ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံတကာ စာချုပ်များနှင့် ချိန်ညှိခြင်း။

- နိုင်ငံသားဖြစ်မှုနှင့်ပတ်သက်၍ ကွဲပြားသော အမျိုးအစားများဖြင့် ခွဲခြားသတ်မှတ်ထားခြင်းကို ပယ်ဖျက်ခြင်းအပါအဝင် ဥပဒေပြုခြင်းကို အကောင်းဆုံးစံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီစွာ ဆောင်ရွက်ခြင်း။

- အများလက်ခံထားသည့်အချက်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နိုင်ငံသားအဖြစ်မှ ပယ်ဖျက်ခံရခြင်းကြောင့် နိုင်ငံမဲ့ဖြစ်သွားစေမည့် အခြေအနေသို့ ရောက်ရှိစေရန် မပြုလုပ်ရပါ။

- နိုင်ငံသား ဖြစ်တည်မှု ဆုံးရှုံးခဲ့သူများ (သို့မဟုတ်) နိုင်ငံသား ဖြစ်တည်မှုကို ရုပ်သိမ်းခံခဲ့ရသူများအား နိုင်ငံမဲ့မဖြစ်သွားစေရန် ပြန်လည်လျှောက်ထားခွင့်ပြုခြင်း။

- မြန်မာနိုင်ငံအတွင်း ကာလရှည်ကြာစွာ အခြေချနေထိုင်ခဲ့ပြီးသူများ အတွက် နိုင်ငံမဲ့မဖြစ်စေရေးအတွက် ပြုနိုင်ငံသားအဖြစ် လျှောက်ထား နိုင်ရန်အတွက် ပြဋ္ဌာန်းချက်သတ်မှတ်ခြင်း။

- လက်ရှိ နိုင်ငံသားဖြစ်မှုနှင့် တိုင်းရင်းသား လူမျိုးစုဖြစ်မှုတို့ ဆက်နွှယ် နေခြင်းကို ပြန်လည်ဆန်းစစ်ခြင်း။

- သင့်လျော်သည့် အချိန်ကာလတစ်ခုအတွင်း အစိုးရအနေဖြင့် နိုင်ငံသားဥပဒေအား ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်ကို စတင် နိုင်ရန်အတွက် စီမံချက်တစ်ခုကို ပြင်ဆင်တင်ပြသင့်ပါသည်။ ဥပဒေအသစ်တစ်ခု (သို့မဟုတ်) လက်ရှိဥပဒေကို ပြင်ဆင်မှုပြုခြင်း မပြီးသေးခင် အချိန်ကာလတွင်မူ အစိုးရအနေဖြင့် လက်ရှိကျင့်သုံး နေသော ဥပဒေအား နိုင်ငံတကာမှ လိုက်နာကျင့်သုံးနေသော အချက်များ၊ စံနှုန်းများနှင့်ချိန်ညှိပြီး ၁၉၈၂ ခုနှစ်က ဖြစ်တည်ခဲ့သော အခြေအနေများနှင့် ယနေ့ခေတ်၏ လိုအပ်ချက်များပြောင်းလဲလာ

မှုကို နှိုင်းယှဉ်မှုပြုထားသည့် လေ့လာဆန်းစစ်မှုများအပေါ် အခြေခံကာ ခွဲခြားနိုမ့်ချ ဆက်ဆံခြင်းသဘော၊ အပြုအမူများမပါသည့် ကြားဖြတ်လေ့လာသုံးသပ်မှုများကို ပြုလုပ်ရန် အဆိုပြုသင့်ပါသည်။ ထိုနိုင်ငံသား ဥပဒေသည် နိုင်ငံသားအားလုံးအတွက် ကွဲပြားမှု၊ ခွဲခြားမှုမရှိစေဘဲ တူညီမျှတသော ဥပဒေတစ်ခု ဖြစ်စေရန် ပြန်လည်သုံးသပ်သင့်ပါသည်။

## လွတ်လပ်စွာသွားလာခွင့်

ရခိုင်နှင့် မွတ်ဆလင်လူ့အဖွဲ့အစည်း နှစ်ရပ်စလုံးမှ အဖွဲ့ဝင်များသည် ခရီးသွားလာခွင့်နှင့် ပတ်သက်၍ ကန့်သတ်ချက်များကို ကြုံတွေ့နေရပါသည်။ IDP စခန်းများမှ မွတ်ဆလင်များအနေဖြင့် လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့် အားလုံးနီးပါးဆုံးရှုံး နေကြပါသည်။ ရခိုင်တချို့နှင့် IDP စခန်းများ ပြင်ပတွင်နေထိုင်သော ကျန်မွတ်ဆလင်များသည်လည်း အစိုးရမှချမှတ်ထားသည့် ကန့်သတ်ချက်များ၊ ဒေသဆိုင်ရာ အစိုးရဝန်ထမ်းများ၏ သင့်သလိုချမှတ်သည့် ဆုံးဖြတ်ချက်များနှင့် အကျင့်ပျက်သောဝန်ထမ်းများ၏ လုပ်ဆောင်မှုများကြောင့် တိုးမြှင့်လာသော ခရီးစရိတ်များသည် ၎င်းတို့၏ ခရီးသွားလာရေးတွင် ကန့်သတ်ချက်များကို ပိုမိုကြုံတွေ့လာစေပါသည်။ ထို့ပြင် မိမိတို့အား တစ်ဖက်လူ့အဖွဲ့အစည်းမှ အဖွဲ့ဝင်များက ရန်ပြုနိုင်သည်ဟူသော ကြောက်ရွံ့စိုးရိမ်စိတ်သည် လူ့အဖွဲ့အစည်းနှစ်ရပ်လုံးရှိ အဖွဲ့ဝင်များတွင်ရှိနေခြင်းကြောင့် ၎င်းတို့သည် မိမိတို့၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ခရီးသွားလာခြင်းများကို မပြုလုပ်ကြတော့သဖြင့် လယ်ယာမြေများသို့သွားရောက်၍ အလုပ်လုပ်ကိုင်ခြင်း၊ ငါးဖမ်းထွက်ခြင်းနှင့် ဈေးများသို့သွားလာခြင်းများ လျော့နည်းလာပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသတွင် တည်ဆဲဥပဒေများကို အခြေခံ၍ ထုတ်ပြန်ထားသည့် အမိန့်များကဲ့သို့သော အစိုးရမှချမှတ်ထားသည့် တရားဝင်ကန့်သတ်ချက်များသည် လွတ်လပ်စွာ ခရီးသွားလာမှုများအတွက် အဓိကအတားအဆီးအဖြစ် တည်ရှိနေပြီး ရခိုင်ပြည်နယ်အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများရှိ လူ့အဖွဲ့အစည်းများအတွင်း တရားဝင်သတ်မှတ်ချက်မရှိဘဲ အလွတ်သဘောကျင့်သုံးသည့် ကန့်သတ်ချက်များနှင့် လူမှုရေးဆိုင်ရာ ကန့်သတ်ချက်များသည် ဒေသအတွင်းရှိ ပြည်သူလူထု၏ လွတ်လပ်စွာသွားလာနိုင်မှုအတွက် အဓိကအတားအဆီးများ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

လွတ်လပ်စွာသွားလာနိုင်ခွင့် မရှိခြင်းသည် ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အား အတားအဆီးဖြစ်စေနိုင်သော အကြောင်းကိစ္စတစ်ခု ဖြစ်ပါသည်။ ထိုသို့ ခရီးသွားလာခွင့်အပေါ် ကန့်သတ်ထားမှုများကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် ဝန်ဆောင်မှုများရရှိရေး လျော့ကျလာခြင်းကဲ့သို့သော မကောင်းသည့် အကျိုးသက်ရောက်မှုများကို ဒေသတွင်နေထိုင်သူများ ခံစားရကြသည့်အပြင် လူ့အဖွဲ့အစည်းများအကြားတွင် တစ်ဖက်နှင့်တစ်ဖက် သီးခြားတည်ရှိနေခြင်းများကို ပိုမိုခိုင်မာလာစေပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်နှင့်တစ်ရပ်အကြား စီးပွားရေးအရ အပြန်အလှန် ဆက်စပ်ဆောင်ရွက်နိုင်မှုများကိုလည်း

လျော့ကျသွားစေခဲ့ပါသည်။ အစိုးရအနေဖြင့် လက်ရှိခရီးသွားလာခွင့်အပေါ် ကန့်သတ်ထားမှုများ ဆက်လက်ထားရှိရခြင်း၏ အဓိကအကြောင်းရင်းမှာ မွတ်ဆလင်များ ပြည်နယ်အတွင်း၌ လွတ်လပ်စွာ သွားလာနေမှုအပေါ် ရခိုင်လူ့အဖွဲ့အစည်းမှ ကန့်ကွက်ဆန္ဒပြမှုများကြောင့် မတည်မငြိမ်မှုများ ဖြစ်ပေါ်လာနိုင်သည်ဟူသော စိုးရိမ်ကြောင့်ကြမှုကြောင့် ဖြစ်ပါသည်။ သို့ရာတွင် လွတ်လပ်စွာ သွားလာခွင့်အပေါ် ထားရှိသည့် ကန့်သတ်ချက်များအား လျှော့ချခြင်းကို ဂရုတစိုက်ဆောင်ရွက်သွားနိုင်ပါက ပြည်နယ်အတွက် အပြုသဘောဆောင်သည့် လူမှုရေးနှင့် စီးပွားရေးအကျိုးအမြတ်များကို ရရှိလာနိုင်မည် ဖြစ်ပါသည်။

ရခိုင်ပြည် မြောက်ပိုင်းဒေသတွင် လွတ်လပ်စွာ ခရီးသွားလာခွင့် ပိုမိုရရှိလာစေရေးအတွက် မကြာသေးမီ ကာလများအတွင်းက အစိုးရမှ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအပေါ် ကော်မရှင်မှ ကြိုဆိုပါသည်။ သို့ရာတွင် ထိုဆောင်ရွက်မှုသည် အစိုးရမှ တရားဝင်ထုတ်ပေးထားသည့် စိစစ်ရေးစာရွက်စာတမ်း ကိုင်ဆောင်ထားသူများအတွက်သာဖြစ်၍ ထိရောက်မှုသည် အနည်းငယ်သာ ရှိပါသည်။ ထိုသို့သော အစိုးရ၏ ဆောင်ရွက်ချက်များ ထိရောက်မှုရှိလာစေရန် ရခိုင်ပြည်နယ်တွင် နေထိုင်သူအားလုံးအား နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC) (သို့မဟုတ်) အမျိုးသားမှတ်ပုံတင် (သို့မဟုတ်) နိုင်ငံသားစိစစ်ရေး ကတ်ရှိမှုတို့အပေါ် အခြေမခံဘဲ လွတ်လပ်စွာ သွားလာခွင့်ပြုသင့်ပါသည်။ "လွတ်လပ်စွာသွားလာခွင့်သည် လူသားတိုင်း၏ အခြေခံရပိုင်ခွင့်ဖြစ်သည်" ဟူသော မူနှင့်ကိုက်ညီသည့် ဆောင်ရွက်မှုဖြစ်ပါသည်။

လွတ်လပ်စွာသွားလာခွင့်အပေါ် ထားရှိသည့် ကန့်သတ်ချက်များကို ဖယ်ရှားရာတွင် လူ့အဖွဲ့ အစည်း နှစ်ရပ်လုံးအနေဖြင့် ၎င်းတို့၏ လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများ မဖြစ်စေရန်အတွက် လိုအပ်သည်များကို လိုလားစွာဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ လက်တွေ့တွင် မွတ်ဆလင်များ တနေရာမှ တနေရာသို့ သွားလာနိုင်ရေးအတွက် ရဲတပ်ဖွဲ့ဝင်များမှ ဆောင်ရွက်ပေးသည့် သာဓကများရှိပြီးဖြစ်ပါသည်။ သို့ရာတွင် ထိုသို့ အကူအညီပေးမှုများကို မွတ်ဆလင်များအနေဖြင့် တရားရုံးတွင် သက်သေထွက်ဆိုရန် လိုအပ်သည့်အချိန်နှင့် ရခိုင်များနေထိုင်ရာ ရပ်ကွက်များတွင် မွတ်ဆလင်များ ဆေးကုသမှု ခံယူရန် လိုအပ်သည့်အချိန်စသည့် ကန့်သတ်အခြေအနေမျိုးတွင်သာ ရရှိပါသည်။ ထိုသို့ မွတ်ဆလင်များ တနေရာမှ တနေရာသို့ သွားလာရေးအတွက် ဆောင်ရွက်ပေးမှုကို ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ယခုထက်ပို၍ ကျယ်ပြန့်စွာ ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ခရီးသွားလာခွင့် ရရှိစေရန်အတွက် ရဲတပ်ဖွဲ့ဝင်များအား လာဘ်ပေးရခြင်းကဲ့သို့သော အကျင့်ပျက်မှုများကို ပြင်းပြင်းထန်ထန် တိုက်ဖျက်သွားရပါမည်။

## အကြံပြုချက်များ

၁၈။ အစိုးရသည် ရခိုင်ပြည်နယ်အတွင်း နေထိုင်သူများအားလုံးအား ဘာသာရေး၊ လူမျိုးရေးနှင့် နိုင်ငံသားဖြစ်တည်မှု တို့အပေါ် အခြေခံသည့် ခွဲခြားမှုများကို မပြုဘဲ လွတ်လပ်စွာ သွားလာခွင့်များရရှိစေရန် သေချာအောင် ဆောင်ရွက်ပေးသင့်ပါသည်။ လွတ်လပ်စွာ ခရီးသွားလာခွင့်နှင့် လူသားတိုင်းလိုအပ်သည့် အခြေခံဝန်ဆောင်မှုများ ရရှိနိုင်မှုတို့သည် ကြီးမားသော ဆက်စပ်မှုရှိသည့် အကြောင်းကိစ္စများဖြစ်၍ တပြိုင်နက်တည်း ဆောင်ရွက်ရပါမည်။ လူ့အဖွဲ့အစည်းအားလုံးအနေဖြင့် ပညာသင်ကြားခွင့်၊ ကျန်းမာရေးဆိုင်ရာ ဆေးကုသခံယူနိုင်ခွင့်၊ အသက်မွေးဝမ်းကျောင်းပြုနိုင်မှု အခွင့်အလမ်းများရရှိခွင့်နှင့် တခြားအခြေခံလိုအပ်သည့် ဝန်ဆောင်မှုများ ရရှိနိုင်ခွင့်များ ရှိသင့်ပါသည်။

၁၉။ အစိုးရထံသို့ ကြားဖြတ်အစီရင်ခံစာတွင် အကြံပြုခဲ့သည့်အတိုင်းပင် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအားလုံး ပုံစံအမျိုးမျိုးဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော ခရီးသွားလာခွင့်နှင့်ပတ်သက်သည့် ကန့်သတ်ချက်များကို အစိုးရမှ စာရင်းပြုစုခြင်းကို ပြုလုပ်သွားရန် ကော်မရှင်အနေဖြင့် ထပ်မံ၍ ပန်ကြားလိုပါသည်။ ထိုစာရင်းများတွင် အစိုးရမှ တရားဝင်ချမှတ်ထားသည့် ကန့်သတ်ချက်များ၊ တရားဝင်ချမှတ်ထားခြင်းမရှိဘဲ လူ့အဖွဲ့အစည်းအတွင်း အလွတ်သဘောကျင့်သုံးနေသည့် ကန့်သတ်ချက်များနှင့် လူမှုရေးကန့်သတ်ချက်များအားလုံး ပါဝင်သင့်ပါသည်။ ထိုစာရင်းကောက်ယူမှုများကို မြို့နယ်နှင့် ကျေးလက်အဆင့်တွင် ပြုလုပ်သင့်ပါသည်။ ထိုသို့ စာရင်းပြုစုပြီးနောက် အစိုးရအနေဖြင့် လွတ်လပ်စွာသွားလာခွင့်အပေါ် ထားရှိသည့် ကန့်သတ်မှုများကို ဖယ်ရှားရေးအတွက် အချိန်ကာလနှင့် အရေးပါသော မှတ်တိုင်များ (Milestones) ပါဝင်သည့် လမ်းပြမြေပုံတစ်ခုကိုရေးဆွဲ၍ ဆောင်ရွက်သွားသင့်ပါသည်။ ထိုလုပ်ငန်းစဉ်၏ လုပ်ငန်းအကောင်ထည်ဖော်ဆောင်မှု အဆင့်ဆင့်ကို လူ့အဖွဲ့အစည်းများ အားလုံးနားလည်လက်ခံနိုင်ရေးနှင့် အဆင်သင့်ဖြစ်နေစေရေးအတွက် ပဋိပက္ခများဖြစ်စေနိုင်သည့် အခြေအနေများကို ထည့်သွင်းစဉ်းစားကာ ဖော်ဆောင်ထားသည့် ပြည်သူ့ဆက်ဆံရေး မဟာဗျူဟာများကို လုပ်ငန်းများ အကောင်အထည်မဖော်မီ ချမှတ်ဆောင်ရွက်သင့်ပါသည်။

၂၀။ ခရီးသွားလာခွင့်ရရှိရေးအတွက် လာဘ်ပေးရခြင်းများ၊ လမ်းများပိတ်ဆို့ထားရှိခြင်းများနှင့် မွတ်ဆလင်များ ခရီးသွားလာသည့်အခါ လုံခြုံရေး

စောင့်ရှောက်မှုအနေဖြင့် လိုက်ပါ ပေးရသော ရဲများအား ဝန်ဆောင်မှုအတွက် အခကြေးငွေ ပေးရခြင်းအစရှိသည့် တရားမဝင် ကန့်သတ်ချုပ်ချယ်မှုများကို အစိုးရမှ အရေးယူတားဆီးခြင်းများ ပြုလုပ်သင့်ပါသည်။ ပြစ်မှုကျူးလွန်သူများကိုလည်း တည်ဆဲဥပဒေများအရ အရေးယူမှုများ ပြုသင့်ပါသည်။

၂၁။ အထက်တွင်ဖော်ပြခဲ့သည့် ခရီးသွားလာခွင့်အပေါ် ကန့်သတ်ချက်များအား ဖယ်ရှား မှုများကို တဖြည်းဖြည်းချင်းပြုလုပ်ရန်အတွက် စောင့်ဆိုင်းနေသည့် ကာလအတွင်း မွတ်ဆလင်များအနေဖြင့် တမြို့နယ်မှ တမြို့နယ်သို့ ခရီးသွားလာနိုင်ခွင့်နှင့် ပြည်နယ်ပြင်ပသို့ ခရီးသွားလာခွင့်များ ရှင်းလင်းလွယ်ကူစွာ ရရှိနိုင်ရေးအတွက် အစိုးရမှ ဆောင်ရွက်ပေးသင့်ပါသည်။

၂၂။ ရဲတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရပါမည်။ ထို့ပြင် လူ့အဖွဲ့အစည်းအသီးသီးမှ အဖွဲ့ဝင်များ၏ ခရီးသွားလာမှုကို အကြမ်းဖက်နည်းဖြင့်သော်လည်းကောင်း၊ အကြမ်းဖက်နည်းသုံးမည်ဟု ခြိမ်းခြောက်မှုဖြင့်သော်လည်းကောင်း တားဆီးမှုပြုလုပ်လာသူရှိပါက ထိုသို့ပြုလုပ်သူအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းများကိုလည်း ပြုသင့်ပါသည်။

၂၃။ ဥပဒေရေးရာတွင် တန်းတူညီမျှမှုရှိစေရန် နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်အတွင်းရှိ လူမျိုးစုငယ်များ၏ ရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို ကန့်သတ်ချုပ်ချယ်ထားသော ဒေသအလိုက် ထုတ်ပြန်ထားသည့် စည်းမျဉ်းများနှင့် အမိန့်စာများကိုရှာဖွေပြီး ဥပဒေအရ ပြန်လည်သုံးသပ်ဆန်းစစ်သင့်ပါသည်။

# IDP ကိစ္စရပ်များ

၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက် ပဋိပက္ခများကြောင့် မွတ်ဆလင် (၁၂၀,၀၀၀) ခန့်သည် ပြည်နယ်အတွင်းရှိ IDP စခန်းများတွင် ကန့်သတ်ချက်များဖြင့် နေထိုင်နေကြရပါသည်။ (ထိုအကြမ်းဖက်မှု၏ ရလဒ်အဖြစ် ရခိုင်လူမျိုးအချို့သည်လည်း IDP များ ဖြစ်ခဲ့ကြရပါသည်။) IDP များ မူလနေရာများတွင် ပြန်လည်နေထိုင်နိုင်ရေးနှင့် နေရာသစ်များတွင် နေရာချထားနိုင်ရေးတို့အတွက် ဆောင်ရွက်မှုများမှာ တိုးတက်မှုရှိသည်ကို မတွေ့ရပါ။ ယခင်အစိုးရမှ ဖော်ပြပါ IDP ပြဿနာကို ဖြေရှင်းရန်အတွက် စီမံချက်တစ်ရပ်ကို ၂၀၁၄ ခုနှစ်တွင် ချမှတ်ခဲ့သော်လည်း ထိုလုပ်ငန်းစီမံချက်၏ အစိတ်အပိုင်းအနည်းငယ်ကိုသာ အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။ ကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာတွင် အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများပိတ်နိုင်ရေးအတွက် ရှင်းလင်းသည့် အချိန်ဇယားနှင့် IDP များအား မူလနေရာများ (သို့မဟုတ်) တခြားနေရာသစ်များတွင် နေရာပြန်လည်ချထားရာတွင် လုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အရေးများရရှိရေး တို့အတွက် ဖော်ထုတ်ဆောင်ရွက်ပေးရေးတို့ပါဝင်သည့် မဟာဗျူဟာတစ်ရပ်ကို သက်ဆိုင်ရာ လူ့အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်၍ ချမှတ်သင့်ကြောင်း အကြံပြုတိုက်တွန်းခဲ့ပါသည်။

ကြားဖြတ်အစီရင်ခံစာတွင် ကော်မရှင်သည် အစိုးရအား IDP စခန်း (၃) ခုတွင် နေထိုင်သူများအား ၎င်းတို့၏ မူလနေရာဒေသများသို့ ပြန်လည်အခြေချခြင်း (သို့မဟုတ်) နေရာသစ်များတွင် နေရာချထားမှုများ ပြုလုပ်ပေးခြင်းများကို ဆောင်ရွက်ပေးရန် တိုက်တွန်းခဲ့ပါသည်။ ဤအကြံပြုချက်များအား အလျင်အမြန်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့်အတွက် အစိုးရအား ချီးကျူးအသိအမှတ်ပြုရမည်ဖြစ်ပါသည်။ သို့ရာတွင် ထို IDP များအား ပြန်လည်နေရာချထားရေး လုပ်ငန်းများဆောင်ရွက်မှု၏ ရလဒ်များသည် ရောထွေးလျက်ရှိပါသေးသည်။ ကညင်တောမှ ရခိုင် IDP များအား သတ်မှတ်ထားသည့်နေရာများသို့ အောင်မြင်စွာပြောင်းရွှေ့ပြီးဖြစ်သော်လည်း မင်းသာဖ ကျေးရွာတွင် ယခင်ကနေထိုင်ခဲ့ကြသည့် မွတ်ဆလင် IDP မိသားစုဝင်များအတွက် ပြန်လည်နေရာချထားရေးနှင့် ပတ်သက်သည့် ဆောင်ရွက်မှုလုပ်ငန်းစဉ်များသည် ဒေသတွင်းနေထိုင်သည့် ရခိုင်လူမျိုးများ၏ ကန့်ကွက်မှုများကြောင့် ရပ်တန့်နေပါသည်။ ထို့ပြင် ကော်မရှင်မှ ရမ်းဗြဲမြို့ရှိ ကမန် IDP များအား ၎င်းတို့၏ မူလနေရာများတွင် ပြန်လည်နေရာချထားပေးရန် အကြံပြုခဲ့သော်လည်း အစိုးရအနေဖြင့် ကမန် IDP များအား ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ ပြောင်းရွှေ့နေရာချထားမှုကို ဆောင်ရွက်ပေးခဲ့ပါသည်။ IDP စခန်းပိတ်သိမ်းလိုက်ခြင်းသည် အပြုသဘောဆောင်သည့် လုပ်ရပ်တစ်ခုဖြစ်သော်

လည်း ထိုကဲ့သို့ လုပ်ဆောင်မှုပုံစံအား တခြားကျန်ရှိသည့် IDP စခန်းများပိတ်သိမ်းရန် ဆောင်ရွက်ရာတွင် နမူနာအဖြစ်မသုံးသင့်ပါ။ လက်ရှိအခြေအနေတွင် အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစား အခြေခံထား၍ ဖော်ထုတ်ထားသည့် မဟာဗျူဟာတစ်ရပ် အရေးပေါ် လိုအပ်နေပါသည်။ ထို့ပြင် သက်ဆိုင်ရာ လူ့အဖွဲ့အစည်းများနှင့် ကျယ်ပြန့်စွာ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ရန်လည်း လိုအပ်နေပါသည်။

လက်ရှိအချိန်အခါတွင် IDP စခန်းများ၌ နေထိုင်ရမှုအခြေအနေသည် အလွန်ပင်ဆိုးရွားသည်ကို တွေ့မြင်ရပါသည်။ စခန်းတိုင်းတွင် IDP အရေအတွက်သည် ဖြစ်သင့်သည်ထက် ပိုမိုများပြားနေပါသည်။ ထို့ပြင် အခြေခံလိုအပ်သည့် ဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို IDP များအနေဖြင့် လုံလောက်စွာ မရရှိကြပါ။ ၂၀၁၂ ခုနှစ်တွင် IDP များ နေထိုင်ရန်အတွက် အဆောက်အအုံများအား (၂) နှစ် (သို့မဟုတ်) (၃) နှစ်အထိ အသုံးပြုရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ပါသည်။ ထို့ကြောင့် အဆောက်အအုံအများစုသည် ပြန်လည်ပြင်ဆင်ရန် (သို့မဟုတ်) အသစ်ပြန်လည် တည်ဆောက်ခြင်းများပြုလုပ်ရန် အရေးပေါ် လိုအပ်လျက်ရှိပါသည်။ IDP များအနေဖြင့် မိမိတို့၏မူလနေရာများတွင် ပြန်လည်နေထိုင်ခွင့် (သို့မဟုတ်) နေရာသစ်များတွင် ပြောင်းရွှေ့နေထိုင်ခွင့်တို့အား စောင့်ဆိုင်းနေရစဉ် ကာလအတွင်း အစိုးရအနေဖြင့် နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်လိုသည့် အဖွဲ့အစည်းများ၏ အကူအညီများဖြင့် ဒုက္ခသည်စခန်းများအတွင်း အခြေခံလိုအပ်ချက်များ လုံလောက်စွာရရှိသည့် နေထိုင်နိုင်မှု အခြေအနေရှိအောင် ဆောင်ရွက်ပေးရပါမည်။ ထို့သို့ ဆောင်ရွက်နိုင်ရန် ပိုမိုကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုများကို ပြုလုပ်သွားရန် လိုအပ်ပါသည်။

## အကြံပြုချက်များ

၂၄။ အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ IDP စခန်းများ ပိတ်သိမ်းနိုင်ရေးအတွက် မဟာဗျူဟာတစ်ရပ်ကို သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်း ညှိနှိုင်းတိုင်ပင်၍ ချမှတ်သွားသင့်ကြောင်း ကော်မရှင်မှ ထပ်မံ၍အကြံပြုအပ်ပါသည်။ ထိုမဟာဗျူဟာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအတွက် အချိန်ဇယားကို ရှင်းလင်းစွာဖော်ပြသင့်ပါသည်။ ထို့ပြင် မိမိတို့၏မူလနေရာများကို ပြန်သွားမည့် (သို့မဟုတ်) တခြား နေရာများတွင် ပြန်လည်နေရာချထားမည့်သူများအတွက် ၎င်းတို့ပြောင်းရွှေ့မည့်နေရာများတွင် လုံခြုံရေးနှင့်

အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ အခွင့်အရေးများ ရရှိရေးအတွက် ဖော်ထုတ်ဆောင်ရွက်ပေးသည့်စီမံချက်များ ပါဝင်သင့်ပါသည်။

၂၅။ အစိုးရသည် IDP များအား ပြန်လည်နေရာချထားရေး လုပ်ငန်းများကို နိုင်ငံတကာမှ အကူအညီများပေးလိုသည့် အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အောက်ဖော်ပြပါ နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်သွားသင့်ပါသည်။

- IDP များအား ၎င်းတို့ မူလနေထိုင်သည့်နေရာ (သို့မဟုတ်) တခြား နေရာသစ်သို့ ပြန်လည်ပြောင်းရွှေ့ပေးရာတွင် ၎င်းတို့၏ သဘော ဆန္ဒအရသာ ဆောင်ရွက်ပေးရမည်။ လုံခြုံမှုရှိရမည်။ ထို့ပြင် ဂုဏ်သိက္ခာနှင့်အညီပြောင်း ရွှေ့နိုင်ရမည်။

- IDP များအား ၎င်းတို့ မူလနေထိုင်ရာ ဒေသများတွင် ပြန်လည်နေထိုင် နိုင်ရန် ဦးစားပေးဆောင်ရွက်ပေးရမည်။ ထိုသို့မလုပ်ဆောင်နိုင်ပါက IDP များ ပြောင်းရွှေ့လိုသည့် နေရာသစ်သို့ ပြောင်းရွှေ့နိုင်ရန် ဆောင်ရွက်ပေးရမည်။

- IDP များအား ၎င်းတို့မူလနေထိုင်ရာဒေသများသို့ ပြန်လည်ပြောင်းရွှေ့ နေရာချထားရေး (သို့မဟုတ်) နေရာသစ်များတွင် ပြန်လည်နေရာချ ထားရေး (သို့မဟုတ်) ၎င်းတို့ရွှေ့ပြောင်းမည့် ဒေသအတွင်းရှိနှင့်နေ ပြီးသော လူ့အဖွဲ့အစည်းများနှင့် သဟဇာတဖြစ်စွာ ပေါင်းစည်းနိုင်ရေး တို့အတွက် စီမံချက်များချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင် ခြင်းတို့တွင် IDP များ ကိုယ်တိုင်ပါဝင်ခွင့်ရှိရမည်။

- IDP များအား ပြန်လည်နေရာချထားမှုများ ဆောင်ရွက်ရာတွင် အခြေခံဝန်ဆောင်မှုများ မရရှိနိုင်သည့် ဒေသများ၊ အသက်မွေးဝမ်း ကျောင်း အခွင့်အလမ်းမရှိသည့်ဒေသများနှင့် လုံခြုံမှုမရှိသည့်ဒေသ များသို့ ပြောင်းရွှေ့ပေးမှုများ မပြုလုပ်သင့်ပါ။

- IDP များအနေဖြင့် နေရာအသစ်တစ်ခုကို ပြောင်းရွှေ့နေထိုင်ရန်အတွက် ရွေးချယ်ခြင်းသည် ၎င်းတို့မူလနေထိုင်ရာ ဒေသများ၌ လုံခြုံစွာနှင့် ဂုဏ်သိက္ခာရှိစွာနေထိုင်ခွင့်ကို စွန့်လွှတ်လိုက်ခြင်းဖြစ်သည်ဟု မသတ်မှတ်သင့်ပါ။ ၎င်းတို့အနေဖြင့် ၎င်းတို့၏ ယခင်မူလနေထိုင်ရာ

ဒေသများသို့ပြန်လည် ပြောင်းရွှေ့နေထိုင်ရန် အခြေအနေပေးသည့်အခါ ပြန်လည်ပြောင်းရွှေ့ နေထိုင်ခွင့်ရှိရပါမည်။

- IDP များအား ပြန်လည်နေရာချထားသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် IDP များနှင့် ၎င်းတို့အား ပြောင်းရွှေ့နေရာချထားပေးမည့် ဒေသရှိ မူလနေထိုင်သူများနှင့် ဆွေးနွေးညှိနှိုင်းမှုကို နှစ်ဖက်လူ့အဖွဲ့အစည်းအတွင်း အဓိပ္ပာယ်ရှိသည့် နည်းလမ်းများဖြင့် သေသေချာချာ ဆောင်ရွက်သွားရပါမည်။

၂၆။ ကြားကာလအတွင်း၌ အစိုးရအနေဖြင့် IDP စခန်းများအတွင်း နေထိုင်နေကြရသူများအား ဂုဏ်သိက္ခာနှင့်အညီ စခန်းများအတွင်း နေထိုင်နိုင်ရေးအတွက် အောက်ဖော်ပြပါ ဆောင်ရွက်မှုများကို IDP စခန်းများပိတ်သိမ်းရေး လုပ်ငန်းစဉ်အား မထိခိုက်စေဘဲ ဆောင်ရွက်သွားသင့်ပါသည်။

- IDP များနေထိုင်ရသည့် အဆောက်အအုံများ အခြေအနေ ပိုမိုကောင်းမွန်လာရေး။ ။ IDP စခန်းများအတွင်း နေထိုင်သူအရေအတွက်သည် ဝန်ဆောင်မှုပေးသည်ထက် ပိုမိုများပြားနေသည့်အခြေအနေကို ဖြေရှင်းနိုင်ရန် အရွယ်အစားပိုကြီးသည့် တဲတန်းရှည်အသစ်များကို ဆောက်လုပ်ခြင်း (သို့မဟုတ်) မိသားစုတစ်စုချင်းစီအတွက် လုံးချင်းအိမ်များ ဆောက်လုပ်ခြင်းတို့အား နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု စံနှုန်းများနှင့်အညီ ဆောင်ရွက်ပေးသင့်ပါသည်။ အဆောက်အအုံ တည်ဆောက်မှုများအတွက် မြေဧရိယာပိုမိုအသုံးပြုရန် လိုအပ်မည်ဆိုပါက ထိုပိုမိုအသုံးပြုရမည့် မြေဧရိယာအတွက် လုံလောက်ပြည့်မီသော လျော်ကြေးကို မြေပိုင်ရှင်များအား ပေးအပ်ရမည်ဖြစ်ပါသည်။

- ရေနှင့် သန့်ရှင်းရေး တိုးတက်ကောင်းမွန်လာရေး။ ။ ရေနှင့် သန့်ရှင်းရေးအထူးအားဖြင့် အညစ်အကြေး စွန့်ပစ်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အဦများကို အဆင့်မြှင့်တင်ပေးရမည်။

- ပညာရေးကဏ္ဍတိုး တက်လာရေး ။ ။ အရပ်ဘက် လူ့အဖွဲ့အစည်းများမှ ယာယီဖွင့်လှစ်သင်ကြားပေးသည့် စာသင်ကျောင်းများအား တရားဝင် စာသင်ကျောင်းများအဖြစ် အသိအမှတ်ပြုခြင်း၊ ယာယီ

စာသင်ကျောင်းများ ပိုမိုပေါ် ပေါက်လာရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဆရာဖြစ်သင်တန်း များပေးခြင်း၊ ကျောင်းဆရာ၊ ဆရာမများကို လစာများပေးခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေး ရမည်။

- အသက်မွေးဝမ်းကျောင်းအခြေအနေများ တိုးတက်လာရေး ။ ။ အသက်မွေးဝမ်းကျောင်း သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ဝင်ငွေရရှိနိုင် သည့်လုပ်ငန်းစဉ်များ IDP စခန်းအတွင်း ဖန်တီးပေးခြင်းနှင့် IDP စခန်းပြင်ပတွင် အလုပ်အကိုင်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် အမျိုးသားနှင့် အမျိုးသမီး IDP များ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရမည်။ ထိုသို့ဆောင်ရွက်ပေးမှုကြောင့် IDP များအနေဖြင့် နိုင်ငံတကာ အကူအညီအပေါ် မှီခိုရမှုများ လျော့ကျလာမည် ဖြစ်ပါသည်။

## လူသားချင်းစာနာထောက်ထားသည့် အကူအညီများပေးနိုင်မှု

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့အား လက်နက်ကိုင်များ ဝင်ရောက်တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက်ပိုင်း၌ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီ ပေးသောအဖွဲ့များအနေဖြင့် မောင်တောမြို့ရှိ တချို့နေရာများသို့ သွားရောက်ပြီး လုပ်ငန်းလုပ်ဆောင် နိုင်မှုများ မရှိတော့ပါ။ ခြွင်းချက်အချို့ရှိသော်လည်း အကူအညီပေးသည့် အဖွဲ့အစည်းများအနေဖြင့် တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည့် ဒေသများ သို့ဝင်ရောက်၍ ပုံမှန်အကူအညီပေးရန် ခွင့်ပြုချက်များမရတော့ပါ။ ကော်မရှင်အနေဖြင့် ကြားဖြတ်အကြံပြုချက်များတွင် မြန်မာနိုင်ငံအစိုးရအား အကြမ်းဖက်ပဋိပက္ခများ ဖြစ်ပွားခဲ့သောဒေသများသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို တားဆီးမှုမရှိဘဲ အပြည့်အဝခွင့်ပြုသင့်ကြောင်းနှင့် အကြမ်းဖက်မှုများကြောင့် ထိခိုက် သွားသော လူ့အဖွဲ့အစည်းများအား နိုင်ငံတကာအထောက်အပံ့များဖြင့် လုံလောက်သော အကူအညီများရရှိစေရန် ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုတိုက်တွန်းခဲ့ပါသည်။

ထိုသို့ အကြံပြုခဲ့သည့်အချိန်မှစ၍ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးနိုင်မှုအခြေအနေ အတော်ပင်တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် အကူအညီပေးသည့် အဖွဲ့အစည်းများအနေဖြင့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုတိုက်ခိုက်မှု ဖြစ်စဉ်နောက် ပိုင်းတွင် ချမှတ်ခဲ့သည့် ကန့်သတ်မှုများကို ဆက်လက်ကြုံတွေ့နေရပါသည်။ ဥပမာအားဖြင့် - အကူအညီပေးသည့် အဖွဲ့အစည်းများမှ နိုင်ငံတကာဝန်ထမ်းများသည် သက်ဆိုင်ရာဝန်ကြီး ဌာန (သို့မဟုတ်) ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများလိုက်ပါနိုင်မှသာ မိမိတို့လုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သည့် နေရာများသို့ သွားလာနိုင်ခွင့်ရရှိကြပါသည်။ ထို့ပြင် နေအိမ်အဆောက်အအုံဖြင့် နေထိုင်နိုင်ရေးအတွက် ငွေကြေးအထောက်အပံ့ပေးသည့် (Cash-based Interventions for Shelter) အစီအစဉ်များကို ပြန်လည်လုပ်ဆောင်ခွင့်မပြု သေးပါ။ နိုင်ငံခြားသားဝန်ထမ်းများအနေဖြင့် မိမိတို့၏လုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် သွားရောက်ရန် လိုအပ်သည့်ဒေသများသို့ ခရိုင်အုပ်ချုပ်ရေးမှူးထံမှ အပတ်စဉ်ခရီးသွား လာခွင့်ရရှိမှသာ သွားလာနိုင်ခြင်းကြောင့် အချိန်ကြန့်ကြာစေသည့်အပြင် လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရမည့် နေရာဒေသများသို့ သွားရောက်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ရာတွင် မသေချာ၊ မရေရာမှုများနှင့် ကြုံတွေ့နေရပါသည်။

## အကြံပြုချက်များ

၂၇။ မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာအကူအညီပေးသည့် အဖွဲ့အစည်းများမှ ပြည်တွင်းနှင့် နိုင်ငံခြားသား ဝန်ထမ်းများအနေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ လိုအပ်သည့် လူ့အဖွဲ့အစည်းအားလုံးအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုများကို အချိန်တိုင်းတွင် အပြည့်အဝပေးသွားနိုင်စေရန် ဆောင်ရွက်ပေးသင့်ပါသည်။

၂၈။ အစိုးရသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ပြည်သူများအားပေးအပ်ရာတွင် မလိုလားအပ်သည့် ဘေးဒုက္ခများကို ပြည်သူများအပေါ်သို့ မကျရောက်စေခြင်း၊ ဘက်လိုက်မှုမရှိခြင်း၊ ခွဲခြား ဆက်ဆံမှုမပြုခြင်း၊ ကိုယ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ အန္တရာယ်များမှ အကာအကွယ်ပေးခြင်း၊ အခြေခံရပိုင်ခွင့်များရှိခြင်းနှင့် ထိုရပိုင်ခွင့်များချိုးဖောက်ခံရပါက ကုစားရမည့်နည်းလမ်းများ ရှိခြင်းအစ ရှိသည့် နိုင်ငံတကာကာကွယ်ပေးမှုမူများနှင့်အညီလိုအပ်သည့် နိုင်ငံတကာ အထောက်အပံ့များရယူကာ ဆောင်ရွက်ပေးသင့်ပါသည်။

၂၉။ အကူအညီပေးသည့် အဖွဲ့အစည်းများမှ နိုင်ငံတကာဝန်ထမ်းများ မောင်တော မြို့နယ်အတွင်းရှိ ၎င်းတို့၏လုပ်ငန်းများ လုပ်ဆောင်သည့်ဒေသများသို့ သွားရောက်သည့်အခါတိုင်းတွင် အစိုးရဝန်ထမ်းများလိုက်နေပါခြင်းကို ပြန်လည်သုံးသပ်သင့်ပါသည်။ အဖွဲ့အစည်းများ၏ ခရီးသွားလာခွင့် လျှောက်ထားရသည့် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ အဖွဲ့အစည်းအားလုံးအတွက် ရှင်းလင်းလွယ်ကူသည့် နည်းလမ်းတစ်မျိုးတည်းကိုသာ သတ်မှတ်ပေးသင့်ပါ သည်။ (ဥပမာအားဖြင့် - လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူ အညီပေးသည့် စီမံကိန်းများ အကောင်အထည်ဖော်ရာ နေရာဒေသများသို့ သုံးလအတွင်း လွတ်လပ်စွာ လိုအပ်သလိုသွားလာနိုင်သည့် ခရီးသွားလာခွင့် ထုတ်ပေးမှုမျိုးကို ပြုလုပ်သင့်ပါသည်။)

၃၀။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးသည့် နိုင်ငံတကာ အဖွဲ့အစည်းများသည် အစိုးရနှင့်လုပ်ငန်းများကို အတူတကွ နီးကပ်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ကြိုးစားသင့်ပါသည်။ ထိုအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ လက်ရှိဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ဆောင်ရွက်ရန်စီစဉ်ထား သော လုပ်ငန်းများနှင့်ပတ်သက်၍ အစိုးရနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ သတင်းပေးပို့ခြင်းတို့ကို အချိန်နှင့်တပြေးညီ ဆောင်ရွက်သင့်ပါသည်။

## သတင်းယူခွင့်

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှစ၍ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ပဋိပက္ခဖြစ်သွားခဲ့သော ဒေသများအားလုံးတွင် သတင်းမီဒီယာသမားများ၏ သတင်းရယူနိုင်မှုကို တင်းကြပ်စွာ ကန့်သတ်ထားခဲ့ပါသည်။ ဤကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာ၌ အစိုးရအား မကြာသေးမီ ကာလကဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများ၏ အကျိုးသက်ရောက်မှုကိုခံရသော ဒေသများအားလုံးတွင် ပြည်တွင်း၊ ပြည်ပမှ သတင်းထောက်များကို သတင်းရယူခွင့်အပြည့်အဝပေးရန် တိုက်တွန်းခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ မတ်လမှစတင်ကာ တိုးတက်မှုအနည်းအကျဉ်း ရှိလာသော်လည်း အထူးအားဖြင့် နိုင်ငံခြားသား သတင်းထောက်များနှင့်ပတ်သက်၍ ကန့်သတ်မှုများရှိနေဆဲဖြစ်ပါသည်။ ခြွင်းချက်တချို့ရှိသော်လည်း အဆိုပါဒေသသို့ နိုင်ငံခြားသားသတင်းထောက်များ ဝင်ရောက်ခြင်းကို တားမြစ်ထားပါသည်။

ကော်မရှင်အနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ပဋိပက္ခများ၏ ထိလွယ်ရှလွယ်သည့် အနေအထားနှင့် အခြေအမြစ်မရှိသည့် ကောလဟလများနှင့် ဘက်လိုက်မှုရှိသည်ဟု ယူဆထားသည့် သတင်းထောက် များ၏ သတင်းပေးပို့မှုများကို တန်ပြန်တားဆီးလိုသည့် အစိုးရ၏ ရည်ရွယ်ချက်ကို နားလည် အသိအမှတ်ပြုပါသည်။ သို့ရာတွင် ထိုသို့ သတင်းမီဒီယာအား ကန့်သတ်သည့်မူဝါဒများသည် သတင်းစီးဆင်းမှုကို အဟန့်အတား ဖြစ်စေသည့်အတွက် မလိုလားအပ်သည့် ရလဒ်များ ဖြစ်ပေါ်လာစေနိုင်ပါသည်။ အထူးသဖြင့် အစိုးရအပေါ်တွင် ယုံကြည်မှုလျော့ကျလာစေနိုင်ပါသည်။ မြန်မာအစိုးရ တာဝန်ရှိသူများအနေဖြင့် ဖုံးကွယ်စရာများရှိသောကြောင့် သတင်းရယူမှုကို ကန့်သတ်ထားခြင်း ဖြစ်သည်ဟူသော အမြင်များရှိလာနိုင်ပါသည်။ ပွင့်လင်းမြင်သာမှု အပြည့်အဝရှိခြင်းသည် မြေပြင်ပေါ်၌ အမှန်တကယ်ဖြစ်ပေါ်နေသော အခြေအနေအား မှားယွင်းစွာ မတိမကျပုံဖော်သတင်းပေးမှုများကို ပယ်ဖျက်ရန်အတွက် အထိရောက်ဆုံး နည်းလမ်းတစ်ခု ဖြစ်သည်ဟု ကော်မရှင်မှ ယုံကြည်ပါသည်။

## အကြံပြုချက်များ

၃၁။ မြန်မာနိုင်ငံအစိုးရအနေဖြင့် မကြာသေးမီကာလက ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများ၏ အကျိုးသက်ရောက်မှုကို ခံရသောဒေသများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ တခြားသောနေရာများတွင် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များအား ပုံမှန်သတင်းရယူခွင့်များ အပြည့်အဝပေးသွားရန် ကော်မရှင်မှ ထပ်မံတိုက်တွန်းအပ်ပါသည်။

၃၂။ တချိန်တည်းမှာပင် အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်မှုများနှင့် ပတ်သက်၍ ပြည်သူသို့ ရှင်းလင်းတင်ပြမှုများအား ပိုမိုလုပ်ဆောင်သင့်ပါသည်။ ပြည်သူသို့ ရှင်းလင်းတင်ပြသည့် နည်းလမ်းများအားလည်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးသင့်ပါသည်။

## ပညာရေး

ရခိုင်ပြည်နယ်ရှိ ပညာရေးကဏ္ဍ၏ စွမ်းဆောင်နိုင်မှုအခြေအနေသည် တစ်နိုင်ငံလုံး၏ ပျမ်းမျှ အတိုင်းအတာနှင့်ယှဉ်လျှင် နိမ့်ကျနေပါသည်။ အရွယ်ရောက်ပြီးသူများအကြား စာမတတ်သူနှုန်း သည် တစ်နိုင်ငံလုံးရှိ စာမတတ်သူ ပျမ်းမျှနှုန်းထက် (၅၀) ရာခိုင်နှုန်း ပို၍မြင့်နေပါသည်။[12] မူလတန်းပညာအားသင်ယူသည့် ကျောင်းသူ၊ ကျောင်းသား အရေအတွက်နှင့် မူလတန်းအဆင့် ပြီးဆုံးအောင်သင်ယူပြီးသူများ၏ ရာခိုင်နှုန်းသည်လည်း တစ်နိုင်ငံလုံးတွင် အနိမ့်ဆုံးအဆင့်၌ ပါဝင်နေပါသည်။ ပညာရေးကဏ္ဍ၏ အားနည်းချက်များသည် ပြည်နယ်အတွင်း ဆင်းရဲနွမ်းပါးမှု မြင့်မားခြင်း၊ သင်ထောက်ကူပစ္စည်းများနှင့် တခြားလိုအပ်သည့် အခြေခံအဆောက်အအုံများ လုံလောက်မှုမရှိခြင်းနှင့် ဆရာဖြစ်သင်တန်း တက်ရောက်ရန် အခွင့်အလမ်းနည်းပါးခြင်းဆိုသော ဆက်စပ်ပြဿနာရပ်များကြောင့် ဖြစ်ပါသည်။ မိသားစုအများအပြားမှာ ပညာရေးနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များအတွက် ရုန်းကန်နေကြရပါသည်။ ထို့အတွက်ကြောင့် ပညာဆက်လက်သင်ယူနိုင်ခြင်းမရှိတော့သဖြင့် ကျောင်းထွက်ရသည့် ကျောင်းသားအရေအတွက် မြင့်မားရခြင်းဖြစ်ပါသည်။

၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် လူမျိုးရေးပဋိပက္ခများ ဖြစ်ပွားပြီးနောက်ပိုင်းတွင် လုံခြုံမှု မရှိသောကြောင့် အစိုးရခန့် ကျောင်းဆရာ၊ ဆရာမများသည် ကျေးလက်ဒေသများ၊ အထူးသဖြင့် မွတ်ဆလင်ကျေးရွာများမှ ကျောင်းများသို့သွားရောက်၍ တာဝန်ထမ်းဆောင်လိုစိတ် မရှိကြတော့သည်ကို တွေ့ရပါသည်။ ထို့ကြောင့် ယခင်မူလကပင် ပြည့်စုံမှုမရှိသော ဒေသများတွင် ကျောင်းဆရာ၊ ဆရာမအရေအတွက် ပို၍လျော့နည်းလာခဲ့ပါသည်။ ထိုဒေသမှ လူ့အဖွဲ့အစည်းများအနေဖြင့် ကိုယ်ထူကိုယ်ထကျောင်းများ၊ ဘုန်းကြီးကျောင်းများနှင့် NGO များမှ ဖွင့်လှစ်သည့် ယာယီကျောင်းများကို ပိုမို၍ အားကိုးလာကြရပါသည်။ ထို့ပြင် အစိုးရနှင့် ဆက်စပ်မှုမရှိသည့် မွတ်ဆလင် ဘာသာရေးကျောင်းများ (Madrasa) နှင့် ခရစ်ယာန် ဘုရားကျောင်းများမှ တပြိုင်တည်းဖွင့်လှစ်သည့် ဘာသာရေးကျောင်းများလည်း ရှိပါသည်။

လုံခြုံရေးအတွက် စိုးရိမ်ရသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများတွင် အစိုးရခန့်ကျောင်းဆရာ၊ ဆရာမများ လာရောက်မှုမရှိသည့်အတွက် ဒေသတွင်းရှိ ကျောင်းများတွင် အရည်အချင်းမပြည့်မီသော လုပ်အားပေး ဆရာ၊ ဆရာမများကို ကျယ်ကျယ်ပြန့်ပြန့် အားကိုးအားထားပြု၍ စာသင်ကြားမှုများကို ပြုလုပ်နေကြရပါသည်။ ဤအခြေအနေများ

---

12 *Population and Housing Census of Myanmar 2014*, Provisional Results, Department of Population, Ministry of Immigration and Population, August 2014.

သည် ပြည်နယ်အတွင်း ပညာရေး အရည်အသွေးနှင့် အဆင့်အတန်းများကို နိမ့်ကျလာစေရုံသာမက မြန်မာ့လူ့ဘောင်အသိုင်းအဝန်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် မွတ်ဆလင်များ ပါဝင်လာနိုင်ရန်အတွက် လိုအပ်သည့် အချက်တစ်ခုဖြစ်သည့် မြန်မာစာ၊ မြန်မာစကားဖြင့် မွတ်ဆလင် လူငယ်များအား စာသင်ကြားရေးအတွက် ကြိုးပမ်းဆောင်ရွက် မှုများကို အားနည်းစေပါသည်။ ဤအခြေအနေသည် ရခိုင်ပြည်နယ်အတွင်းရှိ မွတ်ဆလင်များနှင့် နိုင်ငံတွင်းရှိ တခြားသောဒေသများမှ ပြည်သူများ အကြား ပိုမိုဝေးကွာသွားစေပါသည်။ ထို့ပြင် ဤအခြေအနေသည် မွတ်ဆလင်နှင့် တခြားလူ့အဖွဲ့အစည်းများအကြားတွင် ယဉ်ကျေးမှု၊ စီးပွားရေး နှင့် နိုင်ငံရေးအရ ဆက်စပ်မှုများကိုမရှိစေဘဲ သီးခြားစီခွဲထားသည့် အခြေအနေကို ပို၍ခိုင်မာစေပါသည်။

ပညာရေးနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြသင့်သည့် တခြားကိစ္စတစ်ရပ်မှာ မွတ်ဆလင်များအနေဖြင့် တက္ကသိုလ်ပညာ သင်ယူခွင့်မရရှိခြင်းပင် ဖြစ်ပါသည်။ ကော်မရှင်အနေဖြင့် အစိုးရမှ မွတ်ဆလင် ကျောင်းသူ၊ ကျောင်းသားများကို အဝေးသင်တက္ကသိုလ်၏ စာပေးစာယူနည်းဖြင့် အဆင့်မြင့်ပညာ သင်ယူခွင့်ပြုလုပ်နိုင်ရန် ဆုံးဖြတ်မှုကို ကြိုဆိုပါသည်။ ကော်မရှင်အနေဖြင့် အစိုးရအား စစ်တွေတက္ကသိုလ်တွင် မွတ်ဆလင်လူငယ်များ တက်ရောက်ပညာသင်ယူနိုင်ရေးအတွက် နည်းလမ်းများကိုလည်း ရှာဖွေဆောင်ရွက်ပေးသွားရန် ပန်ကြားလိုပါသည်။ ခွဲခြားနှိမ့်ချဆက်ဆံခံရမှုများနှင့် လွတ်လပ်စွာ ခရီးသွားလာနိုင်မှုအပေါ် ကန့်သတ်ချက်များ၊ အထူးအားဖြင့် လုံခြုံရေးနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများကြောင့် ရခိုင်ပြည်နယ်အတွင်းနှင့် ပြည်နယ်ပြင်ပရှိ တက္ကသိုလ်များတွင်လည်း ပညာသင်ကြားရန် အလွန်ခက်ခဲသည်ဟု မွတ်ဆလင်များအနေဖြင့် ထင်မြင်ကြပါသည်။ အစိုးရအနေဖြင့် မွတ်ဆလင် ကျောင်းသူ၊ ကျောင်းသားများ တက္ကသိုလ်ပညာသင်ယူခွင့် ရရှိရေးနှင့် ကျောင်းသူ၊ ကျောင်းသားအားလုံး လုံခြုံစွာပညာသင်ကြားနိုင်ရေးတို့ကို ဆောင်ရွက်ပေးရပါမည်။

## အကြံပြုချက်များ

၃၃။ ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ် အစိုးရတို့သည် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံးအား ၎င်းတို့၏ကိုးကွယ်သည့်ဘာသာ၊ လူမျိုးနှင့် နိုင်ငံသား၊ ကျား/မဆိုင်ရာ ဖြစ်တည်မှုတို့အပေါ် အခြေခံ၍ ခွဲခြားမှုမပြုလုပ်ဘဲ တူညီသော ပညာသင်ကြားခွင့်ကိုရရှိအောင် ဆောင်ရွက်ပေးရပါမည်။

အစိုးရအနေဖြင့် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းများကို လျော့ကျသွားစေသည့် လွတ်လပ်စွာ ခရီးသွားလာခွင့်အပေါ် ထားရှိသော ကန့်သတ်ချက်များကို ဖယ်ရှားသင့်ပါသည်။ ထို့ပြင် နိုင်ငံသားမဖြစ်သေးသည့် ကျောင်းသူ၊ ကျောင်းသားများအား အဆင့်မြင့်ပညာ သင်ကြားခွင့်မပြုသည့် ခွဲခြားနှိမ့်ချဆက်ဆံသည့် ကျင့်သုံးမှုများအားလည်း ပြင်ဆင်သင့်ပါသည်။

၃၄။ အစိုးရသည် ရခိုင်ပြည်နယ်၏ ပညာရေးကဏ္ဍ အထူးမြင့်မားတိုးတက်လာစေရန် စီမံချက်တစ်ရပ်ကို ပြည်နယ်အတွင်း နေထိုင်သူအားလုံး တူညီသောပညာသင်ခွင့်ရရှိရေး၊ ပညာရေးဂုဏ်မြင့်မားရေး၊ စာသင်ကျောင်းများနှင့် သင်ထောက်ကူပစ္စည်းများ တိုးတက်ကောင်းမွန်လာရေးတို့ကို အခြေခံ၍ ဘက်ပေါင်းစုံထည့်သွင်းစဉ်းစားကာ ရေးဆွဲသင့်ပါသည်။ နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် မြန်မာအစိုးရ၏ ရခိုင်ပြည်နယ် ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်မှုများကို နည်းပညာနှင့် ငွေကြေးအကူအညီများ ပေးသင့်ပါသည်။

၃၅။ အစိုးရသည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လူ့အဖွဲ့အစည်းများအားလုံး မူလတန်းပညာ သင်ကြားခွင့်ရရှိရန်နှင့် မွတ်ဆလင်ကျေးရွာများသို့ တာဝန်ပေးခန့်အပ်ထားသည့် ဆရာ၊ ဆရာမများအား ၎င်းတို့၏တာဝန်များကို သွားရောက်ထမ်းဆောင်စေရန် ဆောင်ရွက်ပေးသင့်ပါသည်။ အစိုးရအနေဖြင့် ထိုဆရာ၊ ဆရာမများ လုံခြုံမှုရှိရေးအတွက် လိုအပ်သလို တာဝန်ယူဆောင်ရွက်ပေးသင့်ပါသည်။ အစိုးရအနေဖြင့် ပြည်နယ်အတွင်းရှိ ကလေးသူငယ်များအားလုံး မြန်မာဘာသာစကားဖြင့် ပညာသင်ကြားနိုင်ခွင့်ရှိအောင် ဆောင်ရွက်ပေးသင့်ပါသည်။

၃၆။ အစိုးရသည် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံးမှ အဆင်းရဲဆုံးသော မိသားစုဝင်များ၏ ပညာသင်ကြားနိုင်မှုအား ယုတ်လျော့သွားစေသည့် ကျောင်းနှင့် အိမ်အသွားအပြန် ခရီးစရိတ်၊ အစားအစာ၊ ကျောင်းဝတ်စုံ၊ သင်ထောက်ကူပစ္စည်း များနှင့်ပတ်သက်သည့် ကုန်ကျစရိတ်များကိုစိစစ်၍ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသင့်ပါသည်။

၃၇။ အစိုးရအနေဖြင့် IDP အပါအဝင် လူ့အဖွဲ့အစည်းအားလုံးမှ ကလေးသူငယ်များအား မူလတန်းအဆင့်ထက်ကျော်လွန်၍ ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးသင့်ပါသည်။ ဥပမာအားဖြင့် နည်းပညာများအသုံးပြု၍

လည်းကောင်း၊ အစိုးရမှ ကျောင်းသူ၊ ကျောင်းသားများ၏ ပညာသင်စရိတ်၏ တစ်စိတ်တစ်ပိုင်းကို ထောက်ပံ့ပေးသည့် အစီအစဉ်များ ဖော်ဆောင်ခြင်း ဖြင့်လည်းကောင်း မူလတန်းလွန်အဆင့်တွင် ကလေးသူငယ်များ ပညာ သင်ကြားခွင့်များရရှိအောင် ဆောင်ရွက်ပေးသင့်ပါသည်။

# ကျန်းမာရေး

ရခိုင်ပြည်နယ်အတွင်း ရခိုင်နှင့် မွတ်ဆလင်များအားလုံး ရရှိနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ၏ အဆင့်သည် နိမ့်ကျနေသည်ကို တွေ့ရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO) က နိုင်ငံတစ်နိုင်ငံတွင် ထိရောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ခုရှိရန်အတွက် လူတစ်သောင်းလျှင် ကျန်းမာရေးလုပ်သား အနည်းဆုံး (၂၂) ဦးရှိရန်လိုအပ်ကြောင်း အကြံပြုထားပါသည်။ တစ်နိုင်ငံလုံး၏ ပျမ်းမျှနှုန်းအရ မြန်မာတစ်နိုင်ငံလုံး၌ ကျန်းမာရေးလုပ်သား အင်အားသည် လူတစ်သောင်းလျှင် (၁၆) ဦးခန့်ရှိသော်လည်း ရခိုင်ပြည်နယ်တွင် လူတစ်သောင်း လျှင် ကျန်းမာရေးလုပ်သား (၅) ဦးသာ ရှိပါသည်။ ရခိုင်ပြည်နယ်ရှိ ကလေးသေနှုန်းသည်လည်း တစ်နိုင်ငံလုံး၏ ပျမ်းမျှနှုန်းထက် မြင့်ပါသည်။ ကလေးမွေးဖွားသည့် အမျိုးသမီးများ၏ (၁၉) ရာခိုင်နှုန်းသာလျှင် ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများရှိသည့် ဆေးရုံ၊ ဆေးပေးခန်းများတွင် မွေးဖွားကြပါသည်။ (တစ်နိုင်ငံလုံး၏ပျမ်းမျှနှုန်း (၃၇) ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက များစွာ နိမ့်ကျနေပါသည်။)[13] ကာကွယ်ဆေးများ ထိုးပေးနိုင်မှုနှုန်းသည်လည်း တစ်နိုင်ငံလုံးတွင် အနိမ့်ကျဆုံးဖြစ်ပါသည်။ ကာကွယ်ဆေးထိုးရုံဖြင့် ကာကွယ်နိုင်သည့် ရောဂါအများအပြား မကြာမီနှစ်များ အတွင်းက အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည်ကို တွေ့ရပါသည်။ ၂၀၁၆ ခုနှစ်က ရခိုင်ပြည်နယ် တပြည်နယ်လုံးတွင် ပြုလုပ်ခဲ့သည့် သုတေသနစစ်တမ်းတွင် ပါဝင်ဖြေဆိုခဲ့သူများ၏ (၅၂) ရာခိုင်နှုန်းက ၎င်းတို့အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို လုံလောက်စွာရရှိခြင်းမရှိဟု ဖြေကြားခဲ့ပါသည်။[14]

ရခိုင်ပြည်နယ်အတွင်း ကလေးသူငယ်များ၏ အာဟာရပြည့်ဝမှုနှုန်းသည်လည်း တစ်နိုင်ငံလုံးတွင် အနိမ့်ဆုံးအခြေအနေရှိနေပြီး ကလေးသူငယ်များ၏ (၃၈) ရာခိုင်နှုန်းသည် ဖွံ့ဖြိုးမှုနိမ့်ကျကာ (၃၄) ရာခိုင်နှုန်းသည် ကိုယ်အလေးချိန် ရှိသင့်သလောက် မရှိသည်ကို တွေ့ရပါသည်။[15] ပဋိပက္ခ များနှင့် ဆင်းရဲနွမ်းပါးမှုများ ပိုမိုမြင့်မားလာသည့်အတွက်ကြောင့် အာဟာရချို့တဲ့မှုများ အချိန်ကြာမြင့်စွာ ဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။

ပြည်နယ်အတွင်းတွင် တူညီသော ကျန်းမာရေးစောင့်ရှောက်မှု စံတစ်ခုတည်းအပေါ်တွင် အခြေခံ၍ ဆောင်ရွက်ခြင်းမရှိပါ။ ထို့ကြောင့် ပြည်နယ်အတွင်းရှိ ကျန်းမာရေးစောင့်ရှောက်

13 *Myanmar Demographic and Health Survey 2015-16,* Myanmar Ministry of Health and Sports, March 2017.

14 *Rakhine State Needs Assessment II,* Center for Diversity and National Harmony (CDNH), January 2017.

15 *Myanmar Demographic and Health Survey 2015-16,* Myanmar Ministry of Health and Sports, March 2017.

မှုသည် တူညီခြင်း မရှိကြပါ။ ပဏာမကျန်းမာရေး စောင့်ရှောက်မှုများကိုရရှိနိုင်သည့် ဒေသများရှိသကဲ့သို့ အထူးကု ဆရာဝန်များပါဝင်သည့် ဒုတိယအဆင့် ကျန်းမာရေး စောင့်ရှောက်မှုများပေးသည့် ဒေသများလည်း ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဆေးရုံဆေးပေးခန်း တစ်ခုနှင့်တစ်ခုအကြားတွင်လည်း ပစ္စည်းကိရိယာအရသော်လည်းကောင်း၊ ဆေးဝါးနှင့် တခြားလိုအပ်သည့် အထောက်အပံ့များ ပေးနိုင်မှုအရသော်လည်းကောင်း ကွဲပြားခြားနားမှုများ ရှိနေခြင်းကြောင့် ယင်းအခြေအနေသည် ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးများကို နိမ့်ကျစေခဲ့ကာ ဘေးဖယ်ခြင်းခံထားရသော လူတန်းစားများအပေါ် ဆိုးဝါးသည့် အကျိုးသက်ရောက်မှုများ ရှိခဲ့ပါသည်။ ယနေ့အချိန်အခါတွင် စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီး၌သာ သွေးလှူဘဏ် (Blood Bank) ရှိပြီး တခြား ဆေးရုံများ သွေးလိုအပ်ချိန်၌ လှူဒါန်းပေးနိုင်မည့်သူများကိုသာ မှီခိုရပါသည်။ လူနာများအား ဆေးကုသရန် လွှဲပြောင်းပေးမှုများတွင် တိုးတက်မှုရှိလာသော်လည်း ထိုသို့လွှဲပြောင်းပေးရာတွင် တာဝန်ရှိသူတစ်ဦးနှင့် တစ်ဦးအကြား ဆောင်ရွက်ပေးကြသည့်ပုံစံများ ကွဲပြားခြားနားမှုများရှိနေသဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို တူညီစွာမရရှိနိုင်သည့်အခြေအနေကို ဖြစ်စေခဲ့ပါသည်။

ရခိုင်ပြည်နယ်အတွင်း အရည်အချင်းပြည့်မီသည့် ကျန်းမာရေးဝန်ထမ်းများ လုံလောက်မှု မရှိသည့်အတွက် ကျေးရွာအများအပြားသည် ကျန်းမာရေးလုပ်သားများ၏ ဝန်ဆောင်မှုကို အချိန်ပြည့်ရရှိနိုင်ခြင်း မရှိကြပါ။ ထို့ပြင် ကျန်းမာရေးလုပ်သားများသည် မွတ်ဆလင် ကျေးရွာများနှင့် သွားလာရန် ခက်ခဲသောဒေသများသို့ အထူးသဖြင့် ခရီးစရိတ်နှင့် နေ့တွက်စရိတ်များမရသောအခါ သွားရောက်လိုခြင်း မရှိကြပါ။ တချို့ကျန်းမာရေး လုပ်သားများသည် အမှန်တကယ်လုံခြုံမှုမရှိသောဒေသများ (သို့မဟုတ်) ၎င်းအနေဖြင့် လုံခြုံမှုမရှိဟုထင်ရသော ဒေသများသို့သွားရန် ရှောင်ကြဉ်ကြပါသည်။ ကျန်းမာရေးဝန်ထမ်း များအား ရခိုင်ပြည်နယ်တွင် ရေရှည်တာဝန်ထမ်းဆောင်စေရေးသည် ကြီးမားသည့် စိန်ခေါ်မှုကြီး တစ်ရပ်ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အတွင်း ဆေးတက္ကသိုလ်များမရှိသည့် အတွက် ကျန်းမာရေးဝန်ထမ်းများအား တိုင်းပြည်အတွင်းရှိ တခြားဒေသများမှ ခေါ်ယူခန့်အပ်ရပါသည်။ တခြားစိန်ခေါ်မှုတစ်ခုမှာ ပြည်နယ်အတွင်းရှိ ဒေသအများစုတွင် ကျန်းမာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ၏ နိမ့်ကျမှုပင်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံးအနေဖြင့် လုံလောက်သည့် ကျန်းမာရေး စောင့်ရှောက် မှုများကို မရရှိကြသော်လည်း အထူးအားဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် အလယ်ပိုင်းမှ မွတ်ဆလင်များ၏ ကျန်းမာရေးစောင့်ရှောက်မှုရရှိခြင်းမှာ ပိုမိုနည်းပါး

ပါသည်။ အချို့ဒေသရှိ မွတ်ဆလင်များသည် အသက်ကယ်ရန်လိုအပ်သော ကျန်းမာရေး ကုသမှုများကို မရရှိနိုင်ကြဘဲ ခွဲခြားနှိမ့်ချဆက်ဆံခြင်းများကို ရင်ဆိုင်နေရပါသည်။ မွတ်ဆလင်များအနေဖြင့် ခရီးသွားလာခွင့်ကို ကန့်သတ်ခံရမှုများရှိနေခြင်း၊ ဘာသာစကား ပြောဆိုနိုင်မှုတွင် အခက်အခဲများရှိနေခြင်း၊ ငွေကြေးမတတ်နိုင်ခြင်း၊ IDP စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုကို အကန့်အသတ်ဖြင့်သာရရှိခြင်း၊ တချို့ ဆေးရုံဆေးပေးခန်း များတွင် ၎င်းတို့အားကုသပေးရန် ငြင်းဆိုခြင်းတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများ မရရှိကြသည်ကို တွေ့ရပါသည်။ IDP စခန်းများတွင် ပဏာမကျန်းမာရေး စောင့်ရှောက်မှု ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် တခြားသော အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းသည် အကန့်အသတ်ဖြင့် ပေးနိုင်သည့် အခြေအနေတွင် ရှိနေသည့်အပြင် စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီးသို့ တက်ရောက်ကုသခွင့်ရရန် ဆောင်ရွက်ရာတွင် မလိုအပ်သည့် အခက်အခဲများနှင့် အချိန်ကုန်စေသည့် လုပ်ငန်းစဉ်များကို ကြုံတွေ့နေရပါသည်။

## အကြံပြုချက်များ

၃၈။ ပြည်ထောင်စုအစိုးရနှင့် ရခိုင်ပြည်နယ် အစိုးရတို့အနေဖြင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်လျက်ရှိသော လူ့အဖွဲ့အစည်းများအား ဘာသာရေး၊ လူမျိုးရေး၊ ကျား/မဆိုင်ရာ (သို့မဟုတ်) နိုင်ငံသားဖြစ်တည်မှုတို့အပေါ် အခြေခံသည့် ခွဲခြားမှုများကို မပြုလုပ်ဘဲ ထိုလူ့အဖွဲ့အစည်းများ အားလုံးအား တူညီသော ကျန်းမာရေးဆိုင်ရာ ဆေးကုသခွင့်များရရှိအောင် ဆောင်ရွက်ပေးသွားရန်နှင့် ထိုလူ့အဖွဲ့အစည်းများ အားလုံးအနေဖြင့် တူညီသော ကျန်းမာရေးဆိုင်ရာ ဆေးကုသခံယူခွင့်များရှိသည် ဟူသောအချက်ကို အများပြည်သူသိရှိကြစေရန် ကြေညာပေးခြင်းများကို လုပ်ဆောင်သွားရန် ကော်မရှင်မှ ထပ်မံ၍အကြံပြု တိုက်တွန်းလိုပါသည်။ အစိုးရတာဝန်ရှိသူများအနေဖြင့် ပြည်သူများ ဆေးကုသမှုရရှိရန်အတွက် အနှောင့်အယှက်ဖြစ်စေသည့် အုပ်ချုပ်ရေးဆိုင်ရာ အတားအဆီးများကို စတင်၍ဖယ်ရှားသင့်ပါသည်။ ဆေးကုသမှု ခံယူသူများ အားလုံး လုံခြုံမှုရှိစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဆေးရုံ၊ ဆေးပေးခန်းများကို အကာအကွယ်ပေးထားသည့် ဇုန်များအဖြစ် သတ်မှတ်သင့်ပါသည်။

၃၉။ ရခိုင်ပြည်နယ်ရှိ ကျေးရွာတစ်ခုချင်းစီတွင် အစိုးရ၏ ကျန်းမာရေးဌာနမှ

အသိအမှတ်ပြုထားသော အချိန်ပြည့်တာဝန်ထမ်းဆောင်သည့် ကျန်းမာရေး လုပ်အားပေး အနည်းဆုံး တစ်ယောက်ထံမှ ကျန်းမာရေးဆိုင်ရာ အကူအညီများကို လိုအပ်သည့် အချိန်တိုင်းတွင် ရရှိနိုင်စေရန် ဆောင်ရွက်ပေးသင့်ပါသည်။ ထိုကျန်းမာရေး လုပ်အားပေးသည် လူနာများအား အနီးဆုံးရှိ ဆေးရုံ၊ ဆေးပေးခန်းများသို့ ဆေးကုသမှုခံယူနိုင်ရန် လွှဲပြောင်းပေးနိုင်သူလည်း ဖြစ်ရပါမည်။ ထိုကျန်းမာရေး လုပ်အားပေးများသည် ကလေးသူငယ်များတွင် ဖြစ်တတ်သည့် ရောဂါများ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ အာဟာရချို့တဲ့မှုနှင့် မွေးကင်းစကလေးများ မှတ်ပုံတင်ရေးတို့ကို အထောက်အကူပြုနိုင်ရေးနှင့် ပတ်သက်သည့် လိုအပ်သောလေ့ကျင့်မှုများကို ရရှိထားသူများ ဖြစ်ရပါမည်။ အစိုးရအနေဖြင့် ကျေးရွာ တစ်ခုချင်းစီအတွက် အရန်သားဖွားဆရာမများ ခန့်ထားခြင်း၊ ကျေးလက်ဒေသများအား ကျန်းမာရေး စောင့်ရှောက်မှုများ ပိုမိုပေးနိုင်ရန်အတွက် မြို့နယ်အလိုက် ကျန်းမာရေး ဝန်ထမ်းအင်အားစုအဖြစ် လူ့အဖွဲ့အစည်းတစ်ရပ်ချင်းစီမှ အဖွဲ့ဝင်များအား ဝန်ထမ်းအဖြစ် လေ့ကျင့်ပေးသင့်ပါသည်။ (ခရီးစရိတ်များ၊ နေ့တွက်ခများ ပေးသင့်ပါသည်။)

၄၀။ အစိုးရသည် မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းများ၊ ဆေးပေး ခန်းငယ်များ အစရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးသည့် ဆေးရုံ၊ ဆေးပေးခန်း အဆင့်တစ်ခုချင်းစီတွင် ရှိသင့်သည်ဟု သတ်မှတ်ထားသောပစ္စည်း ကိရိယာများရှိနေစေရန် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ဆေးဝါးဝယ်ယူ သိုလှောင်ဖြန့်ဖြူးသောစနစ်ကို ဆေးရုံ၊ ဆေးပေးခန်းတစ်ခုစီအလိုက် တူညီသော စနစ်များချမှတ်၍ ဆောင်ရွက်သင့်ပါသည်။ သွေးလှူဘဏ်များကိုလည်း တိုးချဲ့သွားသင့်ပါသည်။

၄၁။ အစိုးရသည် လူဦးရေနှင့်အညီ သင့်လျော်သည့် ကျန်းမာရေးလုပ်သား အချိုးရှိလာစေရေးအတွက် တိုင်းပြည်အတွင်းရှိ တခြားဒေသများနှင့် ပြည်ပမှ လုပ်အားပေးများကို ခေါ်ယူခန့်ထား၍ ကျန်းမာရေးဝန်ဆောင်မှုပေးနိုင်စွမ်းကို မြှင့်တင်သင့်ပါသည်။

၄၂။ အစိုးရသည် ကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာတွင် ဖော်ပြခဲ့သည့် အကြံပြုချက်နှင့်အညီ စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီး ပြန်လည်ပြင်ဆင်ရေးနှင့် တိုးချဲ့ရေး ဆောင်ရွက်ချက်ကို အသိအမှတ်ပြု ချီးကျူးအပ်ပါသည်။ ဆက်လက်၍လည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ကော်မရှင်မှ

အကြံပြုတိုက်တွန်းအပ်ပါသည်။ အစိုးရအနေဖြင့် ကျန်ရှိနေသည့် အုပ်ချုပ်ရေးဆိုင်ရာ အတားအဆီးများကို ကျော်လွှားနိုင်ရေးအတွက် ပိုမို၍ ကြိုးစားလုပ်ဆောင်ပြီး လုပ်ငန်းအကောင်အထည်ဖော်သည့်အဆင့်သို့ ရောက်အောင် အလျင်အမြန်ဆောင်ရွက်ရန် ကော်မရှင်မှ တိုက်တွန်းလိုပါသည်။ နိုင်ငံတကာမှ အကူအညီပေးလိုသည့် အလှူရှင်များအနေဖြင့်လည်း နည်းပညာနှင့် ငွေကြေး အကူအညီ အထောက်အပံ့များကို လိုအပ်မှုနှင့်အညီပေးအပ်ရန် ကော်မရှင်မှ တိုက်တွန်း အပ်ပါသည်။

၄၃။ အစိုးရအနေဖြင့် အာဟာရချို့တဲ့မှုပြဿနာကို ဖြေရှင်းသွားနိုင်ရန် တပြည်နယ်လုံးအတွက် ဘက်စုံပြည့်စုံသော စီမံချက်တစ်ခုကို ဖော်ဆောင်သွားသင့်ပါသည်။

၄၄။ မြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံသားဖြစ်တည်မှုကို အခြေခံသည့် ခွဲခြားမှုများ မပြုလုပ်ဘဲ နေထိုင်သူများအားလုံးအတွက် ပြီးပြည့်စုံသော အိမ်တိုင်ရာရောက် ကာကွယ်ဆေးထိုးစီမံချက် လုပ်ဆောင်မှုကို အရှိန်မြှင့်တင်သင့်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အချိန်ကြာမြင့်စွာ ပိတ်ဆို့ခြင်းခံထားရသော ဒေသများကို ဦးစားပေးဆောင်ရွက်သင့်ပါသည်။ နိုင်ငံတကာမှ ပူးပေါင်းဆောင်ရွက်လိုသည့် အဖွဲ့အစည်းများအနေဖြင့် ထိုလုပ်ငန်းစဉ်များတွင် လိုအပ်သည့် နည်းပညာနှင့် ငွေကြေးအကူအညီများကို ပေးသင့်ပါသည်။

၄၅။ အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် အကျင့်ပျက်မှု၊ တရားမဝင် အခကြေးငွေပေးရမှု၊ မတရားအမြတ်ထုတ်မှုများ၊ ခွဲခြားနှိမ့်ချဆက်ဆံမှုများရှိပါက တိုင်ကြားနိုင်သော နည်းလမ်းယန္တရားတစ်ခု ရှိစေရေးအတွက် ဆောင်ရွက်သင့်ပါသည်။ ထိုမတရားမှုများကို ကျူးလွန်သူများအားလည်း ၎င်းတို့၏ ပြစ်မှုများအတွက် တာဝန်ယူစေပြီး ထိုက်သင့် သည့်ပြစ်ဒဏ်များကို ပေးသင့်ပါသည်။

၄၆။ အစိုးရအနေဖြင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုများကို တိုးချဲ့ဆောင်ရွက်နိုင်ရန် နယ်လှည့် (ရွေ့လျား) ဆေးပေးခန်းများ အရေအတွက်ကို တိုးမြှင့်ပေးသင့်ပါသည်။

## မူးယစ်ဆေးဝါးများ

မြန်မာနိုင်ငံအရှေ့ပိုင်းမှ ရခိုင်ပြည်နယ်အတွင်းရှိ မောင်တောနှင့် ဘူးသီးတောင်မြို့တို့ကို ဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့စ်ဘဇား (Cox's Bazar) သို့ မူးယစ်ဆေးဝါးများကို တရားမဝင် မှောင်ခို ကူးမှုများသည် မကြာမီနှစ်များအတွင်းက သိသာစွာတိုးမြင့်လာသည်ကို တွေ့ရပါသည်။ ၂၀၁၆ ခုနှစ်တွင် မြန်မာအစိုးရမှ မူးယစ်ဆေးဝါး (အထူးသဖြင့် Methamphetamine သို့မဟုတ် ရာဘ) အမြောက်အများကို ဘင်္ဂလားဒေ့ရှ် နယ်စပ် တလျှောက်တွင် ဖမ်းဆီးသိမ်းယူခဲ့ပါသည်။ ကော်မရှင်၏ ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း လူ့အဖွဲ့အစည်းအားလုံးထံမှ ၎င်းတို့သည် ပြည်နယ်အတွင်း တစ်နေ့တစ်ခြားကြီးမားလာသည့် မူးယစ်ဆေးဝါးပြဿနာ နှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ပူပန်ကြောင်း ကြားသိခဲ့ရပါသည်။ ဤအခြေအနေသည် လူ့အဖွဲ့အစည်းအားလုံးအား ပို၍အားနည်းကာ မိမိကိုယ်ကို မကာကွယ်စေနိုင်ဘဲ အလွယ်တကူ ဒုက္ခကျရောက်စေနိုင်သည့် အခြေအနေသို့ ရောက်ရှိစေပါသည်။ ဆင်းရဲနွမ်းပါးမှုနှင့် နိမ့်ကျသည့် လူမှုရေးဝန်ဆောင်မှု လုပ်ငန်းများကိုသာရရှိသည့် အခြေအနေများသည် လူတို့အား မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုများကျူးလွန်ခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲသူများ ဖြစ်လာစေသည့် အကြောင်းများ ဖြစ်နိုင်ပါသည်။

မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် မှောင်ခိုမှုများသည် မြန်မာနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းတစ်ခုအဖြစ် နှစ်ပေါင်းများစွာ တည်ရှိခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင်လည်း Arakan Army - AA နှင့် Arakan Rohingya Salvation Army – ARSA တို့သည် ၎င်းတို့၏လှုပ်ရှားမှုများကို မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်းမှ ရရှိသော ငွေများကိုအသုံးပြု၍ လုပ်ဆောင်နေကြသည်ဟူသည့် သတင်းများဖြစ်ပေါ်နေပါသည်။ အစိုးရ ဝန်ထမ်းများသည်လည်း မူးယစ်ဆေးဝါးရောင်းဝယ်မှုများတွင် ပါဝင်မှုရှိသည်ဟု စွပ်စွဲမှုများလည်း ရှိပါသည်။ ထိုအခြေအနေများကြောင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်တလျှောက်တွင် တရားဥပဒေစိုးမိုးမှုများ အားနည်းခဲ့ရပါသည်။

ရခိုင်ပြည်နယ်အတွင်း မူးယစ်ဆေးဝါးမှောင်ခိုမှုနှင့် သုံးစွဲမှုများသည် တစ်နေ့တစ်ခြား ကြီးမားလာ သည့် စိန်ခေါ်မှုကြီးတစ်ရပ်အဖြစ် ရှိနေပါသည်။ ထိုအခြေအနေအား တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အလေးထားဖြေရှင်းရန် အရေးတကြီးလိုအပ်နေပါသည်။ ကော်မရှင်အနေဖြင့် လက်ရှိမူးယစ်ဆေးဝါးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ ဆွေးနွေးမှုများနှင့် ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါသည်။

## အကြံပြုချက်များ

၄၇။ မြန်မာအစိုးရ အနေဖြင့် ပြည်သူ့ကျန်းမာရေး၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးတို့ကို အခြေခံကာ သက်ဆိုင်သည့် အခြေအနေအရပ်ရပ်ကို ထည့်သွင်းစဉ်းစား၍ ဖော်ဆောင် ထားသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး နည်းလမ်းတစ်ခုကို ချမှတ်ရန်လိုအပ်ပါသည်။ ဥပဒေနှင့်မကိုက်ညီသည့် လုပ်ငန်းများသည် ပဋိပက္ခဖြစ်ပွားသည့် ဒေသများတွင် အလွယ်တကူ ကြီးထွားလာနိုင်သည်ဖြစ်ရာ အစိုးရအနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ မွတ်ဆလင်လူ့အဖွဲ့အစည်းအား လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးကဏ္ဍများတွင် ပါဝင်လာနိုင်စေရန် ကြိုးစားဆောင်ရွက်ပေးသင့်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအစိုးရအနေဖြင့် သွားလာလှုပ်ရှားမှုနှင့် ပတ်သက်သော ကန့်သတ်ချက်များကို ဖယ်ရှားပေးခြင်းဖြင့် ပြည်သူ့ဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီစေရန်နှင့် အသက်မွေးဝမ်းကျောင်း အခွင့် အလမ်းများ တိုးတက်လာစေရန် ဆောင်ရွက်သင့်ပါသည်။

၄၈။ အစိုးရအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူများ၏ ကျန်းမာရေးနှင့် မူးယစ်ဆေးဝါး သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များ လျှော့ချရေးဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းများကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ပေးသင့်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများအား ထိုသို့သောဝန်ဆောင်မှုများကို ၎င်းတို့ သဘောဆန္ဒအရသာ ရယူခွင့်ပြုရပါမည်။

၄၉။ အစိုးရအနေဖြင့် ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက် တာဝန်ထမ်းဆောင်နေသည့် လုံခြုံရေး အဖွဲ့အစည်းများအတွင်း အကျင့်ပျက်မှုများ တိုက်ဖျက်ရေးကို တိုးမြှင့်ဆောင်ရွက်သွားသင့်ပါသည်။

၅၀။ အစိုးရအနေဖြင့် တရားဥပဒေအရ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရာတွင် မူးယစ် ဆေးဝါးသုံးစွဲသူများ၊ မူးယစ်ဆေးဝါး အသေးစားရောင်းဝယ်သူများအား အရေးယူရေးကိုသာ အာရုံထား၍ လုပ်ဆောင်ခြင်းမပြုဘဲ မူးယစ်ဆေးဝါး အကြီးစားထုတ်လုပ်သူများနှင့် မူးယစ်ရာဇာကြီးများကို အရေးယူနိုင်ရေးကို ပိုမိုအာရုံထား ကြိုးစားသွားသင့်ပါသည်။

## နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု

ရခိုင်ပြည်နယ်ရှိ လူမျိုးစုများအားလုံးအနေဖြင့် လူမှုအဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းတွင် ကိုယ်တိုင်ပါဝင်နိုင်မှုအတွက် အတားအဆီးများ ကြုံတွေ့နေရသည့်အပြင် နိုင်ငံရေးကဏ္ဍတွင်လည်း ကိုယ်စားပြုနိုင်ခြင်းမရှိပါ။ ထို့ကြောင့် ဒေသအတွင်းရှိ လူ့အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ဘဝများအပေါ် အကျိုးသက်ရောက်မှုရှိသည့် နိုင်ငံရေးလုပ်ငန်းစဉ်များအပေါ်၌ လွှမ်းမိုးမှုတစ်စုံတစ်ရာမပြုလုပ်နိုင်သည့်အပြင် မိမိတို့၏ မကျေနပ်ချက်များအား ထုတ်ဖော်ပြောဆိုနိုင်သည့် ထိရောက်သော နည်းလမ်းသည်လည်း အနည်းငယ်သာရှိပါသည်။ အဓိကအားဖြင့် ဤစိန်ခေါ်မှုများသည် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးစနစ် အထူးအားဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည့် ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများအကြား ဆက်ဆံရေးပုံစံကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ အရေးကြီးသည့် မူဝါဒဆိုင်ရာ ကိစ္စအများစုသည် ပြည်ထောင်စုအဆင့် လုပ်ပိုင်ခွင့်တွင်ရှိပြီး ရခိုင်ပြည်နယ်လွှတ်တော်သည် တခြားပြည်နယ်လွှတ်တော်များ နည်းတူ သဘာဝသယံဇာတများ စီမံခန့်ခွဲရေးကဲ့သို့သော အရေးပါသည့် မူဝါဒများချမှတ်ရေးနှင့် အကောင်ထည်ဖော်မှုအပေါ် အကျိုးသက်ရောက်၊ လွှမ်းမိုးနိုင်မှု အနည်းငယ်သာ ရှိသည်ကို တွေ့ရပါသည်။[16] ရခိုင်ပြည်နယ်အစိုးရသည် နေပြည်တော်ရှိပြည်ထောင်စုအစိုးရ၏ ချမှတ်သည့်မူဝါဒများကို အကောင်အထည်ဖော်ရသည့် တာဝန်သာရှိပါသည်။

၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများတွင် ရခိုင်အမျိုးသားပါတီမှ ရခိုင်ပြည်နယ်လွှတ်တော်တွင် ကိုယ်စားလှယ်အများဆုံး အနိုင်ရရှိခဲ့ပါသည်။ သို့သော် ပြည်နယ်ဝန်ကြီးချုပ်အား ခန့်အပ်ခြင်းသည် ဗဟိုအစိုးရ၏ လုပ်ပိုင်ခွင့်အဖြစ်တည်ရှိနေပါသည်။ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်သည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အများစုနိုင်သည့် နိုင်ငံရေးပါတီမှ မဟုတ်သည့်အတွက် ရခိုင်လူမျိုးတချို့ မကျေမနပ်ဖြစ်ခဲ့ကြပြီး နိုင်ငံရေးကဏ္ဍတွင် ရခိုင်လူမျိုးများအား အရေးပါသည့်နေရာ၌ ပါဝင်ခွင့်မပြုဟူသည့်အမြင်မျိုးကို ပိုမိုရရှိစေခဲ့ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် အရေးပါသည့် ဝန်ကြီးဌာနတချို့နှင့် ပြည်နယ်အုပ်ချုပ်ရေးအား အဓိကတာဝန်ယူဆောင်ရွက်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ကို ချုပ်ကိုင်ထားပါသည်။ အစိုးရ၏ နေ့စဉ်လုပ်ငန်း အစိတ်အပိုင်း

16 *Constitution of the Republic of the Union of Myanmar*, Schedule 1 and 2. The Republic of the Union of Myanmar, 2008.

အများစုကို တပ်မတော်ညွှန်ကြားမှုအောက်ရှိ ဝန်ကြီးဌာနသုံးခုတွင် တာဝန်ထမ်းဆောင်သည့် အရပ်ဘက် ဝန်ထမ်းများနှင့် လုံခြုံရေးအဖွဲ့အစည်းများမှ ဆောင်ရွက်ကြပါသည်။ ဒေသဆိုင်ရာ အောက်ခြေဝန်ထမ်းများအနေဖြင့် ၎င်းတို့ အကောင်အထည်ဖော်ရမည့် မူဝါဒများချမှတ်ရခြင်း၏ အဓိကအကြောင်းရင်းများနှင့် ထိုမူဝါဒအား အကောင်အထည်ဖော်ရန်အတွက် ချမှတ်ထားသော စီမံချက်အကြောင်းတို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို အနည်းအကျဉ်းသာ သိရှိကြပါသည်။ ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် လူ့အဖွဲ့အစည်းများမှ မေးမြန်းသော မေးခွန်းများကို ဖြေကြားနိုင်ခြင်း မပြုနိုင်သည့်အပြင် ပြည်သူမှ ထုတ်ဖော်တင်ပြသည့် မကျေနပ်မှုများကိုလည်း ထိရောက်စွာ ပြန်လည်တုံ့ပြန်နိုင်ခြင်းမရှိကြသည်ကို တွေ့ရပါသည်။

တပ်မတော်မှခန့်အပ်ထားသည့် ဝန်ကြီးများသည် ပြည်ထောင်စုသမ္မတ၏ ဦးဆောင်မှုအောက်တွင် ဗဟိုအစိုးရ၏ အစိတ်အပိုင်းအဖြစ် တာဝန်ထမ်းဆောင်ရသော်လည်း အရပ်ဘက်နှင့် တပ်မတော်တို့အနေဖြင့် သီးခြားအဖွဲ့အစည်းများအဖြစ် အာဏာကို အဆင့်ဆင့်ခွဲဝေကျင့်သုံးမှု ရှိပါသည်။ ထို့သို့ လုပ်ပိုင်ခွင့်များ ရှင်းလင်းမှုမရှိသည့်အတွက် ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသည့် အလွန်ရှုပ်ထွေးသည့် ပြဿနာအဆင့်ဆင့်ကို ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်သည့်အကြောင်းကိစ္စရပ်များအားလုံးကို လွှမ်းခြုံ၍ ဖော်ဆောင်ရမည့် နည်းလမ်းကောင်းများကို ချမှတ်အကောင်အထည်ဖော်ရန် အခက်အခဲများ ရှိလာခဲ့ပါသည်။

ရခိုင် အရပ်ဘက်လူ့အဖွဲ့အစည်း အနည်းငယ်သာလျှင် အချိန်ပြည့်ဝန်ထမ်း၊ ရုံးခန်း၊ လိုအပ်သည့် ရန်ပုံငွေနှင့် မိမိတို့ဆောင်ရွက်ရန် ရည်ရွယ်ထားသည့် လှုပ်ရှားမှုများနှင့် လုပ်ငန်းများကို ဆောင်ရွက် နိုင်သည့် အခြေအနေတွင် ရှိကြပါသည်။ နိုင်ငံတကာမှ အကူအညီပေးသော အဖွဲ့အစည်းများ၏ တင်းကြပ်သည့် စည်းမျဉ်း၊ စည်းကမ်းများနှင့် လိုအပ်ချက်များကြောင့် ရခိုင်အရပ်ဘက်လူ့အဖွဲ့အစည်းများမှာ ရန်ပုံငွေများကို လျှောက်ထားနိုင်ရန် ကန့်သတ်ချက်များ ကြုံတွေ့ကြရပါသည်။ ထိုအရပ်ဘက် လူ့အဖွဲ့အစည်းများအနေဖြင့် အဖွဲ့အစည်းတချို့မှ အဆင်ပြေသလို ခွဲဝေပေးသည့် ရန်ပုံငွေ အသေးစားများကိုသာ ရရှိကြပါသည်။ ထိုအရပ်ဘက် လူ့အဖွဲ့အစည်းမှ ဝန်ထမ်းများသည် လိုအပ်သည့် သင်တန်း၊ အခွင့်အလမ်းများ နည်းပါးသည့်အတွက် ၎င်းတို့အဖွဲ့အစည်းများမှ အလေးထားဆောင်ရွက်လိုသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ စည်းရုံးလှုံ့ဆော် တိုက်တွန်းခြင်း **(Advocacy)** လုပ်ငန်းများကို လုပ်ဆောင်ရာတွင် လိုအပ်သည့် နည်းပညာနှင့် ကျွမ်းကျင်မှုများ မရှိသည်ကိုလည်း တွေ့ရပါသည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများသည်

အစိုးရနှင့် ပုံမှန်ဆက်ဆံမှု မရှိကြပါ။ အစိုးရနှင့်တွေ့ဆုံရသည့် အစည်းအဝေးများသည် အစိုးရမှ တာဝန်ရှိသူများက ၎င်းတို့ ဆုံးဖြတ်ထားပြီးဖြစ်သော ကိစ္စရပ်များနှင့်ပတ်သက်၍ ကျောင်းသင်ခန်းစာပို့ချသကဲ့သို့ တဖက်သတ် ရှင်းလင်းမှုများကို ပြုလုပ်သည့် တွေ့ဆုံပွဲများ ဖြစ်သည်ဟု ဝေဖန်ပြောဆိုကြပါသည်။ တချို့အဖွဲ့အစည်း များအနေဖြင့် အစိုးရထံတွင် မှတ်ပုံတင်ခွင့်ရရှိရန် အခက်အခဲများနှင့် ရင်ဆိုင်နေကြရပါသည်။ ထိုသို့ ဖြစ်ရခြင်းမှာ မှတ်ပုံတင်ခွင့် ရရှိရန်အတွက် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ်များ ခက်ခဲမှုရှိခြင်းကြောင့် ဖြစ်ပါသည်။

လူမှုအဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်နိုင်မှုနှင့် ကိုယ်စားပြုနိုင်မှုတို့အား အတားအဆီးဖြစ်စေသော အကြောင်းအရာများသည် ရခိုင်ရှိ မွတ်ဆလင်များအပေါ်တွင် ပိုမိုကျယ်ပြန့်သည့် အကျိုးသက်ရောက်မှုရှိသည်ကို တွေ့ရပါသည်။ ၂၀၁၅ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးမှ ယာယီသက်သေခံကတ် ကိုင်ဆောင်ထားသူများသည် မဲပေးခွင့်မရှိဟု ဆုံးဖြတ်လိုက်သည့်အခါ ရခိုင်ပြည်နယ်အတွင်းရှိ မွတ်ဆလင်အများစုသည် ၂၀၁၅ ခုနှစ်တွင်ကျင်းပသည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်များဆုံးရှုံးခဲ့ကြရပါသည်။ ထို့ပြင် နိုင်ငံသားများသာလျှင် နိုင်ငံရေးပါတီများဖွဲ့စည်းနိုင်ခြင်း၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နိုင်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့် ရွေးကောက်ပွဲများ ဝင်နိုင်ခွင့်ရှိသဖြင့်[17] ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်များအနေဖြင့် ပြည်ထောင်စုနှင့် ပြည်နယ်အဆင့်များတွင် နိုင်ငံရေးအရ ကိုယ်စားလှယ်များထားရှိနိုင်ခြင်း လုံးဝမရှိသည်ကို တွေ့ရပါသည်။

နိုင်ငံသားများသာ အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရှိသည့်အတွက် ရခိုင်ပြည်နယ်မှ မွတ်ဆလင်များအနေဖြင့် အစိုးရ၏ ဗျူရိုကရေစီယန္တရားအတွင်းတွင် တာဝန်ထမ်းဆောင်ခွင့်မရှိပါ။ မကြာသေးမီအချိန်က မွတ်ဆလင်များသာနေထိုင်သည့် ဒေသများတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား (လစာပေးအပ်ခြင်းမရှိဘဲ) စတင်ခန့်အပ်ထားခြင်းများကို ပြုလုပ်လာပြီဖြစ်သော်လည်း မွတ်ဆလင် အစိုးရဝန်ထမ်းအရေအတွက်သည် အလွန်ပင်နည်းပါးပါသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သည့် မွတ်ဆလင်များအနေဖြင့် ၎င်းတို့၏ လူ့အဖွဲ့အစည်းများမှ အဖွဲ့ဝင်အချင်းချင်း၏ စိန်ခေါ် ဆန့်ကျင်မှုများကို ရင်ဆိုင်နေကြရပါသည်။ မကြာသေးမီလများအတွင်းက Arakan Rohingya Salvation Army – ARSA အနေဖြင့် အစိုးရနှင့် မွတ်ဆလင်လူ့အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်နေမှုများ လျော့ကျစေရေးအတွက် မွတ်ဆလင်ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်မှုများပြုလုပ်ခဲ့သည်ဟု သိရပါသည်။

17 *Political Parties Registration Law*, Union Election Commission, the Republic of the Union of Myanmar, 2010.

ရခိုင်ပြည်နယ်တွင် မွတ်ဆလင် အရပ်ဘက်လူ့အဖွဲ့အစည်းများ မရှိပါ။ နိုင်ငံသားဖြစ်ပြီးသည့် မွတ်ဆလင်ဘာသာဝင်များ ဦးဆောင်သော အဖွဲ့အစည်းများသည်ပင်လျှင် အစိုးရထံတွင် မှတ်ပုံတင် ခွင့်မရရှိသည်ကို တွေ့ရပါသည်။ မွတ်ဆလင်အများစုနေထိုင်ရာ ဒေသများတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ လုံခြုံရေးလိုအပ်ချက်အရ သတ်မှတ်ထားသော အချိန်အတွင်း အပြင်မထွက်ရန် တားမြစ်မှုအပါအဝင် ထုတ်ပြန်ထားသော အမိန့်များကြောင့် လွတ်လပ်စွာ စုဝေးခွင့်၊ အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်၊ ခရီးသွားလာခွင့်နှင့် ပြည်သူများအနေဖြင့် မိမိလူ့အဖွဲ့အစည်းအကျိုးအတွက် အတူပူးပေါင်း ဆောင်ရွက်နိုင်မှုများကို ကန့်သတ်သည့် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ပြည်သူများ၏ နိုင်ငံရေးနှင့် လူမှုရေးကဏ္ဍများတွင် ပါဝင်နိုင်မှုသည် IDP စခန်းများတွင် ပို၍ကန့်သတ်မှုများ ရှိနေပါသည်။ IDP စခန်းများ၏ နေ့စဉ်လုပ်ငန်းများကို စခန်းစီမံခန့်ခွဲမှု ကော်မတီများမှ တာဝန်ယူ ဆောင်ရွက်ကြပါသည်။ ထိုစခန်းစီမံခန့်ခွဲမှုကော်မတီကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုက်ရိုက်ခန့်အပ်ခြင်း ဖြစ်သည့်အတွက် စခန်းအတွင်းနေထိုင်သူများက ထိုကော်မတီသည် ၎င်းတို့အား ကိုယ်စားပြုနိုင်မှုမရှိဟု ထင်မြင်ကြပါသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသား မျိုးနွယ်စု (၁၃၅) မျိုးဝင်အဖြစ် အသိအမှတ်ပြုထားသည့် ကမန်များသည်ပင်လျှင် ရခိုင်ပြည်နယ်အတွင်း အရပ်ဘက် လူ့အဖွဲ့အစည်း မှတ်ပုံတင်ခြင်းများကို ပြုလုပ် နိုင်ခြင်းမရှိသည်ကို တွေ့ရပါသည်။ ကမန်များသည် အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့်နှင့် အဆင့်မြင့်ပညာများသင်ကြားခွင့်ရရန် အခက်အခဲများကို ကြုံတွေ့နေရပါသည်။ တခြားတိုင်းရင်းသား မျိုးနွယ်စုနှင့် ဘာသာရေးအုပ်စုများဖြစ်သည့် ချင်း၊ ဒိုင်းနက်၊ မြို၊ မရမာကြီး၊ ခမီ၊ သက်နှင့် ဟိန္ဒူ ဘာသာဝင်များသည်လည်း အလေးထား ဆက်ဆံခြင်း မခံကြရဘဲ အပယ်ခံများအဖြစ် ရှိနေကြပါသည်။ အစိုးရဝန်ထမ်းများ အတွင်းတွင်လည်း ထိုလူမျိုးစုများအား ကိုယ်စားပြုနိုင်မှု အလွန်ပင်နိမ့်ကျလျက်ရှိပါသည်။ ထိုမညီမျှမှုကို ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ခုမှာ ပြည်နယ်အတွင်း လူဦးရေ၏ (၀. ၁) ရာခိုင်နှုန်းထက်ပိုရှိသည့် တိုင်းရင်းသားလူမျိုးစုများအား မိမိတို့၏ တိုင်းရင်းသားရေးရာ ဝန်ကြီးကို ရွေးချယ်ခွင့်ပေးခြင်းဖြစ်ပါသည်။ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားမျိုးနွယ်စု အများအပြား၏ လူဦးရေသည် ထိုသတ်မှတ်ချက်ထက် ကျော်လွန်သော်လည်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့အတွင်း၌ ချင်းလူမျိုးများကို ကိုယ်စားပြုသည့် တိုင်းရင်းသားရေးရာ ဝန်ကြီးကိုသာ ခန့်အပ်ထားပါသည်။

နိုင်ငံရေးကဏ္ဍများတွင် အမျိုးသမီးများ၏ ကိုယ်စားလှယ်များ ထားရှိနိုင်မှုနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများတွင် ပါဝင်နိုင်မှုသည် လူ့အဖွဲ့အစည်းအားလုံးတွင် လျော့နည်းလျက် ရှိပါသည်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်လွှတ်တော်သို့ အမျိုးသမီး

လွှတ်တော် ကိုယ်စားလှယ်တစ်ဦးမျှ ရွေးချယ်ခြင်းမခံရပါ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်မြေများမှ အမျိုးသမီး ကိုယ်စားလှယ် (၃) ဦးသာ ပြည်ထောင်စုအဆင့် လွှတ်တော်ကိုယ်စားလှယ်များ အဖြစ် ရွေးချယ်ခံရပါသည်။ အမျိုးသမီးများအနေဖြင့် အငယ်တန်း အစိုးရအမှုထမ်းများ အဖြစ် တာဝန်ထမ်းဆောင်မှုများ ရှိနေကြသော်လည်း (ကျေးရွာအုပ်စု၊ မြို့နယ်နှင့် ခရိုင်အဆင့်များတွင်) အမျိုးသမီး အုပ်ချုပ်ရေးမှူး တစ်ဦးမျှပင်မရှိပါ။ အမျိုးသမီးအခွင့် အရေးဆိုင်ရာ ကိစ္စရပ်များကို အလေးပေးဆောင်ရွက်သည့် ရခိုင်အမျိုးသမီးသမဂ္ဂနှင့် ရခိုင်အမျိုးသမီး ကွန်ရက်ကဲ့သို့သော အရပ်ဘက်လူ့အဖွဲ့အစည်းများသည် အမျိုးသမီးများ အနေဖြင့် ၎င်းတို့၏အကျိုးနှင့် ၎င်းတို့ လူ့ဘောင်အဖွဲ့အစည်းများ၏အကျိုးကို စွမ်းဆောင် နိုင်သည့် စွမ်းရည်များတိုးမြှင့်ဆောင်ရွက်ရာတွင် တည်ရှိနေသည့် ကွာဟချက်များအား အဖြေရှာမှုများ ပြုလုပ်ခြင်းနှင့် အမျိုးသမီးအခွင့်အရေးများအား ပြည်သူသို့ တင်ပြ ဆွေးနွေးမှုများကို ပြုလုပ်နိုင်ခဲ့ကြပါသည်။ ထိုအမျိုးသမီးအဖွဲ့ အစည်းများအနေဖြင့် မုဒိမ်းမှုများတွင် မတရားပြုကျင့်ခံရသူများအား ကိုယ်စားပြု၍ ကူညီဆောင်ရွက်ပေးခြင်းဖြင့် အမျိုးသမီးများအကျိုးကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်ပေးနိုင်မှုများ ရှိသော်လည်း မူဝါဒများချမှတ်သည့် ကဏ္ဍတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိကြပါ။

## အကြံပြုချက်များ

၅၁။ မြန်မာအစိုးရအနေဖြင့် ကိုယ်စားပြုခံရမှုအားနည်းသည့် တိုင်းရင်းသား လူမျိုးစုငယ်များ၊ နိုင်ငံမဲ့ဖြစ်နေသူများ၊ မိမိတို့နေထိုင်ရာဒေသမှ စွန့်ခွာထွက်ပြေး နေရသည့် လူ့အဖွဲ့အစည်းများ၊ အမျိုးသမီးများ၏ နိုင်ငံရေးကဏ္ဍနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများတွင် ကိုယ်စားလှယ်များထားရှိနိုင်မှုနှင့် ကိုယ်တိုင်ပါဝင်နိုင်မှုများ မြင့်တက်လာစေရေးအတွက် ဆောင်ရွက်ပေးခြင်း၊ ပြည်သူနှင့် ထိတွေ့ဆက်ဆံမှုများပြုလုပ်ခြင်း၊ အစိုးရနှင့် လူ့အဖွဲ့အစည်းများ အကြား ဒေသဆိုင်ရာအဆင့်တွင် ယုံကြည်မှုတည်ဆောက်ခြင်း၊ မူဝါဒများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်မှုတို့တွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ ပါဝင်နိုင်မှုကို မြှင့်တင်ပေးခြင်းတို့အား ဆောင်ရွက်ပေးသင့်ပါသည်။

၅၂။ ရခိုင်ပြည်နယ်အစိုးရနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့သည် ပြည်နယ် တွင်းရှိ လူမျိုးစုငယ်များနှင့် ဘာသာရေးဆိုင်ရာ အုပ်စုငယ်များ၏ အဖွဲ့ဝင်များ အား အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့်များ ပိုမိုရရှိရန် ဆောင်ရွက်

ပေးသင့်ပါသည်။ ထိုအုပ်စုမှ အမျိုးသမီးများဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရန် အထူးကြိုးစား ဆောင်ရွက်ပေးသင့်ပါသည်။ ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သူများသည် အမျိုးသမီးများနှင့် လူနည်းစုများအပါအဝင် ပြည်နယ်အတွင်းရှိ နေထိုင်သူများအားလုံးကို ကိုယ်စားပြုမှုရှိအောင် ဆောင်ရွက်သွားသင့်ကြောင်း ကော်မရှင်မှ ထပ်မံအကြံပြုတိုက်တွန်းလိုပါသည်။

၅၃။ အစိုးရသည် လူမျိုးစုနှင့် ဘာသာရေးအဖွဲ့အားလုံးမှ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ကူညီဆောင်ရွက်ပေးသင့်ပါသည်။ စာရွက်စာတမ်းလိုအပ်ချက်များနှင့် မှတ်ပုံတင်ကြေးများ လျှော့ချပေးခြင်းဖြင့် လုပ်ငန်းစဉ်ကို ပိုမိုရှင်းလင်းလွယ်ကူအောင် ဆောင်ရွက်ပေးသင့်ပါသည်။

၅၄။ အစိုးရသည် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ပုံမှန်မြို့နယ်အဆင့် တွေ့ဆုံဆွေးနွေးပွဲများကို လေးလလျှင်တစ်ကြိမ် လွတ်လပ်စွာ ကျင်းပသွားနိုင်ရန် ခွင့်ပြုသင့်ပါသည်။ ထိုအစည်းအဝေးများသို့ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပြည်နယ်လွှတ်တော်မှ ကိုယ်စားလှယ်များ တက်ရောက်သင့်ပါသည်။ ထိုအစည်းအဝေးများတွင် ပြည်နယ်အဆင့်၌ ချမှတ်ရန် လက်ရှိစဉ်းစားစီစဉ်နေသည့် မူဝါဒများ နှင့်ပတ်သက်၍ ပြည်သူများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများထံမှ သဘောထား အကြံပြုချက်များ ရယူသင့်ပါသည်။

၅၅။ ရခိုင်ပြည်နယ်အစိုးရအနေဖြင့် သတင်းအချက်အလက်များကို ပြည်သူများထံသို့ ဖြန့်ဝေ ပေးရေး၊ အစိုးရ၏လုပ်ငန်းစဉ်များ လုပ်ဆောင်မှုအပေါ် ပြည်သူလူထု၏ သဘောထားနှင့် အကြံပြုချက်များရယူရေးနှင့် ချမှတ်ရန်စဉ်းစားပြင်ဆင်နေသည့် မူဝါဒများနှင့်ပတ်သက်၍ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ အကြံဉာဏ်များ ရယူရေးတို့တွင် အလေးထားအသုံးပြု နိုင်မည့် ဦးတည်ရာဌာန **(Focal Point)** တစ်ခုနှင့် နည်းလမ်းယန္တရားတစ်ရပ်ကို ဖော်ထုတ်သင့်ပါသည်။ ထိုမူဝါဒများအပေါ် ပြည်သူများ၏ အကြံပြုချက်များနှင့် ထိုမူဝါဒများအား မည်သို့မည်ပုံ ပြင်ဆင်သင့်သည်ဆိုသည့် ဖြည့်စွက်အကြံပြုချက်များ တို့ကို ပြည်ထောင်စုအစိုးရသို့ တင်ပြသင့်ပါသည်။

၅၆။ ရခိုင်ပြည်နယ်အစိုးရနှင့် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး

ဌာနတို့သည် ဆယ်အိမ်မှူး၊ ရာအိမ်မှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးများအားလုံးကို ကျေးရွာနှင့် ကျေးရွာအုပ်စု အတွင်း နေထိုင်သူများမှ တိုက်ရိုက်ရွေးချယ်ခွင့်ရအောင် ဆောင်ရွက်ပေးသင့် ပါသည်။

၅၇။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံတကာ အဖွဲ့အစည်းများက IDP စခန်းများရှိ စခန်းစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်၊ တာဝန်နှင့် လုပ်ပိုင်ခွင့် (TOR) နှင့် ကျင့်ဝတ် များကို ပြင်ဆင်မှုများပြုရန် ရခိုင်ပြည်နယ် အစိုးရသို့ တင်ပြထားပါသည်။ ထိုပြင်ဆင်ချက်များကို IDP စခန်း စီမံခန့်ခွဲမှုကော်မတီ များ၏ ကိုယ်စားလှယ် အရေအတွက် တိုးမြှင့်နိုင်ရန်နှင့် ကော်မတီအတွင်း အကျင့်ပျက်မှုများကို လျှော့ချနိုင်စေရေးအတွက် ပြုလုပ်ခြင်းဖြစ်ပါသည်။ ကော်မရှင်အနေဖြင့် အစိုးရအား ထိုစီမံချက်များ အကောင်အထည်ဖော်ရန် တိုက်တွန်းအပ်ပါသည်။

၅၈။ အစိုးရသည် မြန်မာနိုင်ငံရှိ တည်ဆဲဥပဒေနှင့်အညီ ရခိုင်ပြည်နယ်အတွင်း လူဦးရေ၏ (၀. ၁) ရာခိုင်နှုန်းအထက်ရှိသည့် လူမျိုးငယ်များအားလုံးအတွက် တိုင်းရင်းသားရေးရာ ဝန်ကြီးရာထူးများ သတ်မှတ်ထားရှိပေးသင့်ပါသည်။

၅၉ ။ ရခိုင်ပြည်နယ်အတွင်းနေထိုင်ကြသည့် အမျိုးသမီးများ၏ အခန်းကဏ္ဍ မြှင့်တင်ရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့အား အမျိုးသမီးများ၊ မိန်းကလေးငယ်များ၏ လိုအပ်ချက်များနှင့်ပတ်သက်၍ သင့်လျော်သည့်လုပ်ငန်း အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားစေရေး အတွက် နည်းပညာအထောက်အကူပေးနိုင်သည့် အမျိုးသမီးရေးရာဌာန တစ်ခုကို ရခိုင်ပြည်နယ်အစိုးရအတွင်း ထူထောင်သွားသင့်ပါသည်။

## လူ့အဖွဲ့အစည်းများအကြား ပေါင်းစည်းရေး

ကော်မရှင်၏ ရခိုင်ပြည်နယ် ခရီးစဉ်များအတွင်း လူ့အဖွဲ့အစည်းအများအစုအတွင်း၌ ကြောက်ရွံ့မှုများရှိနေကြသည်ကို တွေ့ရှိခဲ့ပါသည်။ ရခိုင်နှင့် မွတ်ဆလင် လူ့အဖွဲ့အစည်းနှစ်ရပ်လုံးမှ လူမျိုးရေးကိုအခြေခံသည့် အကြမ်းဖက်တိုက်ခိုက်မှုများ ထပ်မံဖြစ်ပေါ်လာမည်ကို စိုးရိမ်နေကြပါသည်။ ထိုလူ့အဖွဲ့အစည်း နှစ်ရပ်အကြားတွင်လည်း အပြန်အလှန်မယုံကြည်မှုများ ကြီးမားစွာရှိနေကြပါသည်။ ထိုသို့သော သဘောထားများသည် ရခိုင်ပြည်တပြည်နယ်လုံးရှိ လူ့အဖွဲ့အစည်းများအကြားတွင် ရှိနေသော်လည်း ရခိုင်ပြည်နယ်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ပို၍ကျယ်ပြန့်စွာရှိနေသည်ကို တွေ့ရပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအကြားရှိသည့် တင်းမာမှုသည် ပြဿနာအသစ်တစ်ရပ် မဟုတ်ပါ။ ကိုလိုနီခေတ်ကတည်းက လူ့အဖွဲ့အစည်းနှစ်ရပ်အကြား တင်းမာမှုနှင့် အပြန်အလှန်ယှဉ်ပြိုင်မှုများကြောင့် အတူတကွလုပ်ငန်းများ ပူးပေါင်းလုပ်ဆောင်မှုနှင့်အတူ ယှဉ်တွဲနေထိုင်မှုများ ပျက်ပြားခဲ့သည်များ ရှိပါသည်။ သို့ရာတွင် ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများသည် ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများအကြားရှိ ဆက်ဆံရေးနှင့်ပတ်သက်၍ ကြီးမားသောပြောင်း လဲမှုကို ဖြစ်ပေါ်စေခဲ့ပါသည်။ ဤသို့ မငြိမ်မသက်ဖြစ်စေသော ပြောင်းလဲမှုကြီးသည် ရခိုင်ပြည်နယ်ရှိ မြို့နယ်အားလုံးအပေါ် အနည်းနှင့်အများဆိုသလို အကျိုးသက်ရောက်မှုရှိခဲ့ပြီး ဆယ်စုနှစ်များစွာ တည်ဆောက်ထားသည့် လူမှုရေးနှင့် စီးပွားရေးဆက်ဆံမှုများကို ပျက်ပြားစေခဲ့ပါသည်။ ပဋိပက္ခများဖြစ်ပွားပြီး နှစ်အနည်းငယ်အကြာတွင် နှစ်ဖက်လူ့အဖွဲ့အစည်းများအကြား ဆက်ဆံရေးသည် အတိုင်းအတာတစ်ခုအထိ ပြန်လည်တိုးတက်လာသော်လည်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားပြီးနောက်တွင် ထိုတိုးတက်မှုများသည် တစ်စိတ်တစ်ပိုင်း (သို့) လုံးဝပျက်ပြားခဲ့ပါသည်။

၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်များကြောင့် ရခိုင်နှင့် မွတ်ဆလင်များအကြားရှိ ဆက်စပ်မှုများသည် လုံးဝပျက်ပြယ်သွားခဲ့ပါသည်။ ကမန်အပါအဝင် မွတ်ဆလင်များအားလုံးတို့သည် စစ်တွေ၊ ကျောက်ဖြူ၊ မြေပုံ၊ ကျောက်တော်နှင့် မြောက်ဦးကဲ့သို့သော ပြည်နယ်အတွင်း မြို့ကြီးများမှ ဖယ်ရှားတွန်းပို့ခြင်းခံခဲ့ကြရပြီး မွတ်ဆလင် (၁၃၀,၀၀၀) ကျော်သည်လည်း IDP စခန်းများတွင် ပိတ်မိနေခဲ့ကြပါသည်။ (ယခုအချိန်တွင် မွတ်ဆလင် (၁၂၀,၀၀၀) ခန့်သည် IDP စခန်းများတွင် ဆက်လက် ပိတ်မိနေဆဲဖြစ်ပါသည်။)

ထို့ပြင် IDP စခန်းပြင်တွင် နေထိုင်သော မွတ်ဆလင်များ၏ ခရီးသွားလာခြင်းကို ပိုမို၍ကန့်သတ်ခြင်းများကြောင့် လူ့အဖွဲ့အစည်းနှစ်ရပ်အကြား အပြန်အလှန်ဆက်ဆံရေး အတွက် အခွင့်အလမ်းများ ပို၍နည်းပါးခဲ့ပါသည်။ အစိုးရသည် လူ့အဖွဲ့အစည်းနှစ်ရပ် ကို သီးခြားစီထားရှိမှသာလျှင် တည်ငြိမ်မှုနှင့် လုံခြုံရေးရှိမည်ဟူသည့် ယူဆချက်ကို လက်ကိုင်ထား၍ လူ့အဖွဲ့အစည်းနှစ်ရပ်အား သီးခြားစီထားရေးကို ထောက်ခံအားပေးခဲ့ပါသည်။

သို့သော် ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်မှုအားလုံးသည် ဆိုးရွားသည်ဟုလည်းပြော၍မရပါ။ ရခိုင် ပြည်နယ်အတွင်းရှိ တချို့ဒေသများတွင် ရခိုင်နှင့် မွတ်ဆလင်လူ့အဖွဲ့အစည်း ခေါင်းဆောင်များသည် ဖြစ်ပေါ်နေသည့် အပြန်အလှန်ယုံကြည်မှုမရှိခြင်းများကို ကျော်လွှား၍ လူ့အဖွဲ့အစည်းနှစ်ရပ် ငြိမ်းချမ်းစွာ အတူနေထိုင်နိုင်သည့် နည်းလမ်းများကို ရှာဖွေနိုင်ခဲ့ကြပါသည်။ ထိုလူ့အဖွဲ့အစည်း ခေါင်းဆောင်များအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာလူ့အဖွဲ့အစည်းများမှ သဘောထားတင်းမာသူများ၏ ဆန့်ကျင်လှုံ့ဆော်မှုများနှင့် လက်တုံ့ပြန်တိုက်ခိုက်နိုင်သည့် အန္တရာယ်များအကြားမှ အဆိုပါ လုပ်ဆောင်မှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ သတိပြုမိသည့် အခြားအကြောင်းအရာတစ်ခုမှာ မကြာသေးမီကာလက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ဖြစ်ပွားခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုများသည် ၂၀၁၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများကဲ့သို့ ရခိုင်ပြည်နယ်၏ အခြားဒေသများသို့ ကူးစက်သွားခြင်းမရှိသည့်အချက် ဖြစ်ပါသည်။ ဤအချက်များသည် အစိုးရ၊ အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ပြည်သူများအနေဖြင့် လူ့အဖွဲ့အစည်းများအကြား ရင်ကြားစေ့ရေးကို ပိုမိုကြိုးစား လုပ်ဆောင်လိုစိတ်များ ဖြစ်ပေါ်လာအောင် စေ့ဆော်ပေးသင့်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးတချို့သည် ဗုဒ္ဓဘာသာနှင့် မွတ်ဆလင် လူ့အဖွဲ့အစည်းများအကြား အပြန် အလှန် ဆက်ဆံမှုများရှိလာရေးအတွက် စတင်ဆောင်ရွက်လျက်ရှိနေပါသည်။ ထိုသို့ လုပ်ဆောင်မှုများ ကြောင့် ဘာသာပေါင်းစုံနှင့်ပတ်သက်သည့် အဖြစ်အပျက်များနှင့် အကြောင်းကိစ္စများအပေါ်တွင် ရှိနေသည့် စိုးရိမ်ကြောင့်ကြမှုများကို လျော့ကျသွားစေပြီး လူ့အဖွဲ့အစည်းများအကြားရှိသည့် တင်းမာမှုများကို တာဝန်ရှိသူများ၏ ဖြေရှင်းပေးနိုင်မှုအပေါ် ယုံကြည်မှုများ ရှိလာခဲ့ပါသည်။ ဤသို့ ပြည်နယ်အတွင်း ကြိုးပမ်းဆောင်ရွက်မှုများသည် ပဋိပက္ခများချုပ်ငြိမ်း၍ ငြိမ်းချမ်းမှုရှိအောင် လုပ်ဆောင်ရသည့် လုပ်ငန်းစဉ် **(Conflict Transformation)** ခရီးရှည်၏ လမ်းအစတွင်သာ ရှိနေပါသေးသည်။ လူ့အဖွဲ့အစည်းနှစ်ရပ် အကြား ပြုလုပ်ခဲ့သည့် စေ့စပ်ဆွေးနွေးမှုအများစုကို ရေရှည်လုပ်ဆောင်နိုင်မှု မရှိသကဲ့သို့ ထိုဆွေးနွေးပွဲများတွင် ပါဝင်သူများအနေဖြင့် ဆွေးနွေးပွဲ၏ ရည်ရွယ်ချက်ကို ရှင်းလင်းစွာ သိရှိနားလည်မှု မရှိသည်ကို အမြဲတွေ့ရပါသည်။

နောက်ဆုံးတွင် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းနှစ်ရပ်အကြား တင်းမာမှုကို မြန်မာနိုင်ငံ တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်နေသည့် ဗုဒ္ဓဘာသာဝင်များနှင့် မွတ်ဆလင်များအကြားရှိ တင်းမာမှုများနှင့် ဆက်စပ်၍လည်း နားလည်ရန်လိုအပ်ပါသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းတွင် လူနည်းစု များအပေါ် တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အမုန်းတရားပွားများစေသည့် စကားပြောဆိုမှုများကိုလည်း စိစစ်တားဆီးမှုများ မပြုခဲ့ပါ။ ထိုသို့ အမုန်းတရားပွားများစေသည့် စကားများကို ရပ်ဆိုင်းသွားအောင် ဆောင်ရွက်သင့်ပါသည်။ အစိုးရအနေဖြင့် အမုန်းတရားပွားများစေသည့် ပြောဆိုရေးသားမှုများနှင့် နိုင်ငံခြားသား မုန်းတီးရေးလှုံ့ဆော်မှုများအား တားဆီးရေးအတွက် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကဲ့သို့သော ဝန်ကြီးဌာနများမှတဆင့် အရေးယူ ဆောင်ရွက်မှု များကို ပြုလုပ်ခဲ့ခြင်းကို ကော်မရှင်မှ အသိအမှတ်ပြုပါသည်။ သို့ရာတွင် ယခုထက်ပိုမို၍ လုပ်ဆောင်သွားရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတဝှမ်းလုံး၌ ဗုဒ္ဓဘာသာဝင်များနှင့် မွတ်ဆလင်များအကြား တင်းမာမှုများ အရှိန်မြင့်တင်နေမှုကို ဆက်လက်၍ခွင့်ပြုနေမည်ဆိုလျှင် ရခိုင်ပြည်နယ်အတွင်း ပြန်လည်သင့်မြတ်မှုများ ရှိလာစေနိုင်သည့် အလားအလာများကို အားနည်းစေနိုင်ပါသည်။

## အကြံပြုချက်များ

၆၀။ မြန်မာအစိုးရအနေဖြင့် လူ့အဖွဲ့အစည်းများအကြား စေ့စပ်ဆွေးနွေးညှိနှိုင်းပွဲများကို လူ့အဖွဲ့အစည်း အလွှာအသီးသီးတိုင်းတွင် -မြို့နယ်၊ ပြည်နယ်နှင့် ပြည်ထောင်စုအဆင့်များ အပါအဝင်- ကျင်းပသွားနိုင်ရန် ဆောင်ရွက်ပေးသင့်ပါသည်။ ထိုဆွေးနွေးညှိနှိုင်းပွဲများကို ရည်ရွယ်ချက်များ ရှင်းလင်းစွာချမှတ်၍ စနစ်တကျကျင်းပသွားသင့်ပါသည်။ ထိုဆွေးနွေးညှိနှိုင်းပွဲများတွင် အခြေခံလူတန်းစားများ၊ အမျိုးသမီးများ၊ လူငယ်များ၊ လူမျိုးစုငယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ ပါဝင်နိုင်စေရန် ဆောင်ရွက်ပေးသင့်ပါသည်။ လူ့အဖွဲ့အစည်းများအတွင်း ဆွေးနွေးညှိနှိုင်းပွဲများ ပြုလုပ်နိုင်စေရန်လည်း အားပေးကူညီသင့်ပါသည်။

၆၁။ မြို့နယ်အုပ်ချုပ်ရေးမှူးများအနေဖြင့် လူ့အဖွဲ့အစည်းများအတွင်း ဆွေးနွေးညှိနှိုင်းပွဲကျင်းပရာတွင် အဓိကအခန်းကဏ္ဍမှပါဝင် ဆောင်ရွက်နိုင်ရန် (ထိုဆွေးနွေးညှိနှိုင်းပွဲများ ကျင်းပရေးတာဝန်ကို) မြို့နယ်အုပ်ချုပ်ရေးမှူးများ၏

လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်၊ တာဝန်နှင့် လုပ်ပိုင်ခွင့် (TOR) တွင် ထည့်သွင်းဖော်ပြခြင်းနှင့် ၎င်းတို့အား ကြားဝင်ဖြန်ဖြေ စေ့စပ်ညှိနှိုင်းပေးမှုဆိုင်ရာ သင်တန်းများကို တက်စေခြင်းတို့အား အစိုးရအနေဖြင့် ဆောင်ရွက်ပေးသင့်ပါသည်။ ရခိုင်နှင့် မွတ်ဆလင်လူ့အဖွဲ့အစည်း ခေါင်းဆောင်များအတွက်လည်း ကြားဝင်ဖြန်ဖြေညှိနှိုင်းပေးမှုဆိုင်ရာ သင်တန်းများကို ပေးသင့်ပါသည်။ လူ့အဖွဲ့အစည်းခေါင်းဆောင်များအားလည်း အသုံးဝင်မည့် သင်ခန်းစာကောင်းများ၊ ရလဒ်ကောင်းများရရှိနိုင်သည့် အကောင်းဆုံးနည်းလမ်းများ (Best Practice) သိရှိလာစေရန်အတွက် အခွင့်အလမ်းများ ဖန်တီးပေးသင့်ပါသည်။

၆၂။ အစိုးရအနေဖြင့် လူ့အဖွဲ့အစည်းများအကြား ပြန်လည်သင့်မြတ်မှုများ ရှိလာစေရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် အထောက်အကူပြုသည့် အခြေအနေကောင်းများကို ဖန်တီးပေးသင့်ပါသည်။ ထိုအခြေအနေကောင်းများတွင် အောက်ပါအကြောင်းအရာများ ပါဝင်နိုင်ပါသည်။

- ရခိုင်နှင့် မွတ်ဆလင်များအကြား အပြန်အလှန်အလွတ်သဘော ဆက်ဆံမှုများ ပြုလုပ်နိုင်ရန်အတွက် နှစ်ဖက်လူ့အဖွဲ့အစည်းများ ပါဝင်နိုင်မည့် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ၊ အခြေခံ အဆောက်အအုံများဖွံ့ဖြိုးရေး စီမံကိန်း များနှင့် ယဉ်ကျေးမှုဆိုင်ရာ ပွဲလမ်းသဘင်များစသည့် ပူးတွဲလှုပ်ရှားမှုများ ပြုလုပ်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးခြင်း။
- ဘာသာရေးနှင့်ပတ်သက်၍ မဟုတ်မမှန် ပြောဆိုရေးသားချက်များ၏ လွှမ်းမိုးမှုကို မခံရစေရေးအတွက် ယဉ်ကျေးမှုဆိုင်ရာ ဆက်သွယ်ရေး နည်းလမ်း၊ ပြည်သူ့နီတိ သင်ကြားရေး၊ အသိပညာများရရှိစေမည့် အမြင်ဖွင့် လှုပ်ရှားမှုများမှတဆင့် မတူကွဲပြားမှုများကို လက်ခံတန်ဖိုး ထားလိုသည့် စိတ်ဓာတ်များကို မြှင့်တင်ပေးခြင်း။
- နှစ်ဖက်လူ့အဖွဲ့အစည်းမှ လူငယ်များအတွက် လူငယ်စင်တာများကို ၎င်းတို့ သွားလာနိုင်သည့်နေရာများတွင် တည်ဆောက်၍ နှစ်ဖက် လူ့အဖွဲ့အစည်းများမှ လူငယ်များပါဝင်နိုင်မည့် လှုပ်ရှားမှုများဖြစ်သည့် အားကစား၊ တေးဂီတပွဲများနှင့် အနုပညာဆိုင်ရာလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်း။

၆၃။ အစိုးရသည် အမုန်းတရားများ ပွားများစေသည့် ပြောဆိုရေးသား လုပ်ဆောင်မှုများ အထူးသဖြင့် လူမျိုးစုငယ်များနှင့် ဘာသာရေးဆိုင်ရာ အုပ်စုငယ်များကို ဦးတည်သည့် တိုက်ခိုက်မှုများကို အလေးအနက်ထား၍ တိုက်ဖျက်သွားသင့်ပါသည်။ အစိုးရသည် တိုင်းပြည်အတွင်း တည်ငြိမ် အေးချမ်းမှုရှိရေးကို အာမခံပေးရမည့် တာဝန်ရှိသည်နှင့်အညီ မြန်မာနိုင်ငံအတွင်း အမုန်းတရားများပွားများအောင် လုပ်ဆောင်မှုများကို ထိရောက်စွာ အရေးယူနိုင်ရန်အတွက် လိုအပ်သည့်တရားဥပဒေများရှိအောင် ဆောင်ရွက် ပေးသင့်ပါသည်။ ထို့ပြင် လူမျိုးရေး၊ ဘာသာရေးတို့နှင့်ပတ်သက်၍ အမုန်း တရားများ ပွားများအောင် လှုံ့ဆော်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူမှုများ ပြုလုပ်သွားသင့်ပါသည်။

၆၄။ ဗုဒ္ဓဘာသာ၊ မွတ်ဆလင်၊ ခရစ်ယာန်နှင့် တခြားဘာသာရေး အဖွဲ့အစည်းများမှ ခေါင်းဆောင်များသည် အမုန်းတရားများပွားများအောင် လုပ်ဆောင်မှုများနှင့် လူမျိုးရေး၊ ဘာသာရေးကိုအခြေခံ၍ ခွဲခြားနှိမ့်ချမှုတို့အား အစိုးရမှ တိုက်ဖျက် သွားနိုင်ရေးအတွက် ဆောင်ရွက်ချက်များကို အလေးအနက်ထောက်ခံသင့်ပါ သည်။ ထိုသာသာရေးခေါင်းဆောင်များအနေဖြင့် မိမိတို့နှင့်သက်ဆိုင်ရာ လူမျိုးရေး (သို့မဟုတ်) ဘာသာရေးအဖွဲ့များ၏ အဖွဲ့ဝင်များမှ အကြမ်းဖက် လုပ်ဆောင်မှုများကို ပြုလုပ်ပါက ထိုလုပ်ဆောင်သူများအား ချက်ချင်း လူသိရှင်ကြားရှုတ်ချမှုများကို ပြုလုပ်သွားသင့်ပါသည်။

## လုံခြုံရေးကဏ္ဍ

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရှုပ်ထွေးသောဒေသ တစ်ခုဖြစ်ပါသည်။ ထိုသို့ရှုပ်ထွေးခြင်း၏ ပထမအချက်မှာ ပြည်နယ်အတွင်းရှိ လူမျိုးစုနှစ်စုကြားတွင် အချိန်ကြာမြင့်စွာ ရှိနေခဲ့သည့် သဘောထားတင်းမာမှုများသည် (၂၀၁၂ ခုနှစ်တွင် တွေ့မြင်ခဲ့ကြရသည့်အတိုင်း) လူ့အဖွဲ့အစည်းနှစ်ရပ်အကြားတွင် ပြင်းထန်သော ထိပ်တိုက်ရင်ဆိုင်မှုများသို့ ဦးတည်သွားစေနိုင်သော အလားအလာ ဖြစ်စေပါသည်။ ဒုတိယအချက်မှာ လူ့အဖွဲ့အစည်းနှစ်ရပ်လုံးမှ အစိုးရဆန့်ကျင်သော သဘောထားရှိသူများအနေဖြင့် အစိုးရအား လက်နက်ကိုင်ပုန်ကန်ကြခြင်းဖြစ်ပါသည်။ မြန်မာအစိုးရ၏ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ရခိုင်နှင့် မွတ်ဆလင်လက်နက်ကိုင် အဖွဲ့အစည်းများဖြစ်သည့် Arakan Army - AA နှင့် Arakan Rohingya Salvation Army - ARSA တို့၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေကြရပါသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် နယ်ခြားစောင့် ရဲတပ်ဖွဲ့အားတိုက်ခိုက်မှုနှင့် တပ်မတော်နှင့် ရဲတပ်ဖွဲ့များမှ နောက်ဆက်တွဲ နယ်မြေရှင်းလင်းရေးများ ပြုလုပ်ပြီးနောက်တွင် တင်းမာမှုများ ပိုမိုမြင့်မားလာခဲ့ပါသည်။ လုံခြုံရေးတပ်ဖွဲ့များမှ လူ့အခွင့်အရေးချိုးဖောက်သည်ဟု စွပ်စွဲချက်များကြောင့် အစိုးရတာဝန်ရှိသူများနှင့် မွတ်ဆလင်များ အထူးသဖြင့် ရခိုင် ပြည်နယ်မြောက်ပိုင်းတွင် ဆက်ဆံရေးမှာ ပိုမိုတင်းမာလာခဲ့ပါသည်။ အသစ်ထွက်ပေါ်လာသည့် အန္တရာယ်များသည့် အကြောင်းကိစ္စတစ်ခုမှာ အစိုးရနှင့် ဆက်စပ်မှုရှိသည့် မွတ်ဆလင်များ အသတ်ခံနေရမှုနှင့် ထိုသတ်ဖြတ်မှုကို မွတ်ဆလင် စစ်သွေးကြွများက လုပ်ဆောင်ခြင်း ဖြစ်သည်ဟု စွပ်စွဲချက်များ ပေါ်ထွက်လာခြင်းဖြစ်ပါသည်။ ထိုစွပ်စွဲချက်များကြောင့် မွတ်ဆလင်လူ့အဖွဲ့အစည်းအတွင်း စုစည်းမှုများ ပိုမို၍ပြိုကွဲခဲ့ပါသည်။ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များအတွင်း လက်နက်ခဲယမ်းများ လုံလောက်မှုမရှိခြင်း အချက်မှလွဲ၍ ပိုမိုပြင်းထန်သည့် အကြမ်းဖက်ပဋိပက္ခများကို ဖြစ်စေနိုင်သည့် အဓိကအချက်များ အားလုံးဖြစ်သည့် - လူ့အဖွဲ့အစည်းများအတွင်း ကျယ်ကျယ်ပြန့်ပြန့် ကြောက်ရွံ့နေမှုများ၊ ကျယ်ကျယ်ပြန့်ပြန့် ဒေါသထွက်နေမှုများနှင့် မတရားသော နည်းလမ်းများဖြင့် ထိခိုက်နစ်နာအောင် အလုပ်ခံနေရသည် - ဟူသော အချက်များသည် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများအတွင်း ရှိနေပါသည်။ ထို့ပြင် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသသည် မူးယစ်ဆေးဝါး မှောင်ခိုလုပ်ငန်း၏ ကြားခံစခန်းကြီးတစ်ခု ဖြစ်လာခဲ့ပါသည်။ ထိုအခြေ အနေကြောင့် ဘင်္ဂလားဒေ့ရှ် နယ်စပ်တလျှောက် ဒေသများသည် ဥပဒေမဲ့၍ လုံခြုံမှု မရှိသောဒေသများ ဖြစ်သည်ဟု ပို၍ထင်မြင်လာကြပါသည်။

ရခိုင်ပြည်နယ်ရှိ ပြည်သူများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့များအပေါ် ယုံကြည်မှုနည်းပါးသည်ကို တွေ့ရပါသည်။ ရခိုင်နှင့် မွတ်ဆလင် လူ့အဖွဲ့အစည်းများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့များအား အကျင့်ပျက်မှုများရှိပြီး ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်ပဋိပက္ခများ ဖြစ်ပွားခဲ့စဉ်က ပြည်သူအားလုံးလိုအပ်သည့် အကာအကွယ်များပေးနိုင်ခြင်းမရှိသည့် အဖွဲ့အစည်းများသာ ဖြစ်သည် ဟု စွပ်စွဲမှုများရှိပါသည်။ စစ်တမ်းတစ်ခုတွင် ရခိုင်ပြည်နယ်အတွင်းမှ ပါဝင်ဖြေဆိုသူများက ရခိုင်ပြည်နယ်အတွင်း လုံခြုံမှုအခြေအနေ ဆုတ်ယုတ်လာရခြင်းမှာ "ဥပဒေစိုးမိုးမှုမရှိသည့် အတွက် ကြောင့်" ဟု ဖြေဆိုကြပါသည်။ (ထိုသို့ ဖြေဆိုသူ အရေအတွက်သည် ၂၀၁၅ ခုနှစ် တွင် (၂၄) ရာခိုင်နှုန်း ရှိရာမှ ၂၀၁၆ ခုနှစ်တွင် (၄၁) ရာခိုင်နှုန်းသို့ တိုးမြင့်လာခဲ့ပါသည်။)[18]

ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးကိစ္စများကို ထိရောက်စွာဆောင်ရွက်နိုင်ရန် မရှိမဖြစ် လိုအပ်ချက်ဖြစ်သော ပြည်နယ်အတွင်းရှိ ပြည်သူများ၏ ယုံကြည်မှုနှင့် လေးစားမှုတို့ကိုရရှိရန် မြန်မာ့လုံခြုံရေး တပ်ဖွဲ့များအနေဖြင့် ဝန်ထမ်းကောင်းများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်း များ၊ စံနှုန်းများနှင့်အညီ မိမိတို့၏ လုပ်ငန်းတာဝန်များကို အကောင်းဆုံးကြိုးပမ်း ထမ်းဆောင်နိုင်သူများဖြစ်ရန် လိုအပ်ပါသည်။ လုံခြုံရေးဆိုင်ရာ ဝန်ထမ်းများအနေဖြင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း များအား အကာအကွယ်ပေးရန် လိုအပ်သလို ထိုစည်းကမ်းများနှင့်အညီ မိမိတို့၏ တာဝန်များကို ထမ်းဆောင်သွားရန် လိုအပ်ပါသည်။ ပြည်နယ်အတွင်း ထိရောက်သည့် လုံခြုံမှုရှိစေရန်အတွက် လုံခြုံရေးအဖွဲ့အစည်းတစ်ခုချင်းစီ၏ အခန်းကဏ္ဍနှင့် တာဝန် များကို ရှင်းလင်းစွာသတ်မှတ်ထားခြင်းနှင့် အဆိုပါလုံခြုံရေးအဖွဲ့များ၏ တာဝန် ထမ်းဆောင်မှုအား ကြီးကြပ်စောင့်ကြည့်သွားနိုင်ရေးအတွက် နည်းလမ်းများ ချမှတ် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ပြည်သူများအနေဖြင့် ယနေ့အချိန်အထိ လုံခြုံရေး တပ်ဖွဲ့တစ်ခုချင်းစီ၏ အခွင့်အာဏာနှင့် အမိန့်ညွှန်ကြားချက်များပေးသည့်စနစ် **(Command and Control)** နှင့် လုပ်ပိုင်ခွင့်များအပေါ် သိရှိနားလည်မှု အားနည်း သည်ကို တွေ့ရပါသည်။ ဤအခြေအနေသည် လုံခြုံရေးအဖွဲ့အစည်း အမြောက်အများ တည်ရှိနေသည့် ရခိုင်ပြည်နယ်အတွင်း၌ လုံခြုံရေးဆိုင်ရာ အခြေခံအဆောက်အအုံနှင့် ဖွဲ့စည်းပုံ **(Security Infrastructure)** များ၏ ရှုပ်ထွေးနေမှုကို ညွှန်ပြနေပြီး ပြည်သူ များအကြားတွင် မလိုလားအပ်သည့် ပြဿနာများကို ဖြစ်ပေါ်စေခဲ့ပါသည်။

---

18 *Rakhine State Needs Assessment*, Center for Diversity and National Harmony (CDNH), October 2015; *Rakhine State Needs Assessment II*, Center for Diversity and National Harmony (CDNH), January 2017.

ထိုသို့ ရှုပ်ထွေးစေခြင်း၏ ပထမအချက်မှာ ရခိုင်ပြည်နယ်အတွင်းရှိ လုံခြုံရေးဆိုင်ရာတာဝန်များကို တပ်မတော်၊ နယ်ခြားစောင့် ရဲတပ်ဖွဲ့နှင့် မြန်မာ့ရဲတပ်ဖွဲ့များက ပူးတွဲတာဝန်ယူထားခြင်း ဖြစ်ပါသည်။ ဒုတိယအချက်မှာ နယ်ခြားစောင့်ရဲတပ်ဖွဲ့သည် နယ်စပ်ဒေသတွင်သာ တာဝန်ယူထားခြင်း မဟုတ်ဘဲ နိုင်ငံတကာ နယ်စပ်နှင့်ထိစပ်မှုမရှိသည့် ရသေ့တောင်မြို့နယ်တွင်လည်း တာဝန်ယူထားပါသည်။ တတိယအချက်မှာ နယ်ခြားစောင့် ရဲတပ်ဖွဲ့၏ အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်သည့် လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းများသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ လူဝင်မှုကြီးကြပ်ရေးအရာရှိများ လုပ်ဆောင်ကြရသည့် လုပ်ငန်းတာဝန်များအပြင် တာဝန်အပိုများကို ထမ်းဆောင်နေကြရပါသည်။ ထို့ကြောင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ ရုံးစိုက်ရာဒေသများရှိ ပြည်သူများ အနေဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များလုပ်ဆောင်ရန် ရှိသည့်အခါတိုင်းတွင် တခြားဒေသများတွင် နေထိုင်သူများထက် အလုပ်ပိုများကို လုပ်ဆောင်နေကြရပါသည်။ စတုတ္ထအချက်မှာ အစိုးရတာဝန်ရှိသူများအနေဖြင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့နှင့် မြန်မာရဲတပ်ဖွဲ့များအတွက် မဟာဗျူဟာ များ ချမှတ်သည့်ပုံစံနှင့် ထိုအဖွဲ့နှစ်ဖွဲ့သည် သီးခြားလွတ်လပ်သည့် လုံခြုံရေးအဖွဲ့များဖြစ်သည်- မဖြစ်သည်ဆိုသည်မှာ ရှင်းလင်းမှုမရှိသည်ကိုလည်း တွေ့ရပါသည်။ နောက်ဆုံးအနေဖြင့် ရဲတပ်ဖွဲ့ များအနေဖြင့် မိမိတို့၏လုပ်ငန်းများကို သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းများ၊ စံနှုန်း သတ်မှတ်ချက်များနှင့်အညီ လုပ်ဆောင်မှုရှိ မရှိကို ရှင်းလင်း၍ ပွင့်လင်းမြင်သာမှုရှိသည့် ကြီးကြပ်၊ စိစစ်စောင့်ကြည့်မည့် စနစ်တစ်ရပ် မရှိသည်ကိုလည်း တွေ့ရပါသည်။

## အကြံပြုချက်

၆၅။ ကော်မရှင်အနေဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက် များနှင့်အညီ လူ့အခွင့်အရေး သင်တန်းများပေးနေခြင်းကို ကြိုဆိုပါသည်။ ထိုလူ့အခွင့်အရေး သင်တန်းများကို ပိုမိုတိုးချဲ့ပြုလုပ်သင့်ပါသည်။ လူ့အခွင့်အရေးဘာသာရပ်မှာ လုံခြုံရေး တပ်ဖွဲ့ဝင်များ အမြဲတမ်းတက်ရောက်ရသည့် သင်တန်းများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါရှိသင့်ပါသည်။ ထို့ပြင် အရပ်သားများအား အကာအကွယ်ပေးမှုဆိုင်ရာ သင်တန်းများနှင့် ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းဆိုင်ရာ သင်တန်းများကိုလည်း လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ပြုလုပ်ပေးသင့်ပါသည်။ နိုင်ငံတကာမှ အလှူရှင်များအနေဖြင့် အစိုးရအားအထက်တွင် ဖော်ပြခဲ့သည့်လုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်စေရန် နည်းပညာနှင့် ငွေကြေးအကူအညီများ ပေးသင့်ပါသည်။

၆၆။ မြန်မာအစိုးရအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းဆောင်ရွက်မှုများအား ကြီးကြပ်စောင့်ကြည့်သည့်လုပ်ငန်းစဉ်ကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်သင့်ပါသည်။ ပထမဆုံး မဖြစ်မနေ လုပ်ဆောင်သင့်သည့်ကိစ္စမှာ တကမ္ဘာလုံးရှိ ရဲတပ်ဖွဲ့ဝင်များ ကျင့်သုံးသည့် စနစ်တစ်ခုဖြစ်သော အမည်နှင့် ကိုယ်ပိုင်အမှတ်ပါသော ရင်ထိုးအား အများမြင်နိုင်အောင် တပ်ဆင်ထားရေးကို ဆောင်ရွက်ရန် ဖြစ်ပါသည်။ နောက်ထပ် ဆောင်ရွက်ပေးသင့်သည့်ကိစ္စမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်သူများအား ဂုဏ်သိက္ခာနှင့်အညီ လေးစားစွာဆက်ဆံရေးကို အာမခံနိုင်ရန် ရခိုင်ပြည်နယ်ရှိ စစ်ဆေးရေးစခန်းများအားလုံးတွင် CCTV ကင်မရာများ တပ်ဆင်ထားပေးခြင်းဖြစ်ပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ပြည်သူလူထုအား မတရားငွေညှစ်ခြင်းနှင့် အကြမ်းဖက်ဆက်ဆံခြင်းတို့ဖြင့် မိမိတို့၏အခွင့်အရေးများအား အလွဲသုံးစားပြုခြင်းကို ကာကွယ်နိုင်ရန် ထို CCTV ကင်မရာစနစ်တွင် မှတ်တမ်းတင်သည့် အရာများအားလုံးကို စစ်ဆေးရန်လိုအပ်ပါက စစ်ဆေးနိုင်ရန်အတွက် သိမ်းဆည်းထားရပါမည်။

၆၇။ အစိုးရသည် လုံခြုံရေး တပ်ဖွဲ့ဝင်များအား မိမိတို့၏တာဝန်များကို သတ်မှတ်ထားသည့် စံနှုန်းများနှင့်အညီ ဆောင်ရွက်စေရန် ထိုလုံခြုံရေးတပ်ဖွဲ့ဝင်အား အမြဲတမ်းစောင့်ကြည့် စိစစ်မည့် အဖွဲ့အစည်းတစ်ရပ်ကို ဖွဲ့စည်းသင့်ပါသည်။ ဤအဖွဲ့များအား ပွင့်လင်းမြင်သာမှု ရှိစေရန်အတွက် ရဲအရာရှိမဟုတ်သူများ အပါအဝင် မတူညီသော အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းသင့်ပါသည်။ ထိုအဖွဲ့အနေဖြင့် မိမိတို့၏ တွေ့ရှိချက်များနှင့် ပတ်သက်ပြီး ပြည်သူများသို့ တင်ပြရပါမည်။

၆၈။ အစိုးရသည် ပြည်သူများအနေဖြင့် လုံခြုံရေးအရာရှိများမှ မတရားပြုလုပ်မှုကိုခံရခြင်းနှင့် လိုအပ်သည့်အကူအညီများ မရခြင်းများရှိပါက တိုင်ကြားနိုင်သည့်အဖွဲ့အစည်းတစ်ရပ်ကို နိုင်ငံသားများဖြင့် ဖွဲ့စည်းပေးသင့်ပါသည်။ ထိုအဖွဲ့အစည်းသည် အစိုးရအပေါ် အမှီအခိုကင်းလွတ်ရမည်ဖြစ်ပြီး မိမိတို့၏ စုံစမ်းတွေ့ရှိချက်များကို ပြည်သူတို့တင်ပြရပါမည်။

၆၉။ အစိုးရသည် ရခိုင်ပြည်နယ်ရှိ လုံခြုံရေးဆိုင်ရာ အခြေခံအဆောက်အဦအတွင်း လုပ်ငန်း များလုပ်ကိုင်မှု ပိုမိုရှင်းလင်းမှု ရှိလာစေရေးအတွက် ရဲတပ်ဖွဲ့များအားလုံးကို စုစည်း၍ ရဲချုပ်၏ဦးဆောင်မှုအောက်တွင် တစ်ခုတည်းသော ရဲတပ်ဖွဲ့

အဖြစ် ဖွဲ့စည်းသင့်ပါသည်။ ဥပမာအားဖြင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့အား သီးခြားရဲတပ်ဖွဲ့အဖြစ် ရပ်တည်မှုမပြုဘဲ မြန်မာရဲတပ်ဖွဲ့နှင့် ပေါင်းလိုက်ခြင်းမျိုးဖြစ်ပါသည်။ ဥပဒေချိုးဖောက်သူများအား ဖမ်းဆီးခြင်းနှင့် အကျဉ်းချထားခြင်းများအပါအဝင် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် မိမိတို့တာဝန်များကို ထမ်းဆောင်ရာတွင် ဆောင်ရွက်ချက်များအားလုံးကို သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ဆောင်ရမည် ဖြစ်သကဲ့သို့ သတ်မှတ်ထားသည့် ဥပဒေဘောင်အတွင်းမှ မိမိတို့အား စစ်ဆေးမှုများကိုလည်း ခံယူနိုင်ရပါမည်။

၇၀။ မွတ်ဆလင်အများစုနေထိုင်ရာ ဒေသများတွင် တာဝန်ထမ်းဆောင်ရသော ရဲတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများနှင့် နားလည်မှုမလွဲစေရန်နှင့် ဆက်ဆံရေးများ ကောင်းမွန်လာစေရေးအတွက် ဒေသခံများပြောသော ဘာသာစကားဆိုင်ရာ သင်တန်းများပေးသင့်ပါ သည်။ လတ်တလောအချိန်တွင် လူ့အဖွဲ့အစည်းများဆိုင်ရာ ဆက်သွယ်ရေး အရာရှိ များအား ဘာသာပြန်များအဖြစ် ခန့်အပ်ထားသင့်ပါသည်။

၇၁။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၉) ရက်နေ့တွင် ရခိုင်ပြည်နယ် မြောက်ပိုင်း၌ ဖြစ်ပွား ခဲ့သော နယ်ခြားစောင့် ရဲတပ်ဖွဲ့များအား အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည်အထိ တိုက်ခိုက်ခဲ့မှုများနှင့် နောက်ဆက်တွဲ နယ်မြေရှင်းလင်းရေးများပြုလုပ်ပြီး နောက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့များသည် နယ်မြေရှင်းလင်းရေးများကို လုပ်ဆောင်ရာ၌ လူ့အခွင့်အရေး ချိုးဖောက်မှုများရှိခဲ့သည်ဟု စွပ်စွဲချက်များပေါ်ထွက်ခဲ့ပါသည်။ လူ့အခွင့်အရေးများ ဆိုးဝါးစွာ ချိုးဖောက်မှုများရှိသည်ဟု စွပ်စွဲချက်များရှိနေသည့် အခြေအနေတွင် အစိုးရအနေဖြင့် လွတ်လပ်၍ ဘက်လိုက်မှုကင်းသော စုံစမ်းစစ်ဆေးမှုများ၏ တွေ့ရှိချက်များကိုအခြေခံ၍ လူ့အခွင့်အရေးချိုးဖောက်သူများအား ၎င်းတို့၏ ပြစ်မှုအတိုင်း တာဝန် ယူစေပြီး ထိုက်သင့်သည့်ပြစ်ဒဏ်များကို ပေးသင့်ကြောင်း ကော်မရှင်အနေဖြင့် ကြားဖြတ်အစီရင်ခံစာတွင် ဆိုခဲ့သည့်အတိုင်း ထပ်မံ၍အကြံပြုအပ်ပါသည်။ ကော်မရှင်အနေဖြင့် မောင်တောဒေသအတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်ရပ်များနှင့်ပတ်သက်၍ အစိုးရမှ စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းထားခြင်းကို အသိအမှတ်ပြုပါသည်။ အစိုးရ အနေဖြင့် ထိုကော်မရှင်၏ အစီရင်ခံစာအပြည့်အစုံကို အစောလျင်ဆုံးထုတ်ပြန်ပေးရန် ပန်ကြားအပ်ပါသည်။

## တရားမျှတမှုရရှိရေး

လူ့အဖွဲ့အစည်းများအားလုံးအနေဖြင့် ပြည်နယ်အတွင်း အပြုသဘောဆောင်သည့် ဖြစ်ပေါ်ပြောင်းလဲမှုများ ဖြစ်ပေါ်စေရေးနှင့် လူမျိုးရေးပဋိပက္ခများဖြစ်ပေါ်မှု မရှိစေရေးတို့အတွက် တရားဥပဒေစိုးမိုးမှု အခြေအနေပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်သင့်သည်ဟု ယုံကြည်ကြပါသည်။ သို့ရာတွင် လူ့အဖွဲ့အစည်းများအားလုံးအနေဖြင့် တရားမျှတမှုရှိရေးအတွက် တရားစီရင်ရေးကဏ္ဍရှိ နည်းလမ်းများကိုအသုံးပြု၍ ဆောင်ရွက်နိုင်ရန် ကန့်သတ်ချက်များစွာ ရှိနေပြီး လူ့အဖွဲ့အစည်းများအတွင်း၌ တရား စီရင်ရေးကဏ္ဍအပေါ် ယုံကြည်ကိုးစားမှုသည်လည်း အားနည်းနေပါသည်။ ရခိုင်ပြည်နယ်အတွင်း ကော်မရှင်၏ တွေ့ဆုံဆွေးနွေးပွဲများတွင် အစိုးရအနေဖြင့် ဥပဒေများအသက်ဝင်အောင် မဆောင်ရွက်နိုင်ခြင်းနှင့် ပြည်နယ်အတွင်းရှိ ဥပဒေကို အကောင်အထည်ဖော်သည့်စနစ်အတွင်းရှိ အကျင့်ပျက်မှု များနှင့် ပတ်သက်၍ ကော်မရှင်အားတိုင်တန်းမှုများရှိခဲ့ပါသည်။ လုပ်ပိုင်ခွင့် အလွဲသုံးစားလုပ်မှုများသည် ဒေသတစ်ခုလုံးတွင် ပျံ့နှံ့နေပြီး ရခိုင်နှင့် မွတ်ဆလင် လူ့အဖွဲ့အစည်းများသည် အစိုးရအရာရှိများ၏ နိုင်ထက်စီးနင်း မတရားဆက်ဆံမှုများကို မကြာခဏဆိုသလို ကြုံတွေ့ကြရပါသည်။ ထိုသို့တိုင်ကြားမှုများသည် နယ်ခြားစောင့်ရဲတပ်ဖွဲ့များ တာဝန်ယူရသည့် ဒေသများတွင် အထူးများပြားသည်ကို တွေ့ရပါသည်။

တရားစီရင်ရေးကဏ္ဍအတွင်း၌ တရားမျှတမှုမရှိခြင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်သင့်လုပ်ထိုက်သည့် နည်းလမ်းများနှင့်အညီ လုပ်ဆောင်မှုမရှိခြင်းတို့ကြောင့် ပြည်သူများအနေဖြင့် မိမိတို့ရင်ဆိုင်နေရသည့် ပြဿနာများကို ရပ်မိရပ်ဖများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူးများနှင့် ဘာသာရေး ခေါင်းဆောင်များ၏ ညှိနှိုင်းပေးမှုကို အခြေခံသည့် အလွတ်သဘောနည်းလမ်းများကို အသုံးပြု၍ ဖြေရှင်းကြရပါသည်။ IDP စခန်းများ၌ ပြဿနာများကို ဖြေရှင်းရာတွင် အကျင့်ပျက်မှုများကို ကျူးလွန်သည်ဟု စွပ်စွဲခံထားရသည့် စခန်းစီမံခန့်ခွဲမှု ကော်မတီဝင်များ ပါဝင်နေသည်ကိုလည်း တွေ့ရပါသည်။ အစိုးရအဆက်ဆက်သည် လူ့အဖွဲ့အစည်းအသီးသီးအား ၎င်းတို့ရပိုင်ခွင့်ရှိသည့် အခွင့်အရေးများနှင့်ပတ်သက်၍ ပညာပေးမှုများပြုလုပ်ပေးမှု မရှိခဲ့ခြင်းကြောင့် လူ့အဖွဲ့အစည်းအားလုံးအတွင်း၌ ဥပဒေအား သေချာစွာနားလည်သဘောပေါက်မှု မရှိသည်ကို တွေ့ရပါသည်။ အစိုးရတာဝန်ရှိသူ အများစုအနေဖြင့် ပြည်သူများအကြားတွင် ဥပဒေအား နားလည်သဘောပေါက်မှု မြင့်တက်လာစေလိုသော်လည်း ထိုသို့ဖြစ်လာအောင် ဆောင်ရွက်ရန်အတွက် လိုအပ်သည့်လုပ်နိုင်စွမ်းနှင့် ရန်ပုံငွေမရှိခြင်းစသည့် အတားအဆီးများနှင့် ကြုံတွေ့နေရပါသည်။

## အကြံပြုချက်များ

၇၂။ မြန်မာအစိုးရ အနေဖြင့် ရခိုင်ပြည်နယ် တရားစီရင်ရေးကဏ္ဍရှိ ဝန်ထမ်းများအတွက် တရားဥပဒေစိုးမိုးရေးနှင့် သက်ဆိုင်သော အခြေခံမူများနှင့် လုပ်ထုံးလုပ်နည်း ဆိုင်ရာ သင်တန်းများ၊ မျှတသည့် တရားစီရင်ရေး၊ တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်း မြင်သာမှုဆိုင်ရာ သင်တန်းများ၊ ညှိနှိုင်းဖြေရှင်းရေးဆိုင်ရာ မူဝါဒသင်တန်း (Mediation Principles)၊ ကျား/မကွဲပြားမှုနှင့် ပတ်သက်သည့် အမြင်ဖွင့် (Gender Sensitivity) သင်တန်းများ၊ ကျား/မ တန်းတူညီမျှမှု သင်တန်း၊ တရားစီရင်ရေးနှင့် သက်ဆိုင်သော နိုင်ငံတကာစံနှုန်းများနှင့်ပတ်သက်၍ သင်တန်းများကို ပေးသင့်ပါသည်။

၇၃။ အစိုးရသည် တရားဥပဒေ စိုးမိုးရေးဆိုင်ရာဌာန (Rule of Law Center) တစ်ခုကို စစ်တွေမြို့တွင် တည်ထောင်သင့်ပါသည်။ ထိုဌာနမှ ဝန်ထမ်းများအား ရခိုင်တပြည်နယ်လုံးတွင် အတားအဆီးမရှိ လွတ်လပ်စွာ သွားလာခွင့်ပြု သင့်ပါသည်။ ဤဌာနအနေဖြင့် တရားစီရင်ရေးကဏ္ဍမှ ဝန်ထမ်းများအား အထက်တွင်ဖော်ပြခဲ့သည့် သင်တန်းများပေးခြင်း၊ ပြည်သူများ ဥပဒေကို နားလည်သဘောပေါက်မှုများ မြင့်တက်လာစေရေးအတွက် ဥပဒေအသိ မြှင့်တင်ရေးလှုပ်ရှားမှုများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

၇၄။ အစိုးရသည် အောက်ပါကိစ္စရပ်များကို ပြည်သူများသိရှိအောင် ဆောင်ရွက် သင့်ပါသည်။

- အုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်သည့်ပုံစံနှင့် အုပ်ချုပ်ရေး ကိစ္စရပ်များကို တာဝန်ယူသည့် အစိုးရဌာနများနှင့်သက်ဆိုင်သော သတင်းအချက်အလက်များ
- အစိုးရအဖွဲ့အတွင်း လက်ရှိကျင့်သုံးနေသည့် ကြီးကြပ်စောင့်ကြည့်မှုစနစ်နှင့် ပြည်သူများအနေဖြင့် လုပ်ပိုင်ခွင့်အလွဲသုံးစားလုပ်သည့် ဝန်ထမ်းများကို မည်သို့ တိုင်ကြားနိုင်သည့် နည်းလမ်းများနှင့် ပတ်သက်သည့် ယေဘုယျသုံးသပ်ချက်များ
- အစိုးရ၏ ဝန်ဆောင်မှုများအတွက် သတ်မှတ်ထားသည့် အခကြေးငွေနှင့် ထိုဝန်ဆောင်မှုအတွက် ကြာမြင့်သည့်အချိန်နှင့် ပတ်သက်သည့် အချက်အလက်များ

၇၅။ ဘက်လိုက်မှု (သို့) အဂတိလိုက်စားမှုများဖြင့် စွပ်စွဲခံထားရသော ဒေသအတွင်းရှိ အစိုးရမှတာဝန်ရှိသူများ၊ တရားစီရင်ရေး ကဏ္ဍမှ ဝန်ထမ်းများနှင့် အခြား တရားစီရင်ရေး လုပ်ငန်းများကို ဆောင်ရွက်သည့်ဌာနများမှ ဝန်ထမ်းများ အနေဖြင့် ထိုပြစ်မှုများကို အမှန်တကယ် ကျူးလွန်ခဲ့သည်ဆိုပါက ၎င်းတို့အား စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများကို ပြုလုပ်သင့်ပါ သည်။

## ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးမှု

ရခိုင်ပြည်နယ်သည် သမိုင်းကြောင်း၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးရှိသည့်နေရာများအပြားရှိသည့် ဒေသတစ်ခုဖြစ်ပါသည်။ ၎င်းတို့အနက် ရခိုင်လူမျိုးတို့၏ အထင်ရှားဆုံးသမိုင်းနှင့် ယဉ်ကျေးမှုအစဉ်အလာ ပြယုဂ်အဖြစ် သတ်မှတ်ခံထားရသည့် မြောက်ဦးမြို့မှ စေတီပုထိုးများသည် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ဒေသတစ်ခုအဖြစ် သတ်မှတ်ပေးရန် တင်ပြထားသည့် ယူနက်စ်ကို၏ "ယာယီစာရင်း" (Tentative List) တွင် ၁၉၉၆ နှစ်မှစ၍ ပါဝင်ခဲ့ပါသည်။ ကော်မရှင်၏ ကြားဖြတ် အစီရင်ခံစာတွင် မြန်မာအစိုးရအနေဖြင့် မြောက်ဦးမြို့အား ယူနက်စ်ကို၏ ကမ္ဘာ့အမွေအနှစ်ဒေသတစ်ခုအဖြစ် သတ်မှတ်ပေးရေးအတွက် လျှောက်ထားသည့် ဒေသဖြစ်ကြောင်းကို တရားဝင် ကြေညာရန်နှင့် မြောက်ဦးမြို့အား ထိုသို့သတ်မှတ်ခံရရေးအတွက် လိုအပ်သည်များကို လုပ်ဆောင် သွားရန် အကြံပြုတိုက်တွန်းခဲ့ပါသည်။ အစိုးရသည် ဤကိစ္စနှင့် ပတ်သက်၍ ဆက်လက်လုပ်ဆောင် သွားနိုင်ရန်အတွက် ယူနက်စ်ကိုနှင့် တခြားအကူအညီပေးလိုသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်နေပြီးဖြစ်ပါသည်။

## အကြံပြုချက်များ

၇၆။ မြန်မာအစိုးရသည် မြောက်ဦးအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံနိုင်ရေး အတွက် ယူနက်စ်ကိုနှင့် တခြားနိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားသင့်ပါသည်။

၇၇။ အစိုးရသည် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းအားလုံးအတွက် သမိုင်းကြောင်း၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များကို စာရင်းပြုစု၍ ကာကွယ်ထိန်းသိမ်းမှုများ ပြုလုပ်သင့်ပါသည်။ ထိုစာရင်းတွင် ဦးရဲကျော်သူ ဘုန်းကြီးကျောင်း (U Ye Kyaw Thu Monastery)၊ စိန့်မတ်(ခ်) အင်္ဂလီကန်ဘုရားကျောင်း (St. Mark Anglican Church)၊ ရှရီမိုဟာဒီဘာရီ ဟိန္ဒူဘုရားကျောင်း (Sari Moha Dev Bari Hindu Temple)၊ ဘာဒါ မက်ကာဆူဖီ ဝတ်ပြုသည့် အဆောက်အအုံ (Badar Makkar Sufi Shrine) နှင့် တခြားယဉ်ကျေးမှုဆိုင်ရာ အရေးကြီးသည့် အဆောက်အအုံများ ပါဝင်ပါသည်။

## နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး

ရခိုင်ပြည်နယ်အတွင်း ကြုံတွေ့နေရသည့် စိန်ခေါ်မှုများအား ကိုင်တွယ်ဖြေရှင်းသွားနိုင်ရန် မြန်မာ နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြားတွင် ခိုင်မာကောင်းမွန်သည့် ဆက်ဆံရေးရှိရန် လိုအပ်ပါသည်။ ၂၀၁၆ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပြီး နောက်ပိုင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသမှ မွတ်ဆလင် ထောင်ပေါင်းများစွာတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခိုလှုံခဲ့သည်ကို ကြည့်ခြင်းအားဖြင့် တစ်နိုင်ငံတွင် ဖြစ်ခဲ့သည့် အဖြစ်အပျက်တစ်ခုသည် တခြားနိုင်ငံပေါ်သို့ ကြီးမားသော အကျိုးသက်ရောက်မှု ရှိနိုင်သည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ကြီးမားသော လိုအပ်ချက်များသည် နှစ်နိုင်ငံလုံး၏ နယ်စပ်ဒေသများတွင် ရှိသကဲ့သို့ နှစ်နိုင်ငံလုံးအကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ရန် အခွင့်အလမ်း များလည်း ရှိနေပါသည်။

ပြီးခဲ့သည့် နှစ်အတွင်းက နှစ်နိုင်ငံဆက်ဆံရေးများခိုင်မာအောင် ဆောင်ရွက်ချက်များကို တွေ့မြင် ခဲ့ရပါသည်။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် အောင်ဆန်းစုကြည် နှင့် ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာစီနာ **(Sheikh Hasina)** တို့ နယူးယောက်မြို့တွင်ကျင်းပသည့် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ တွေ့ဆုံခဲ့ကြပါသည်။ ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်က ၎င်း၏ နိုင်ငံခြားရေးဝန်ကြီး ရှာဟီဒါဟက် **(Shahidul Haque)** ကို သူမ၏ အထူးသံတမန်အဖြစ် အောင်ဆန်းစုကြည်အား တွေ့ဆုံရန် နေပြည်တော်သို့ စေလွှတ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီး ဦးကျော်တင်သည် ဒါကာမြို့သို့ သွားရောက် ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် မြန်မာ့အမျိုးသားလုံခြုံရေး အကြံပေး ဦးသောင်းထွန်းသည်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခဲ့ပါသည်။

နှစ်နိုင်ငံအကြား အရေးကြီးကိစ္စရပ်များနှင့်ပတ်သက်၍ အစီအစဉ်များကို ပုံမှန် စနစ်ကျသည့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းဖြင့် ဆက်ဆံရေးများကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်သွားနိုင်ပါသည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်သည့် ကိစ္စရပ်များ အများအပြားရှိပါသည်။ ထိုကိစ္စရပ်များတွင်-အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများ၊ ကုန်သွယ်ရေးမြှင့်တင်မှု၊ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုများအား စီမံခန့်ခွဲခြင်း၊ **IDP** နှင့် ဒုက္ခသည်စာရင်းများ ပြုစုခြင်း၊ ဒုက္ခသည်များ မိမိတို့ ဆန္ဒအလျောက် နေရပ်သို့ပြန်လာခြင်း၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါး မှောင်ခိုမှုများ ကာကွယ်တားဆီးရေး၊ ရာသီဥတုပြောင်းလဲမှုများ၊ အကြမ်းဖက်အစွန်းရောက်မှုများကို

ကာကွယ် တားဆီးရေးအတွက် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပါဝင်ပါသည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ အဆိုပါကိစ္စရပ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ကမ်းလှမ်းချက်များကို အမြန်ဆုံးလက်ခံသင့်ပါသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့အကြားတွင် နှစ်နိုင်ငံနယ်စပ်တွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့်ပတ်သက်၍ ကွဲပြားသည့်ပြောဆိုမှုများ ရှိကြပါသည်။ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက်သို့ ထွက်ပြေးဝင်ရောက်မှုများရှိသော်လည်း မြန်မာနိုင်ငံသား အများစုအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများရှိသည်ဟု ထင်မြင်ကြပါသည်။ ရခိုင်ပြည်နယ်အတွင်း လူ့အဖွဲ့အစည်းများ၏ မူလဇစ်မြစ်နှင့် လူဦးရေတိုးနှုန်းတို့နှင့်ပတ်သက်သည့် သမိုင်းကြောင်းများကို မတူညီသောအမြင်များဖြင့် ရေးသားထားခြင်းလည်း ရှိပါသည်။ နှစ်နိုင်ငံခေါင်းဆောင်များအကြားနှင့် ပြည်သူများအကြား အပြန်အလှန်နားလည်မှုရှိလာရေးကို ဦးတည်သည့် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်၍ ထိုကွဲပြားခြားနားမှုများကို နည်းပါးသွားအောင် ဆောင်ရွက်သွားနိုင်ပါသည်။

ပူးပေါင်းဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံလုံးအတွက် အကျိုးရှိသည့် လုပ်ဆောင်မှုဖြစ်ပါသည်။ ကုန်သွယ်ရေးမြင့်တင်ခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုပေါ်ပေါက်လာမည်ဖြစ်ပါသည်။ မူးယစ်ဆေးဝါးစီးဆင်းမှုများကိုလည်း တားဆီးသွားရန် လိုအပ်ပါသည်။ ပို၍အရေးကြီးသည့် ကိစ္စရပ်မှာ နယ်စပ်ဒေသလုံခြုံရေး စီမံခန့်ခွဲမှုအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန် လိုအပ်ခြင်း ပင်ဖြစ်ပါသည်။

## အကြံပြုချက်များ

၇၈။ မြန်မာအစိုးရသည် ကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာတွင် အကြံပြုခဲ့သည့်အတိုင်း နှစ်နိုင်ငံဆက်ဆံရေး၊ နှစ်နိုင်ငံကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် နှစ်နိုင်ငံလုံးအတွက် အကျိုးရှိသည့် အခွင့်အလမ်းများကို ဆွေးနွေးသွားနိုင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ပူးတွဲကော်မရှင်ဖွဲ့စည်းသွားရန် ရည်ရွယ်ချက်ရှိကြောင်း ထုတ်ဖော်ပြောကြားခြင်းကို ကြိုဆိုပါသည်။ ဤပူးတွဲကော်မရှင်သည် အနည်းဆုံး လေးလတစ်ကြိမ်တွေ့ဆုံ၍ နှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်ရေး၊ အခြေခံအဆောက်အဦဖွံ့ဖြိုးရေးကို ဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ပြည်သူများအကြား ထိတွေ့မှုရှိရေး၊ တရားမဝင်နယ်စပ်ဖြတ်ကျော်သူများ ကိုင်တွယ်ဖြေရှင်းရေး၊ ဒုက္ခသည်နှင့် IDP များ စာရင်းပြုစုရေး၊ ဒုက္ခသည်များ မိမိတို့သဘောဆန္ဒ

အလျောက် ပြန်လာနိုင်ခွင့်ရရှိရေး၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးမှောင်ခို ရောင်းဝယ်မှုကို တိုက်ဖျက်ရေး၊ အကြမ်းဖက်အစွန်းရောက်များအား ချေမှုန်းသွားနိုင်ရန် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးတိုင်ပင်၍ ဖြေရှင်းသွားသင့်ပါသည်။

၇၉။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့သည် နိုင်ငံတကာစံနှုန်းများနှင့်အညီ ပူးတွဲစိစစ်ရေးများ ပြုလုပ်ပြီး လိုအပ်သည့် နိုင်ငံတကာအကူအညီများကို ရယူကာ ဒုက္ခသည်များ မိမိတို့သဘောဆန္ဒအရ နေရပ်ပြန်နိုင်ရေးကို ဆောင်ရွက်ပေးသင့်ပါသည်။

၈၀။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ထွက်ပြေးတိမ်းရှောင်သွားသည့် ဒုက္ခသည်များ ဘင်္ဂလားဒေ့ရှ်မှ ပြန်လာသောအခါ မြန်မာအစိုးရမှ ထိုသူများအတွက် လုံခြုံစွာနေထိုင်နိုင်မည့် ပတ်ဝန်းကျင် တစ်ခုကို ဖန်တီးပေးသင့်ပါသည်။ အစိုးရသည် လိုအပ်ပါက နေအိမ်များ အဖျက်ဆီးခံရသူများအတွက် နေထိုင်စရာနေရာများ ပြန်လည်တည်ဆောက်နိုင်ရန်အတွက် အကူအညီများ ပေးသင့်ပါသည်။

၈၁။ မောင်တောမြို့၌ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများကို ထောက်ရှုခြင်းအားဖြင့် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် နယ်စပ်ဒေသ စီမံခန့်ခွဲမှုတို့အတွက် ပူးပေါင်းဆောင်ရွက်သွားရန် အရေးတကြီးလိုအပ် နေပါသည်။ လုံခြုံရေးနှင့် နယ်စပ်ရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများသည် ကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာ ထုတ်ပြန်ခဲ့သည့်အချိန် နောက်ပိုင်းတွင် သိသာထင်ရှားစွာ တိုးတက်မှုများရှိလာသည်ကို ကော်မရှင်မှ မှတ်သားရပါသည်။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လေးနက်စွာလုပ်ဆောင်နေမှုများအား တရားဝင်ဖြစ်လာစေမည့် သဘောတူစာချွန်လွှာ သုံးစောင်အား အပြီးသတ်လုပ်ဆောင်နိုင်သည့် အချက်သည်လည်း နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ သိသာထင်ရှားစွာ တိုးတက်မှုရှိသည်ကို ညွှန်ပြနေပါသည်။ ကော်မရှင်အနေဖြင့် လက်ရှိဆောင်ရွက်နေမှုများကို ဆက်လက်၍ အရှိန်အဟုန်တိုးမြှင့်၍ လုပ်ဆောင်သွားသင့်ကြောင်းနှင့် သဘောတူစာချွန်လွှာများကို အမြန်ဆုံး အကောင်အထည်ဖော်သွားသင့်ကြောင်း ဆန္ဒပြုပါသည်။

၈၂။ ကော်မရှင်အနေဖြင့် ပူးတွဲကုန်သွယ်ရေးကော်မရှင်၏ ဆောင်ရွက်ချက်များကို အသိအမှတ် ပြုပါသည်။ အစိုးရများကိုလည်း နှစ်နိုင်ငံအကြား ကုန်သွယ်မှု အလျင်အမြန်တိုးတက် အောင် ဆောင်ရွက်သွားရန် တိုက်တွန်းလိုပါသည်။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် အစိုးရအနေဖြင့် နှစ်နိုင်ငံအတွင်းရှိ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ အကြံဉာဏ်များပေးသည့်အဖွဲ့များ (Think Tanks)၊ ပညာရှင်များနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြားတွင် အပြန်အလှန်နားလည်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်မားလာစေရန်အတွက် အပြန်အလှန် ထိတွေ့ဆွေးနွေးဖလှယ်ခြင်းများကိုပြုလုပ်ရန် အားပေးဆောင်ရွက်သင့်ပါသည်။

## ဒေသအတွင်းရှိ နိုင်ငံများနှင့် ဆက်ဆံရေး

မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသော စိန်ခေါ်မှုများကို နိုင်ငံ၏ ပြည်တွင်း ပြဿနာတစ်ခုအဖြစ် သတ်မှတ်ပါသည်။ သို့သော် မြန်မာ၏ အိမ်နီးနားချင်း နိုင်ငံများသည် ရခိုင်ပြည်နယ်မှ လူအများအပြားကို လက်ခံထားရသည့်အတွက် ရခိုင်ပြည်နယ်အရေးကို စိတ်ဝင်စားမှု ရှိကြပါသည်။ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းဝင်ရောက်လာသူများသည် အရှေ့တောင်အာရှဒေသအတွင်း၌ မတည်ငြိမ်မှုများ ဖြစ်စေခဲ့ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်း၌ ကြိုးပမ်းဆောင်ရွက်မှုများကို ပိုမိုပြီးပြည့်စုံ၍ အထောက်အကူပြုနိုင်သော ဒေသတစ်ခုလုံးကို ခြုံငုံမိသည့်အဖြေများကို ရှာဖွေသွားရန် အရေးတကြီးလိုအပ်ပါသည်။ မကြာမီအချိန်အတွင်းက ဒေသအတွင်း၌ ရခိုင်အရေးနှင့်ပတ်သက်၍ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း အစိုးရသည် အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (ASEAN) မှ နိုင်ငံခြားရေးဝန်ကြီးများအား ဖိတ်ကြား၍ ရခိုင်အရေး ရှင်းလင်းတင်ပြခဲ့သည့် အစည်းအဝေး (Retreat) မျိုး ဖြစ်ပါသည်။ မြန်မာအစိုးရအနေဖြင့် မိမိတို့၏ ရခိုင်ပြည်နယ်နှင့် ပတ်သက်သည့် မူဝါဒများနှင့် စီမံချက်များကို ASEAN အဖွဲ့ဝင်များ ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်စေရေးအတွက် ASEAN ဒေသအတွင်းရှိ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်၍ လုပ်ဆောင်သွားသင့်ပါသည်။

## အကြံပြုချက်များ

၈၃။ ကော်မရှင်သည် မြန်မာနိုင်ငံအစိုးရကို ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော အခြေ အနေများနှင့် ပတ်သက်သည့် ကျယ်ပြန့်သော ကိစ္စရပ်များနှင့် ဒေသအတွင်း အကျိုးသက်ရောက်မှုရှိနိုင်သည့် အကြောင်းအရာကိစ္စရပ်များအား ASEAN အဖွဲ့ဝင်နိုင်ငံများကို ပုံမှန်ရှင်းလင်းဆွေးနွေးရန် ထပ်မံတိုက်တွန်းအပ်ပါသည်။ မြန်မာအစိုးရအနေဖြင့် ရခိုင် ပြဿနာအား အိမ်နီးချင်းနိုင်ငံများနှင့် ဆက်လက်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် အထူးသံတမန် ဆက်လက်ထားရှိသင့်ပါသည်။

၈၄။ မြန်မာ အစိုးရသည် အိမ်နီးနားချင်း နိုင်ငံများမှ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော အခြေအနေများအပေါ် စိတ်ဝင်စားမှုရှိသည်ကို အသိအမှတ်ပြု၍ ဒေသအတွင်းကျင်းပသည့် ဆွေးနွေးပွဲများတွင် ရခိုင်အရေးနှင့်ပတ်သက်သည့် ပွင့်လင်းသော ဆွေးနွေးမှုများကို အပြည့်အဝလုပ်ဆောင်သွားနိုင်ရန် ခွင့်ပြုသင့်ပါသည်။

# ကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု

မြန်မာအစိုးရအနေဖြင့် ရခိုင်ပြည်နယ်၏ ထူးခြားသော လိုအပ်ချက်များနှင့်ပတ်သက်၍ ဆောင်ရွက်သင့် သည်များကို ဆောင်ရွက်နိုင်ရန် မဟာဗျူဟာများ၊ စီမံချက်များနှင့် ပူးပေါင်းစုစည်းညှိနှိုင်းဆောင်ရွက်နိုင်ရေး နည်းလမ်းယန္တရားများကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ ယခင်အစိုးရသည် ရခိုင်ပြည်နယ် စီမံချက်တစ်ရပ်ကိုအချိန်ယူ၍ ဖော်ဆောင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ မေလတွင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လုပ်ငန်းကော်မတီလေးရပ်ပါဝင်သော ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် ရခိုင်ပြည်နယ်အတွင်း ယခင်က အကောင်အထည်ဖော်ခဲ့သည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များမှ ရရှိခဲ့သည့် သင်ခန်းစာများကို ထည့်သွင်းစဉ်းစားမှုများပြုလုပ်ရန် အရေးကြီးပါသည်။ ယခင်နှင့် လက်ရှိအစိုးရ အဖွဲ့နှစ်ရပ်လုံးသည် သက်ဆိုင်သည့် ဝန်ကြီးဌာနများဖြင့် စုပေါင်းဖွဲ့စည်းထားသည့် ကော်မတီကိုဖွဲ့စည်း၍ မူဝါဒများကို ပူးပေါင်းညှိနှိုင်း အကောင်အထည်ဖော်ဆောင်မှုများ ပြုလုပ်ကြ ပါသည်။ သို့သော် ရခိုင်ပြည်နယ်အတွင်းရှိ စိန်ခေါ်မှုများသည် အလွန်ပင်ကြီးမားသည့်အတွက် ရခိုင်ပြည်နယ်ကိစ္စရပ်များကို တာဝန်ယူဆောင်ရွက်ရမည့် ဝန်ကြီးအဆင့် တာဝန်ခံတစ်ဦးထားရှိရန် လိုအပ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် ချမှတ်ထားည့် ဆုံးဖြတ်ချက်များနှင့် ပြည်နယ်အတွင်းရှိ ဒေသဆိုင်ရာဝန်ထမ်းများ၏ အကောင်အထည်ဖော်မှုတို့အကြားတွင် ကွာဟချက်များ ရှိနေခြင်းသည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို အချိန်တိုင်း ကူညီပံ့ပိုးနိုင်မည့် အထောက်အကူပြုအဖွဲ့ (Secretariat) ကို ဖွဲ့စည်းရန် လိုအပ်နေသည်ကို ညွှန်ပြနေပါသည်။

ဆွေးနွေးတိုင်ပင်သင့်သူများ၊ အထူးအားဖြင့် ရခိုင်ပြည်နယ်ရှိ အကြီးဆုံးလူ့အဖွဲ့အစည်း နှစ်ရပ်လုံးမှ ကိုယ်စားလှယ်များနှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်သွားရန်မှာ အလွန်ပင် အရေးကြီးပါသည်။ ထိုသို့သော ဆွေးနွေးတိုင်ပင်မှုများအား အတိုင်းအတာတစ်ခုထိ ပြုလုပ်ခဲ့ပြီးလည်း ဖြစ်ပါသည်။ သို့ရာတွင် ကိုယ်စားလှယ်များ ပိုမိုပါဝင်နိုင်အောင် ဆောင်ရွက်ခြင်း၊ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ် ခြင်းနှင့် ဆွေးနွေးသည့် အကြောင်းအရာများ တပြေးညီဆက်စပ်မှုရှိခြင်းတို့ကို ဆောင်ရွက်နိုင်လျှင် ထိုဆွေးနွေးတိုင်ပင်မှုများသည်

ပြည်နယ်အတွက် ပိုမိုအကျိုးရှိစေပါမည်။ ပြည်သူနှင့် လူ့အဖွဲ့အစည်းများ၏ ထောက်ခံမှု မရှိလျှင် ကော်မရှင်၏ အကြံပြုချက်များအား အကောင်အထည်ဖော်ရာတွင် ပြင်းထန်သည့် အတားအဆီးများနှင့် ဆက်လက်ကြုံတွေ့နေရမည်ဖြစ်ပါသည်။

နိုင်ငံတကာမှ ရခိုင်အရေးနှင့်ပတ်သက်၍ စိတ်ပါဝင်စားသူများနှင့် ပါဝင်ဆောင်ရွက် လုပ်ကိုင်လိုသူများသည် ရခိုင်ပြည်နယ်၏ ထိလွယ်ရှလွယ်ရှိသော အခြေအနေများနှင့် ကန့်သတ်ချက်များကို နားလည်အောင် ကြိုးစားသင့်ပါသည်။ အစိုးရအနေဖြင့်လည်း ပြည်တွင်း NGO များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နှစ်နိုင်ငံအစိုးရများပါဝင်သည့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သင့်သူများနှင့် ပိုမိုကျယ်ပြန့်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်သင့်ပါသည်။

## အကြံပြုချက်များ

၈၅။ ကော်မရှင်၏ အကြံပြုချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်နိုင်ရန်အတွက် ရခိုင်ပြည်နယ်နှင့်ပတ်သက်သည့် မူဝါဒများအား ညှိနှိုင်းပေါင်းစပ်ပေးသည့် တာဝန်ကိုသာယူရသည့် ဝန်ကြီးအဆင့် တာဝန်ခံ တစ်ဦး ခန့်အပ်ရန်လိုအပ်ပါသည်။ ဤခန့်အပ်မှုကို အစကနဦးတွင် တစ်နှစ် သက်တမ်းအတွက် ခန့်အပ်သင့်ပါသည်။ ထိုခန့်အပ်ခံရသည့် တာဝန်ခံသည် အစီရင်ခံစာကို ပြည်သူများသို့ လေးလတစ်ကြိမ် ထုတ်ပြန်တင်ပြသင့်ပါသည်။

၈၆။ ဤတစ်နှစ်တာ ကာလအတွက် ခန့်အပ်သည့် ဝန်ကြီးအဆင့်ရှိသည့် တာဝန်ခံ သည် လုပ်ငန်းများကို ထိရောက်စွာလုပ်ဆောင်နိုင်စေရန်အတွက် လုံလောက် သည့် ဝန်ထမ်းအင်အားဖြင့် ဖွဲ့စည်းထားသည့် အထောက်အကူပြုအဖွဲ့ (Secretariat) မှ လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရပါမည်။ ဤအထောက်အကူပြုအဖွဲ့သည် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ အစိတ်အပိုင်း တစ်ခုလည်း ဖြစ်ရမည်ဖြစ်ပြီး ဗဟိုကော်မတီ၏ လုပ်ငန်းများကိုလည်း အထောက်အပံ့ပြုရပါမည်။ ဤအထောက်အကူပြုအဖွဲ့သို့ အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာ အစိုးရဌာနမှ ခေတ္တပြောင်းရွှေ့တာဝန်ပေးထားသော ဝန်ထမ်းများနှင့် ရခိုင်ပြည်နယ် လူ့အဖွဲ့အစည်းများ၏ ကွဲပြားခြားနားမှုကို ကိုယ်စားပြုနိုင်သည့် လူပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်ပါသည်။

၈၇။ အထောက်အကူပြုအဖွဲ့မှ ဝန်ထမ်းများသည် မိမိတို့၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ရခိုင်ပြည်နယ်အတွင်းရှိ လူ့အဖွဲ့အစည်းများနှင့် တိုင်ပင်ညှိနှိုင်းမှုများကို အမြဲတစေပြုလုပ်နေသင့်ပါသည်။

၈၈။ အထောက်အကူပြုအဖွဲ့သည် ကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့်နည်းပညာနှင့် ရန်ပုံငွေများရရှိရန်အတွက် ညှိနှိုင်းစီမံခန့်ခွဲမှုများကို ဆောင်ရွက်သင့်ပါသည်။

ADVISORY COMMISSION ON
RAKHINE STATE